
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၀၄၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၀၄၀၅၀၇
ထုတ်ဝေသူ - ဦးချစ်ညွန့်
ဇင်ရဟာနာစာပေ
အမှတ် (၂၀၅)က/၄လမ်း၊
မြို့သစ်(က+ခ)ရပ်ကွက်
အင်းစိန်၊ ရန်ကုန်။
ပုံနှိပ်/အဖုံးရိုက် - ဦးတင်မောင်ဝင်း
(၀၅၉၄၆)
သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် (၁)၊
ဗိုလ်ရာညွန့်လမ်း၊
ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။
စီစဉ်သူ - မောင်တင်ဌေး
မျက်နှာဖုံးပန်းချီ - ထွန်းအောင်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၆၀၀ ကျပ်
ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၀၅


www.burmeseclassic.com

www.burmeseclassic.com

ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော အနန္တငါးပါး အား
ဦးထိပ်ထားလျှက်...

ရွှေဟင်္သာ
စာပေ

(ရွှေဟင်္သာ)
အမှတ်(၅)၊ ဘယသုခ္ခိလမ်း၊ ကျောက်မြောင်း၊
တာမွေ၊ ရန်ကုန်မြို့။



၁၉၃၆ ခုနှစ်အချိန်ကာလ...

## အခန်း (၁)

## "ထူးဆန်းသည့်သတင်းတစ်ပုဒ်"

တစ်နေ့သ၌...

ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနှံ့သာမင်းမောင်တို့သည် လူလေးစံအိမ်ပိုင်ရှင် ဦးအောင်စိုး၊ ဒေါ်ခင်လေးသီတို့အိမ်မှအပြန် လမ်းလျှောက်လာခဲ့ကြ၏။

ညနေချမ်းအချိန်ကာလဖြစ်နေသည့်အတွက် လေနုအေးများသည် ခပ်ပါးပါးတိုက်ခတ်လျက်ရှိနေပေ၏။ စိတ်များသည် လွန်စွာလန်းဆန်းလျက်ရှိပေ၏။ အချိန်တိုင်း အလုပ်များနှင့်သာ အချိန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

နေရသည့်အတွက် ထိုကဲ့သို့ အေးဆေးစွာ လမ်းလျှောက်ရန် မကြုံခဲ့ရသည်မှာ နှစ်အတန်ကြာလှပြီဟု ထင်နေကြပေ၏။

စုံနံ့သာမင်းမောင်သည် စိတ်အေးချမ်းစွာ လမ်းလျှောက်ရန် ကျွန်ုပ်အား ပြောခဲ့ဖူးသည်မှာ အကြိမ်ကြိမ်ပင် ရှိနေပေမယ့် ထိုကဲ့သို့ အခွင့်အရေးမရအောင် ဖြစ်နေပေ၏။ အချိန်နှင့်အမျှ အလုပ်များနေတတ်ပေ၏။

ကျွန်ုပ်တို့သည် ထန်းပင်လမ်းမအတိုင်း လမ်းလျှောက်လျက် ရှိနေ၏။

"အခုလို သဘာဝလေကို မခံစားရတာ ကြာခဲ့ပါပေါ့လား ကိုအောင်သိန်းရာ"

"ကျုပ်လဲ ခင်ဗျားလိုပဲ ကိုမင်းမောင်၊ အလုပ်ကများငွန်းလို့ တစ်ခါတလေ တစ်နေရာကိုထွက်သွားချင်သားဗျာ"

"ဒီခြေရာကို ကြည့်စမ်း ကိုအောင်သိန်း"

ကျွန်ုပ်သည် ခေါင်းလေးတစ်ချက်ငုတ်၍ကြည့်လိုက်မိ၏။ စုံနံ့သာမင်းမောင် ပြလိုက်သည့်ခြေရာသည် ခြေရာစစ်စစ်ပုံစံနှင့်မတူ တစ်မျိုးဖြစ်နေပေ၏။ ကျွန်ုပ်နားမလည်စွာနှင့် စုံနံ့သာမင်းမောင်အား ကြည့်လိုက်၏။

"ကျုပ်သေချာကြည့်တယ် ကိုမင်းမောင်၊ လူတစ်ယောက်





ရဲ့ ခြေရာမဟုတ်ဘူး။ ခင်ဗျားပြောသလို လူတစ်ယောက်ရဲ့ခြေရာလို့ပြောရရင်တောင် ကလေးငယ်တစ်ယောက်ရဲ့ခြေရာပဲ ဖြစ်ရမယ်ဗျာ"

"ခင်ဗျားပြောသလို ကလေးတစ်ယောက်ရဲ့ ခြေရာမဟုတ်ဘူး ကိုအောင်သိန်း၊ အဲဒီခြေရာပိုင်ရှင်ဟာ အသက်ငါးဆယ်ကျော် အမျိုးသမီးတစ်ယောက်ရဲ့ခြေရာပဲ ဖြစ်ရမယ်ဗျာ"

"အဲဒါဆို မြန်မာလူမျိုးတစ်ယောက်ရဲ့ခြေရာတော့ မဖြစ်နိုင်ဘူးဗျာ"

"ဒါဆို ခင်ဗျား မဆိုးဘူး ကိုအောင်သိန်း၊ အဲဒီခြေရာဟာ တရုတ်ခြေသေးလူမျိုးတစ်ယောက်ရဲ့ ခြေရာတွေပဲ ကိုအောင်သိန်း။ အဲဒီလူရဲ့ဘေးမှာ နောက်ထပ်ခြေရာတစ်စုံတွေ့တယ် မဟုတ်လား ကိုအောင်သိန်း"

"တွေ့ရန်ကောဗျာ။ အဲဒါကတော့ လူကောင်းတစ်ယောက်ရဲ့ ခြေရာပဲ ကိုမင်းမောင်"

"သူလည်း အဲဒီလို ခြေလိုမ်မျိုးပဲ ကိုအောင်သိန်း၊ တောင်ဝှေ့ရှိနေတဲ့အတွက် ခြေထောက်ကကောင်းနေတယ်လို့ ထင်နေတာ။ ကျုပ်တို့ဟာ သဲလွန်စကို ရှာနေတဲ့လူတွေပဲလေဗျာ။ ဒီလောက်တော့ ရှာနိုင်ရမှာပေါ့"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ထိုစကားအား လက်ခံရပေ၏။

တကယ်တော့ စုံနံ့သာမင်းမောင်စကားသည် လွန်စွာမှန်ပေ၏။ တရားခံတစ်ယောက်၏အနောက်သို့လိုက်မည်ဆိုလျှင် အထောက်အထားခိုင်လုံရန်နှင့် သဲလွန်စရှာဖွေတတ်ဖို့သာ အရေးကြီးပေ၏။ ထို့အတွက်ကြောင့် စုံနံ့သာမင်းမောင်သည် အသေးအဖွဲ့လေးတစ်ခုကအစ ပုံကြီးချဲ့၍ အဖြေရှာတတ်၏။

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား ကြည့်လိုက်၏။ ၎င်းသည် စီးကရက်ကိုသာ အေးဆေးစွာ သောက်နေ၏။ ခပ်ဝေးဝေးမှ တိုက်ခတ်လာသည့်လေနုကြမ်းကြောင့် မာဖလာလေးသည် လေ၌လွင့်စင်လျက်ရှိပေ၏။ ကျွန်ုပ်တို့သည် လမ်းလျှောက်ရာမှ နေထိုင်ရာအိမ်သို့ မဝင်သေးဘဲ ရုံးသို့ အရင်ဝင်လိုက်ကြပေ၏။ ကျွန်ုပ်တို့၏ ပစ္စည်းတချို့သည် ရုံး၌သာရှိနေပေ၏။

ကျွန်ုပ်တို့ဂါတ်ရုံးအတွင်းသို့အရောက်တွင် ပုလိပ်မင်းကြီး၏ တာဝန်ပေးစာ ရောက်ရှိလာပေ၏။ ၎င်းတာဝန်ပေးစာအား ပုလိပ်တပ်သားတစ်ယောက်မှ လာရောက်ပေးခြင်းသာဖြစ်ပေ၏။

"ဆရာ… တာဝန်ပေးစာပါ"

ဂတ်အဝ၌စောင့်၍ ပေးသွား၏။ စုံနံ့သာမင်းမောင်သည် ဝါကျင့်ကျင့်စာရွက်ပေါ်၌ ရေးထားသည့် စာအား ဖတ်လိုက်ပေ၏။





ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏ဘေး၌ရပ်၍နေပေ၏။ ထို့နောက် စာရွက်အား ပြန်လည်၍ ခေါက်လိုက်ပေ၏။ စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်၏။

"ဘာတာဝန်လဲ ကိုမင်းမောင်"

"အမှုတစ်ခု လွှဲပြောင်းတာဝန်ယူရန်နဲ့ အမှုမှန်ကို ဖော်ထုတ်ပေးရန်တဲ့ဗျာ"

"ဘာအမှုမို့လဲ ကိုမင်းမောင်"

"အဲဒါတော့ ကျုပ်လည်း မသိရသေးပါလားဗျာ၊ ပုလိပ်မင်းကြီးက တိုက်ရိုက်ခေါ်တာလားဗျာ။ အမှုကြီးတစ်ခုဖြစ်မယ်ထင်ဘယ်ဗျာ"

"အမှုဘယ်လောက်ကြီးကြီး ခင်ဗျားနဲ့ဆို သေသွားတာပဲမဟုတ်လားဗျာ"

စုံနံ့သာမင်းမောင်သည် စီးကရက်တိုအား ပစ်ချလိုက်ပြီးနောက် ကျွန်ုပ်အား ကြည့်လိုက်ပေ၏။ တကယ်လည်း ဟုတ်ပေ၏။ စုံနံ့သာမင်းမောင်သည် အမှုတစ်ခုလိုက်လျှင် မပေါ်ဘူးဆိုတာ မရှိသလောက် ရှားသလို အမှုအားလုံးပေါ်တာများ၏။ ထို့ကြောင့် စုံထောက်လောက၌ စုံနံ့သာမင်းမောင်ဆိုတာ နာမည်ကြီးနေပေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဂတ်ထဲသို့ ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့ ရောက်ရှိလာကြ၏။ ပုလိပ်မင်းကြီးသည် စခန်း၌ စုံနံ့သာမင်းမောင်အား စောင့်နေပေ၏။ ပုလိပ်မင်းကြီးသည် ဆေးပြင်းလိပ်ကြီးအား ကိုက်ခဲလျက် အလုပ်များ ရှုပ်နေပေ၏။

စားပွဲပေါ်၌ရှိသည့်ဖိုင်တွဲများအား တစ်ခုပြီးတစ်ခုယူ၍ ကြည့်နေသည့်အတွက် လိုအပ်သည့်စာရွက်စာတမ်းအား ရှာဖွေနေသည်ဟု ထင်ရပေ၏။ ကျွန်ုပ်တို့သည် ပုလိပ်မင်းကြီးအခန်းဝသို့ ရပ်လိုက်၏။

"ဟာ... လူကလေး လာဗျာ။ ကျွန်ုပ် ခင်ဗျားကို မျှော်နေတာ။ ဒီကိစ္စက လူကလေးနဲ့မှပဲ ပြီးတော့မယ်ဗျာလို့ ကျွန်ုပ်ထင်မိရဲ့သားဖြစ်နေလို့"

ပုလိပ်မင်းကြီး၏စကားသံသည် လွန်စွာ နားထောင်ရခက်နေ၏။

ထိုအတွက်ကြောင့် ဂရုစိုက်နားထောင်နေရ၏။ ပုလိပ်မင်းကြီးသည် မြန်မာစကားအား ပီသရန်အတွက် အေးဆေးစွာဖြင့် ထိန်း၍ပြောနေ၏။ ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် နားထောင်နေရသလို ပါးစပ်လှုပ်သည့် အမူအယာကိုပါကြည့်၍ အကဲခတ်နေရ၏။ ထိုသို့ပြုလုပ်ရသည့်အတွက် အခက်အခဲမရှိ အဆင်ပြေ





သွက်ရှိပေ၏။

"ဟုတ်ကဲ့ ကျုပ်နားထောင်နေပါတယ် ပုလိပ်မင်းကြီး"

"မောင်မင်းတို့ရဲ့ အရှင်ရဲ့မျိုးနွယ်စုတစ်ခုရဲ့ မျိုးဆက်တစ်ခု စံအိမ်မှာရှိတဲ့ ပတ္တမြားလည်ဆွဲအခိုးခံရတယ်ဆိုပြီး လာရောက်အမှုဖွင့်သွားတယ် လူကလေး မောင်မင်း။ အဲဒီအတွက် မောင်မင်းတရားခံကို ဖော်ထုတ်ပေးရမယ်"

"ကောင်းပါပြီ ပုလိပ်မင်းကြီး၊ ကျုပ်တို့အမှုမှန်ကို ဖော်ထုတ်ပေးပါ့မယ်"

"မောင်မင်းကို ကျွန်ုပ်ယုံကြည်ပါတယ်။ မောင်မင်းလူကလေးသာ လိုက်မယ်ဆိုလျှင် ဒီအမှုဟာ မြန်မြန်ပေါ်လိမ့်မယ်လို့ ကျွန်ုပ်ယုံကြည်တယ်။ ဒီအတွက်ကြောင့် လူကလေးမောင်မင်းကို ကျွန်ုပ်ကိုယ်တိုင် ခေါ်လိုက်ရတာပါ"

အဲဒီတော့ အမှုလိုက်စုံထောက်ဆီကနေ လက်လွှဲပြီးယူလိုက်ပါ။ မောင်မင်းကို ကျွန်ုပ် ဆုကောင်းကောင်းပေးပါမယ်"

ကျွန်ုပ်တို့သည် ပုလိပ်မင်းကြီး၏အခန်းမှ ထွက်လာခဲ့ကြပေ၏။

ကျွန်ုပ်တို့ဂတ်ကို ပြန်ရောက်ချိန်၌ စုံထောက် ကိုစိုးသာ ရောက်ရှိနေပေ၏။ ၎င်း၏လက်ထဲ၌ အမှုတွဲဖိုင်တစ်ခု ကိုင်ထားပေ

www.burmeseclassic.com

www.burmeseclassic.com

၏။

စုံနံ့သာမင်းမောင်သည် အပိုင်ပေးထားသည့် ထိုင်ခုံ၌ ဝင်ရောက်ထိုင်လိုက်၏။ စီးကရက်အား တစ်ချက်ဖွာရှိုက်ပြီးနောက်…

"ပတ္တမြားလည်ဆွဲပျောက်ဆုံးမှု လွဲအပ်ဖို့လား ကိုစိုးသာ"

"ဟုတ်တယ် ကိုမင်းမောင်၊ ဒီအမှုကို ခင်ဗျားလက်ထဲအပ်ပါလို့ ပုလိပ်မင်းကြီး ထိပ်သီးအဖွဲ့တွေက ပြောလာတယ်ဗျာ"

"အမှုက အဲဒီလောက်ပဲကြီးလို့လား ကိုစိုးသာ"

ကိုစိုးသာသည် စုံနံ့သာမင်းမောင်အား ကြည့်လိုက်၏။

ထိုအတူ ကိုစိုးသာသည် မျက်နှာလည်း သိသိသာသာပျက်လျက်ရှိနေ၏။ တကယ်တော့ ကိုစိုးသာသည် အမှုလိုက်ရာ၌ လွန်စွာ တော်သူတစ်ယောက်ပင်ဖြစ်၏။ ယခု ပတ္တမြားလည်ဆွဲအမှု၌ ဖော်ထုတ်မရခြင်းသည် လွန်စွာ အံ့ဩစရာကောင်းလျက်ရှိနေ၏။

"အမှုက အဲဒီလောက်ကြီးတာလားဆိုတော့ ပြောရခက်တယ် ကိုမင်းမောင်၊ ကျုပ်အထင်တော့ လုပ်ရပ်က ပိရိတာပေါ့ဗျာ။ ဒီမှာ ကျုပ်လိုက်လို့ရတဲ့ အထောက်အထားတွေပဲ ကိုမင်းမောင်"

ကိုစိုးသာသည် စုံနံ့သာမင်းမောင်၏လက်သို့ အမှုဖိုင်တွဲ အပ်လိုက်၏။ စုံနံ့သာမင်းမောင်သည် ဖိုင်းတွဲအား ယူလိုက်၏။

"အေးပေါ့ဗျာ၊ ဒီအမှုကို ကျုပ်ကပဲ ဆက်လိုက်ရမှာပေါ့"





"ခင်ဗျားက တကယ်တော်တဲ့လူတစ်ယောက်ပဲဗျာ၊ ခင်ဗျားလိုက်ရင် ဒီအမှုပေါ်မှာ သေချာပါတယ်ဗျာ"

စုံနံ့သာမင်းမောင်သည် အမှုဖိုင်တွဲအား စတင်လှန်ကြည့်လိုက်ပေ၏။ စုံစမ်း၍ရထားသည့် အချက်အလက်များအား ရေးမှတ်ထားသည့် လက်ရေးများအား ပဏာမ ဖတ်လိုက်၏။

တကယ်တော့ ကိုစိုးသာ၏ လက်ရေးသည် လွန်စွာ လှနေ၏။

ဖတ်ရသည့်အခါ၌ ရှင်းလင်းလျက်ရှိပေ၏။

"ကိုစိုးသာ ပတ္တမြားလည်ဆွဲပျောက်ပြီးတဲ့အပြင် ဘာလို့ မိန်းကလေးတစ်ယောက်ပါ ပျောက်သွားရတာလဲ"

"ဟုတ်တယ် ကိုမင်းမောင်၊ အဲဒီပတ္တမြားလည်ဆွဲ ပျောက်ဆုံးတဲ့နေ့မှာပဲ စံအိမ်မှာ နေထိုင်တဲ့ သမီးတော်တစ်ပါးပါ ပျောက်ဆုံးသွားတယ်ဗျာ"

"ဒါဆို အဲဒီအိမ်က ဘယ်လောက်များ ကြီးလို့လဲ"

ကိုစိုးသာသည် ခေါင်းအားတစ်ချက်ညိတ်လိုက်၏။

"ရှေ့ဟောင်းအိမ်ကြီးတစ်လုံးပဲ ကိုမင်းမောင်၊ ခြံကြီးကလည်း သုံးဧကဝန်းကျင်လောက်ရှိမယ်ထင်တယ်ဗျာ။ ခက်တာက အဲဒီအိမ်ကြီးထဲကို ဝင်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စပဲလားဗျာ"


www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ ကိုစိုးသာ"

စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်၏။ ထို့အတူ ၄င်း၏စကားအား စဉ်းစားလျက်ရှိနေ၏။

"ခြံအဝမှာ အစောင့်တွေရှိတယ်။ အုတ်နံရံတွေကလည်း လူတစ်ရပ်မကအောင်မြင့်နေတယ်ဗျာ။ အပြင်ကနေ အတွင်းကို မမြင်ရသလို အတွင်းကလည်း အပြင်ကို မမြင်ရဘူးဗျာ။ အဲဒီအတွက် လူဝင်ထွက်လည်း သဲလွန်စ မတွေ့ရဘူးဗျာ"

"လက်ရှိအဲဒီအိမ်ကြီးမှာ ဘယ်သူတွေနေသလဲ"

"အခုနေတာက စံအိမ်ကြီးရဲ့သခင်မကြီး ဒေါ်မိထိပ်ထားတင်နေတယ်ဗျာ။ မင်းမျိုးမင်းနွယ်တွေပဲ"

"ကောင်းပြီဗျာ၊ ကျုပ်တို့ အဲဒီစံအိမ်ကြီးကို သွားကြည့်လိုက်မယ်"

ထိုသို့ပြောပြီးနောက် စုံနံ့သာမင်းမောင်သည် စီးကရက်အားဖွာရှိုက်လိုက်ပေ၏။

ဖိုင်တွဲအား ပိတ်လိုက်ချိန်၌ ကိုစိုးသာသည် ကျွန်ုပ်တို့အားကျောခိုင်း၍ ထွက်သွားပေ၏။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အားကြည့်လိုက်၏။

"ကိုအောင်သိန်း ပြင်ဗျာ၊ ကျုပ်တို့ဒီနေ့ပဲ အဲဒီစံအိတ်ကြီးကို သွားမယ်ဗျာ"





ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏စကားအား နားထောင်လိုက်၏။ စုံနံ့သာမင်းမောင်၏ အနောက်မှလိုက်ရမည်ဆိုသည့်အတွက်ကြောင့် ကျွန်ုပ်သည် လိုအပ်သည်များအား ယူဆောင်ရန်အတွက်နေထိုင်ရာသို့ ပြန်လာခဲ့ပေ၏။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### "စံအိမ်တော်မှတ်တမ်း"

တစ်နေ့သ၌ ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့သည် ပတ္တမြား လည်ဆွဲပျောက်ဆုံးသည့် စံအိမ်ကြီးသို့ ခရီးထွက်ခဲ့ကြပေ၏။

စံအိမ်ကြီး၏ တည်နေရာသည် ဝေါမြို့၏ အရှေ့မြောက်ဘက် ၌ ရပ်ဖြစ်၏။

ထိုအတွက် ကျွန်ုပ်တို့သည် ဥသာမြို့မှ ဝေါမြို့သို့ မီးရထား နှင့် ထွက်ခဲ့ရာ၌ မီးရထားသည် ကျောက်မီးသွေးများနှင့် မောင်းနေ ရသည့်အတွက် ရေနွေးဗိုင်းနာအိုးကြီးသည် ဂုဏ်ယူဝင့်ကြွားစွာ ရှေ့၌ နေ၍ ပြေးလျက်ရှိပေ၏။





ကျွန်ုပ်တို့သည် ၄င်းရထားနှင့်ဝေါမြို့သို့ လိုက်ပါလာခဲ့ကြ ပေ၏။

ဝေါမြို့သို့အရောက်တွင် ဘူတာရုံ၌ ဆင်း၍ ဂတ်စခန်းသို့ အရင်ဆုံးရောက်ရှိကြ၏။ ၄င်းနေရာ၌ ကျွန်ုပ်တို့အတွက် နေစရာ အဆင်သင့်ရှိ၏။

ထိုမြို့သည် လွန်စွာကျယ်ဝန်းသည့် မြို့တစ်မြို့ဖြစ်၏။ သမ္မာန် ဆိပ်၊ လှေဆိပ်ရထားဘူတာများရှိ၏။ သီးသန့်မြို့တစ်မြို့လိုဖြစ်နေ သည့်အတွက် ကုန်သည်ပွဲစားများ လွန်စွာပေါများလျက်ရှိသည့်အတွက် ကြောင့် လူသူစည်ကားနေပေ၏။

ထို့အတူ တရားခံအား ရှာရန် လွန်စွာ ခက်ခဲလျက်ရှိနိုင်၏။

ကိုစိုးသာလို နာမည်ကျော်စုံထောက်တစ်ယောက်တောင် အရှုံးပေးလိုက်ရသည်ဆိုတာ ယုံနိုင်၏။

ကျွန်ုပ်တို့သည် မြို့အား လမ်းလျှောက်၍ စံအိမ်ကြီးသို့ ထွက်လာခဲ့ကြပေ၏။

"ကိုအောင်သိန်း ဒီမြို့ရဲ့ပုံစံကို ဘယ်လိုသဘောရသလဲဗျာ"

"ဒီတစ်ခါတော့ ခင်ဗျား ဦးသွားတယ်ဗျာ။ ကျုပ်ခင်ဗျား ကို မေးမလို့ စဉ်းစားနေတာဗျာ။ ဒီမြို့ကတော့ အထင်သေးလို့မရ ဘူးလို့ပဲ ပြောတော့မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



စုန့်သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်၏။

"သိပ်ဟုတ်တာပေါ့ ကိုအောင်သိန်းရာ၊ ဒီမြို့က ကျုပ်တို့ထင်ထားသလို မြို့သေးသေးလေး မဟုတ်ဘူး။ နာမည်က တာမြို့အသေးလေး။ မြို့ကြီးတစ်မြို့လို ပုံစံပဲဗျာ"

"ခင်ဗျားပဲ ကြည့်လေဗျာ၊ လှေဆိပ်၊ သမ္ဗာန်ဆိပ်ရထားဘူတာ၊ ပွဲရုံများ၊ အဝယ်ဒိုင်များနဲ့ ရှုပ်နေတာပဲ"

ကျွန်ုပ်တို့သည် မြို့လယ်လူအများစုထိုင်နေကြသည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်အား ဝင်ရောက်လိုက်ကြပေ၏။

ကျွန်ုပ်တို့ ဝင်ရောက်ပြီး အတန်ကြာချိန်၌ အသက်ဆယ့်ငါးနှစ်အရွယ်ရှိ လူငယ်တစ်ယောက်သည် လက်ဖက်ရည်နှစ်ခွက်လာရောက်ချပေ၏။

ထိုဒေသသည် ကိုယ်စားချင်သည့်အရာအား မှာစားရသည်မှာ လွန်စွာခက်နေ၏။ ဆိုင်အတွင်းသို့ ဝင်ရောက်လာလျှင် လာရောက်ချပေးသည်။ ဆိုင်အတွင်း၌ ရှိသည့် စားစရာအားလုံး စားပွဲပေါ်တွင်အသင့်တင်ထားပေ၏။

"ဒီဒေသကတစ်မျိုးပါလား ကိုမင်းမောင်"

"တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်း ဆိုတာပေါ့ဗျာ။ သူတို့ရဲ့ အတွေးအခေါ်က မှန်တာပေါ့ဗျာ။ လက်ဖက်ရည်ဆိုင်ထဲ ဝင်ရောက်လာသူဟာ လက်ဖက်ရည်ကလွဲပြီး တခြား ဘာစားစရာရှိသေးလို့လဲ"

နောက်ပြီး ဒီဆိုင်ကလည်း လက်ဖက်ရည်ကိုပဲ ရောင်းတာထမင်းရောင်းတဲ့ဆိုင်မှ မဟုတ်တာ။ ဒါဟာ စည်းကမ်းတစ်ခုပဲပေါ့ဗျာ။ ကျုပ်ကြားဖူးတယ် ဒီမြို့ကဆိုင်တွေဟာ ထမင်းဆိုင်ဟာ ထမင်းပဲရောင်းတယ်၊ လက်ဖက်ရည်မရောင်းဘူးတဲ့။ ဆိုင်ထဲကို ဝင်လာရင်လည်း ဘာစားမလဲ မမေးဘူး ရှိတာ လာချပေးတာပဲတဲ့"

"အေးပေါ့ဗျာ ကျုပ်တို့အတွက် ဗဟုသုတတစ်ခုတိုးလာတာပေါ့ဗျာ"

ကျွန်ုပ်တို့သည် လက်ဖက်ရည်များသောက်၍ စကားပြောနေသလို ဝန်းကျင်အား လေ့လာလျက်ရှိနေပေ၏။

ဆိုင်အတွင်းသို့ ဝင်ရောက်လာသူ လမ်းမပေါ်၌ သွားလာနေသူများစွာ ရှိနေပေ၏။ စုန့်သာမင်းမောင်သည် စီးကရက်အားတစ်ချက်ဖွာရှိုက်လိုက်၏။

"ကိုအောင်သိန်း ဟိုလမ်းမပေါ်က လူကို ကြည့်စမ်းဗျာ"

ကျွန်ုပ်သည် လမ်းမပေါ်၌ လမ်းလျှောက်နေသူများမှ တစ်ယောက်သောသူအား ကြည့်လိုက်ပေ၏။







www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်၌ ရှိနေသူသည် အသက် ၇၀ ဆယ်ကျော် လောက်ရှိသလို လွယ်အိတ်ကြီးတစ်လုံးအား လွယ်ထားသလို လုံချည် ကွက်ကျဲကြီးအား ခါးပတ်အပြာကြီးပတ်ထား၏။ ပုံစံသည် ရှေး ဟောင်းလူကြီးတစ်ယောက်၏ပုံစံဖြစ်နေ၏။ ဆံပင်အရှည်ကြီးအား တစ်ပတ်လျှို ၍ ပတ်ထားပေ၏။

"အေးဗျာ ဒီလူဟာ ရှေးဟောင်းလူမျိုးစုရဲ့ လက်ကျန်လူ တစ်ယောက်များလား မသိဘူးဗျာ"

"ခင်ဗျားပြောတာ ဟုတ်တယ် ကိုအောင်သိန်း၊ အဲဒီလူဟာ မင်းမျိုးမင်းနွယ်ထဲက လူတစ်ယောက်လိုပဲ။ ဒါပေမယ့် တစ်ခု ကွာ ခြားနေသလိုပဲဗျာ။ အဲဒါဘာလဲ ခင်ဗျားသိလား"

"အဲဒီလောက်ထိ ကျုပ် သတိမထားမိဘူး ကိုမင်းမောင်"

"လာဗျာ ကျုပ်တို့စံအိမ်ကြီးကို သွားကြမယ်"

ကျွန်ုပ်တို့သည် စံအိမ်ကြီးရှိရာ မဒဲရပ်သို့ ထွက်လာခဲ့ကြ ပေ၏။

မဒဲရပ်သည် မြို့အပြင်ဘက်တစ်မိုင်လောက် သွားရပေ၏။ ထိုနေရာအား သွားရောက်ရသည်မှာ လှည်းနှင့်သွားရသည်။ လှည်းများသည် မဒဲရပ်သို့သွားသည့် လှည်းများ မဟုတ်ပေ။

ကြံ့တွေ့ညီနောင်သို့သွားရန်အတွက် လှည်းများရှိ၏။





၄င်းစေတီညီနောင်နှင့် မဒဲရပ်သည် မျက်နှာချင်းဆိုင်ရှိ၏။

ကြံ့တွေ့ညီနောင်သည် သမ္မလ၊ ဝိမလညီနောင်တို့သည် ထိုနေရာ၌ ဆုံတွေ့ခဲ့ကြ၏။ ၄င်းတို့ညီနောင်သည် တစ်ယောက်နှင့် တစ်ယောက် နှစ်အတန်ကြာ ကွဲကွာနေကြပေ၏။ သိပ်ချစ်ကြ၏။ အခြေအနေတစ်ခုကြောင့် ကွဲကွာကြ၏။ အရွယ်ရောက်လာချိန်၌ လိုက်ရှာကြရာ၌ ကုန်းတော်၌ ပြန်လည်ဆုံတွေ့၍ အထိမ်းအမှတ် တစ်ခုအနေနှင့် ဆုံတွေ့အမည်ဖြင့် စေတီနှစ်ဆူတည်ထားကြ၏။ စေတီတော်အား အရှေ့ဘက်စေတီတော်သည် ညီတော် ဝိမလက တည်၍ အနောက်ဘက်စေတီတော်သည် နောင်တော် သမ္မလက တည်ထား၏။

(ယခုအခါ ကြံ့တူညီနောင်ဟု လူသိများလျက်ရှိရာ ဘုရား ပွဲသို့ နှစ်စဉ်မပျက် ကျင်းပလျက်ရှိနေပေ၏။)

စေတီတော်နှင့်မလှမ်းမကမ်း၌ မဒဲတဲစုကြီးရှိနေပေ၏။

နှစ်ကာလအတန်ကြာ၍ မဒဲတဲစုကြီး ပျောက်ကွယ်၍ မဒဲရပ် ဟုသာ ကျန်နေခဲ့သလို နေထိုင်သူများ မရှိတော့သည့်အတွက် စံအိမ်ကြီး တစ်လုံးသာ ကျန်နေခဲ့၏။ ၄င်းနေရာတွင် မနေရသည်မှာ အကြောင်း ကြီးတစ်ခုရှိ၏။ ကြောက်စရာကောင်းသည့်အကြောင်းအရာများ ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



(အကြောင်းအရာများသည် ဓာတ်လမ်း၏တစ်နေရာ၌ ဖော်ပြထားပါ၏။)

ကျွန်ုပ်နှင့်စိုးနံ့သာမင်းမောင်တို့ မဒဲရပ်အား ရောက်ရှိလာကြပေ၏။

ကျယ်ဝန်းသည့်ခြံကြီးတစ်ခြံ၏ အတွင်း၌ ကြီးမားသည့် အပင်ကြီးများနှင့် လွှမ်းမိုးလျက်ရှိနေသလို အုတ်တံတိုင်းကြီးများသည် ခန့်ညားထည်ဝါလှပေ၏။ ၎င်း၏နေရာဝန်းကျင်၌ လူနေအိမ်တစ်လုံးမျှ တွေ့ရှိခြင်းမရှိအောင် ကင်းစင်နေပေ၏။

ကျွန်ုပ်တို့သည် စံအိမ်ကြီးရှိရာသို့ လျှောက်လှမ်းလာခဲ့ကြ၏။ မိနစ်အတန်ကြာ လမ်းလျှောက်ပြီးနောက် စံအိမ်ကြီး၏ အဝင်အဝသို့ ရောက်ရှိလာကြ၏။

* * *



## အခန်း (၃)

### "နိုင်မင်းရှိန်စံအိမ်တော်"

ခြံ၏အဝ၌ ကြီးမားသည့် စာလုံးကြီးများနှင့်ရေးထား၏။ ကျွန်ုပ်တို့သည် ထိုစာလုံးကြီးများအား ဖတ်လိုက်၏။

စံအိမ်ကြီး၏ တံခါးဝ၌ အသက်ခြောက်ဆယ်ဝန်းကျင် အဖိုးကြီးနှစ်ယောက်အား တွေ့လိုက်ရပေ၏။

"ဘာကိစ္စလဲဟေ့ မောင်ရင်တို့က ဘယ်သူတွေလဲ"

"သခင်မကြီးနဲ့ တွေ့ချင်လို့ပါ"

ထိုစကားကိုကြားလိုက်ရှိမှ၌ အဖိုးကြီးနှစ်ယောက် ကျွန်ုပ်တို့အား သေချာကြည့်လိုက်ပေ၏။ ကျွန်ုပ်တို့သည် ခြံအတွင်းသို့ လျှပ်တပြတ် အကဲခတ်လိုက်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com

''မယ်မယ်ဘုရားတို့ ဘာကိစ္စနဲ့တွေ့ချင်တာလဲ''

''ပတ္တမြားလည်ဆွဲပျောက်ဆုံးမှုနဲ့ ပတ်သတ်လို့ သတင်းအချက်အလက်တွေ သိချင်လို့လာခဲ့တာပါ''

''မောင်ရင်တို့က ဘယ်သူတွေလဲ''

''ကျုပ်တို့က ကိုစိုးသာရဲ့ လုပ်ဖော်ကိုင်ဘက်တွေပါ''

''ကောင်းပြီးလားကွယ်၊ ကျုပ်တို့ မယ်မယ်ဘုရားကို အကြောင်းကြားပေးမယ်။ မယ်မယ်ဘုရားက တွေ့ချင်တယ်ဆိုမှ ဝင်ခွင့်ပြုမယ်လားကွယ်''

ထိုသို့ပြောပြီးချိန်၌ အဖိုးအိုတစ်ယောက်သည် အတွင်းဘက်သို့ ဝင်ရောက်သွားပေ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်အားတစ်ချက်ဖွာရှိုက်လိုက်ပေ၏။

စံအိမ်ကြီးသည် လွန်စွာ ခံ့ညားထည်ဝါသည့် နန်းတော်ကြီးတစ်ခုကဲ့သို့ ဖြစ်နေပေ၏။ ဘုံအဆင့်ဆင့် အဆောင်များစွာရှိနေသလိုလက်ရာများသည် ရှေးဟောင်းလက်ရာများပင်ဖြစ်လေ၏။

ခဏအကြာတွင် အဖိုးအိုကြီး ပြန်လည်ရောက်ရှိလာပေ၏။ ကျွန်ုပ်တို့သည် အဖိုးအိုကြီး၏စကားအား နားထောင်လျက်ရှိပေ၏။

''မောင်ရင်တို့အထဲမှာ စုံနံ့သာမင်းမောင်ဆိုတဲ့သူငယ်ပါသလားကွယ်''





''ကျုပ်ပါ အဘ''

''အဲဒါဆို မယ်မယ်ဘုရားက ဝင်ခွင့်ပြုတော်မူစေတယ်''

အဖိုးအိုကြီးသည် တံခါးတစ်ဖက်ကို ဖွင့်ပေး၏။

ကျွန်ုပ်တို့သည် ခြံအတွင်းသို့ဝင်လိုက်ချိန်တွင် ခြံတံခါးကြီးအား ပြန်လည်၍ ပိတ်လိုက်ပေ၏။ ကျွန်ုပ်တို့အား အဖိုးအိုတစ်ယောက်လိုက်ပို့၏။ စံအိမ်ကြီး၏အတွင်းဘက်သို့အရောက်တွင် ကြီးကျယ်ခန့်ညားသည့် ဧည့်ခန်း၌ အမျိုးသမီးကြီးတစ်ယောက် ထိုင်လျက်ရှိ၏။ အမျိုးသမီးကြီးသည် ဘုရင်အနွယ်ပွားတစ်ယောက်ဆိုတာ မြင်လိုက်ရုံနှင့် သိနေပေ၏။ လှပသည့်ထိုင်ခုံပေါ်၌ အညီမ်သာထိုင်လျက်ရှိ၏။ ၎င်း၏အနောက်၌ ကျောက်စီးဓားတစ်ချောင်းအား ချိန်ဆွဲထားသလို ရှေးဟောင်းမင်းအမှုထမ်းများ၏ အဝတ်တန်ဆာများ ချိတ်ဆွဲထားပေ၏။

ကျွန်ုပ်တို့သည် ဧည့်ခန်းအတွင်းသို့ ဝင်ရောက်ချိန်၌...

''မယ်မယ်ဘုရား သူတို့က စုံနံ့သာမင်းမောင်လို့ ပြောနေပါတယ်''

''မောင်မင်း သွားနိုင်ပြီ''

''ကောင်းလှပါပြီ မယ်မယ်ဘုရား''

အဖိုးအိုကြီးသည် အနောက်သို့ဆုတ်၍ ထွက်သွားပေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် ဒေါ်မိထိပ်ထားတင်၏ရှေ့၌ ထိုင်လိုက်ကြပေ၏။ ဒေါ်မိထိပ်ထားတင်သည် ကျွန်ုပ်တို့အား ကြည့်နေ၏။

"ကဲ... မောင်မင်းတို့ သိချင်တာ ဘာကိစ္စလဲ"

"ပတ္တမြားလည်ဆွဲပျောက်ဆုံးမှုနဲ့ သမီးတော် ပျောက်ဆုံးမှုကိစ္စကို သိချင်လို့ လာခဲ့တာပါ"

ပထမဆုံးသိချင်တာက ပတ္တမြားလည်ဆွဲရဲ့ ပထမဆုံးပိုင်ရှင်က ဘယ်သူလဲ"

"ပတ္တမြားလည်ဆွဲရဲ့ပိုင်ရှင်က မယ်မယ်ဘုရားရဲ့ အဘေးတို့လက်ထပ်ကလို့ပဲ ပြောရမှာပဲကွယ်"

ဒေါ်မိထိပ်ထားတင်သည် ပတ္တမြားလည်ဆွဲ၏အကြောင်းအား ပြောပြလျက်ရှိနေပေ၏။ ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် စိတ်ဝင်စားမှုအပြည့်နှင့် နားထောင်နေကြပေတော့၏။

*တစ်နေ့သ၌...*

*အနော်ရထာဘုရင်မင်းမြတ်သည်သူရဲကောင်းစစ်သည် ရဲမက်များအား စေလွှတ်၍ သထုံဘုရင် မနူဟာမင်းကြီးအား နန်းချ၍ သထုံမြို့အား သိမ်းလိုက်သည့်အချိန်၌ နန်းတော်အတွင်း အမှုများထမ်းဆောင်လျက်ရှိသည့် အမှုမတ်ရဲမက်စစ်သည်များနှင့် ၎င်းတို့၏မိသားစုများသည် အသက်အန္တရာယ်ဘေးမှ လွတ်ကင်းရန် ထွက်ပြေး*





*ကုန်ကြပေ၏။*

*ထိုအထဲ၌ ဘုရင်မင်းမြတ်၏အနောက်နန်းမတော်မိဖုရားကြီး၏သမီးတော်နှင့် ကိုယ်ရံတော်များသည် လွတ်ရာလွတ်ကြောင်း ထွက်ပြေးကြကုန်၏။ ထိုသို့ထွက်ပြေးရာ၌ မိဖုရားကြီးသည် နန်းတော်အတွင်း၌ နတ်ရွာစံသေဆုံးခဲ့သည့်အတွက် ကြေကွဲစွာ ထွက်ပြေးကုန်ကြရာ နန်းတော်အတွင်း၌ လူသူကင်းမဲ့နေတော့၏။*

*အနောက်နန်းမတော်မိဖုရားကြီးသည် ၎င်းပိုင်ဆိုင်ထားသည့် ပတ္တမြားလည်ဆွဲအား သမီးတော်၏ လက်အတွင်းသို့ အပ်လိုက်၏။ ၎င်း ပတ္တမြားလည်ဆွဲသည် မိဖုရားကြီးအား မွန်သူရဲကောင်း နိုင်ရာဇာလေးလက်ဆောင်ပေးသည့် ပတ္တမြားလည်ဆွဲပင်ဖြစ်၏။*

*အနောက်နန်းမတော်မိဖုရားကြီး၏ သမီးတော်သည် အတွင်းရတနာပစ္စည်းများနှင့်အတူ ပတ္တမြားလည်ဆွဲကြီးကိုပါ ယူဆောင်၍ ထွက်လာခဲ့ပေ၏။ ရန်သူများ၏ လက်ချက်မှလွတ်ရန် ထွက်ပြေးရင်း လူသူမရောက်နိုင်သည့်နေရာ၌ လျှို့ဝှက်နေထိုင်ကြပေ၏။*

*သမီးတော်သည် အထိန်းတော်သုံးယောက်၊ ရဲမက်တစ်ယောက်နှင့်အတူ ၎င်းနေရာ၌ နေထိုင်ရင်း ရာသီပင်များအား စိုက်ပျိုးလျက်ရှိ၏။ ကြီးမားသည့် သစ်ပင်ကြီးများ၊ တောင်ငယ်များ၊ စမ်းချောင်းလေးများကြောင့် နေထိုင်ကြသည်မှာ လှန်စွာအဆင်ပြေပေ၏။*



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌...

ထိုတော၌ ထင်းများ လာရောက်ခုတ်သည့် လှုငယ်တစ်ယောက် ရောက်၍လာ၏။ ၄င်းလှုငယ်လေးသည် သမီးတော်အားတွေ့သွား၍ စိတ်ဝင်စား၍ လက်ထပ်လိုက်ကြပြီး လှုငယ်လေးသည် သမီးတော်နှင့် အထိန်းတော်များအား လုပ်ကိုင်ကျွေးရပေမယ့် မျိုးရိုးအား မသိသလို ၄င်း၏ မျိုးရိုးအား မပြောကြအောင်ဖြစ်နေကြ၏။ စိုက်ပျိုးရေးလုပ်ငန်းများကိုသာ ကြိုးစားလျက်ရှိနေ၏။ သမီးတော်ကလေးတစ်ယောက်ရသည့်အချိန်တွင် သမီးတော်သည် ၄င်း၏ဘဝအကြောင်းအား ပြောပြလိုက်၏။

ထိုအချိန်တွင် ထင်းခုတ်သမားသည် ၄င်း၏မျိုးရိုးအား ဖွင့်ပြောလိုက်၏။ ထင်းခုတ်သမားသည် မန္တဟာမင်းကြီး၏ရှေ့တော်၌ အမှုထမ်းနေသည့် သူရဲကောင်းကြီးတစ်ဦး၏ သားတော်ဖြစ်ကြောင်း သိလိုက်ရ၏။ မျိုးနွယ်စုအချင်းချင်းဖြစ်သည့်အတွက် ပျော်ရွှင်ကြပေ၏။

၄င်းတို့သည် နှစ်အတန်ကြာချိန်၌ သားသမီးများ ရရှိသည့်အတွက် ကြီးမားသည့် စံအိမ်တော်ကြီးတစ်ခု ဆောက်လုပ်လိုက်ကြသလို စံအိမ်ကြီး၏အဝ၌ "နိုင်မင်းရန်စံအိမ်တော်" ဟု ကဗ္ဗည်းရေးထိုးထားကြပေ၏။ "မိုင်းမင်းရန်နှင့်မိသင်းထုံထိပ်ထား" တို့သည်





သားသုံးယောက်၊ သမီးနှစ်ယောက် စုစုပေါင်း ငါးယောက်မွေး ဖွားလာခဲ့၏။ ထိုအချိန်၌ စံအိမ်တော်ကြီး၏အနီးဝန်းကျင်၌ နေထိုင်သူများ ပေါ်များလာကြ၏။

နိုင်မင်းရန်နှင့် မိသင်းထုံထိပ်ထားတို့ မရှိချိန်၌ စံအိမ်တော်ကြီးအား အဆင့်ဆင့် အုပ်ချုပ်နေထိုင်ကြပေ၏။ နိုင်မင်းရန်တို့ဇနီးမောင်နှံ ကွယ်လွန်ပြီးနောက် သားအကြီးဆုံးက ဆက်လက်အုပ်ချုပ်သည်။

၄င်းတို့သည် မျှော်လင့်ချက်များ ကြီးမားသူတွေဖြစ်သလို မိခင်ကြီးအား သတိတရရှိရန် စံအိမ်တော်ကြီးအား အုပ်ချုပ်သူသည် ပတ္တမြားလည်ဆွဲကြီးအား ဆွဲထားရန် အမိန့်ထုတ်ထားခဲ့၏။

ထိုကဲ့သို့ အုပ်ချုပ်နေထိုင်ခဲ့ရာ၌ ဒေါ်မိထိပ်ထားတင်သည် အနောက်နန်းမတော်မိဖုရားကြီး၏ သမီးတော်၏ အငယ်ဆုံးသမီးတော်မှ မွေးဖွားခဲ့သည့် မြေးတော်ဖြစ်၏။ ထိုအတွက်ကြောင့် မိထိပ်ထားတင်သည် အိမ်ထောင်ပြုရာ၌ ရှားရှားပါးပါး သမီးတစ်ယောက် ထွန်းကား၏။ ယခု သမီးတော်နှင့်အတူ ပတ္တမြားလည်ဆွဲပါ ပျောက်ဆုံးသွားပေ၏။

ဒေါ်မိထိပ်ထားတင်သည် အကြောင်းအားလုံးအား ပြောပြ၏။ ထိုအတွက် ကျွန်ုပ်တို့နားထောင်ပြီးနောက် သိချင်သည့်အချက်များအား မေးကြရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီပတ္တမြားလည်ဆွဲကို ဘယ်နေရာမှာ သိမ်းထားလို့လဲ"

"အခါတိုင်းတော့ မယ်မယ်ဖုရားကိုယ်တိုင်ပဲ ဆွဲထားသားပါရဲ့ကွယ်။ အဲဒီညမှာ စိတ်ထဲက တစ်မျိုးဖြစ်တာနဲ့ သိမ်းလိုက်မိရဲ့သားလားကွယ်။ မနက်လင်းတော့ သေတ္တာထဲက ပြန်ယူထုတ်လိုက်ချိန်မှာ မရှိတော့ပါလားကွယ်"

"အဲဒီကိစ္စမဖြစ်ခင်အချိန်တုန်းက ဒီလို ဘယ်သူလာတာရှိလဲ"

"လူတစ်ယောက်ရောက်လာတယ်။ အဖိုးတော်ရဲ့ဆွေတော်မျိုးတော်တွေပဲ။ စံအိမ်ကြီးကို သူတို့ကလွဲပြီး ဘယ်လိုလူမှ ဝင်ထွက်လေ့မရှိတတ်ပေတာလားကွယ်"

စုန္ဒသာမင်းမောင်သည် မိထိပ်ထားတင်အား ကြည့်လိုက်ပေ၏။ ၎င်း၏မျက်နှာသည် မသိမသာ ပျက်လျက်ရှိပေ၏။ ထိုကိစ္စအား စုန္ဒသာမင်းမောင် သိနေလျက်သာဖြစ်၏။

"အဲဒီလူရဲ့နာမည်ကိုသိလား ဘယ်မှာနေလဲ"

"သူ့နာမည်က ဟိုလေကွယ်... နေမျိုးသူရ အေး... ဟုတ်တယ်"

"သူ့နာမည် ကိုနေမျိုးသူရလို့ခေါ်တယ်၊ လိပ်စာက ဘယ်မှာနေတယ်ဆိုတာ မသိရပါလားကွယ်"





မိထိပ်ထားတင်၏စကားကြောင့် ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုန္ဒသာမင်းမောင် ဘာပြောရမှန်းမသိအောင် ဖြစ်သွားပေ၏။ ၎င်း၏စကားသည် အထောက်အထားခိုင်လုံမှုမရှိသည့်အတွက် ခန့်မှန်းရန်ခက်နေပေ၏။ ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိ၏။

မိထိပ်ထားတင်သည် ၎င်း၏ရောက်ရှိလာသည့် နေမျိုးသူရ၏ အကြောင်းအား ပြောပြလျက်ရှိနေပေ၏။

နေမျိုးသူရသည် မိထိပ်ထားတင်၏သမီးတော် အသက်နှစ်ဆယ်ပြည့်သည်နေ့၌ မွေးနေ့လက်ဆောင်ပေး၍ ရောက်ရှိလာပေ၏။ ၎င်းဟာ အဘတော်၏ဆွေတော်မျိုးတော်ဖြစ်ကြောင်း သေချာရှင်းပြသည့်အတွက် ဆွေမျိုးအရင်းအချာကဲ့သို့ အသိအမှတ်ပြုလိုက်ပေ၏။ နေမျိုးသူရသည် အစပထမတုန်းက လက်ဆောင်ပစ္စည်းများအား ပေးအပြီး၌ အလုပ်ကိစ္စအကြောင်းပြ၍ ပြန်သွားပေ၏။

သုံးရက်လောက်ပျောက်အပြီး၌ ပြန်လည်ရောက်ရှိလာပေ၏။

နေမျိုးသူရ၏ အသက်သည် ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်ဝန်းကျင်ရှိနေပေ၏။ နောက်ဆုံး၌ နေထိုင်ခွင့်တောင်းပေ၏။ အမျိုးကိုချစ်ခင်သည့်အတွက် လွန်စွာ အခွင့်အရေးပေး၏။ မိသားစု အရင်းကဲ့သို့ သတ်မှတ်ထားကြပေ၏။ ဦးနေမျိုးသူရသည် စံအိမ်အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်စဥ် အေးအေးဆေးဆေး နေထိုင်ခြင်းမရှိ ခြေရှုပ်နေ၏။

ဒါကို သမီးဖြစ်သူသည် သဘောမကျ၊ နေရာတိုင်းရှုပ်လိုက်တာဟု သတ်မှတ်ထားပေ၏။ မည်သို့ပင် ပြောစေကာမူ ဦးနေမျိုးသူရသည် ဂရုမစိုက် ဆက်လက်၍သာ လုပ်နေတတ်ပေ၏။

မိထိပ်ထားတင်က မေးဖူးသည် ဘယ်မှာနေသလဲဟုဆိုတုန်းက လေ့ဆိပ်လိုလို၊ သစ်ရွက်ကျွန်းလိုလိုသာပြောနေ၏။

ဦးနေမျိုးသူရသည် စံအိမ်၌ တစ်လနီးနီး နေထိုင်ပြီးနောက် ၄င်း၏ ရွာပြန်မည်ဟုပြောဆို၍ ပြန်သွားပေတော့၏။ ဦးနေမျိုးသူရ မပြန်ခင် လေးရက်၌ မိထိပ်ထားတင်၏သမီးတော်နှင့်အတူ ပတ္တမြားလည်ဆွဲပျောက်ဆုံးသွားပေ၏။ ထိုသို့ပြန်သွားချိန်၌ မိထိပ်ထားတင်အား နှုတ်ဆက်ခြင်းမရှိ ထွက်သွားပေ၏။ ထိုအချိန်၌ သခင်မကြီးမိထိပ်ထားတင်သည် လွန်စွာ သောကရောက်နေသည့်အချိန်ဖြစ်ပေ၏။

"သမီးတော်နဲ့အတူ အထိန်းတော်တစ်ယောက်လည်း ပျောက်သွားတယ်လားကွယ်"

"အဲဒီအထိန်းတော်က ဘယ်သူ့အတွက် ထားပေးတာလဲ"

"သမီးတော်အတွက် ထားပေတာလားကွယ်။ အဲဒီအထိန်းတော်ရဲ့နာမည်က မယ်ထွေးမိပါ။ သမီးတော်လေးနဲ့ ရုပ်ခြင်းခွဲမရအောင် တူလွန်းတာလားကွယ်။ မသိသူတွေက သူတို့နှစ်ယောက်ကို





အမွှာညီအစ်မလားလို့ မေးနေသားလားကွယ်။ သူတို့နှစ်ယောက်နဲ့အတူ ပတ္တမြားလည်ဆွဲဟာ တစ်ချိန်တည်းပျောက်သွားတာလားကွယ်။ အခု မယ်မယ်ဖုရားမှာ စိတ်သောကရောက်နေရပါလားကွယ်"

ဒေါ်မိထိပ်ထားတင်၏မျက်နှာသည် သိသိသာသာ ပျက်နေလျက်ရှိ၏။

မျက်ရည်တွေ မသိမသာလိမ့်စင်းကျလျက်ရှိနေသလို မျက်ရည်များအား အသာသုတ်နေပေ၏။

မိထိပ်ထားတင် ဘယ်လောက် စိတ်သောကရောက်နေသည်ဆိုတာ ကျွန်ုပ်တို့ သိနေပေ၏။ ရင်၌လွယ်ထားမွေးဖွားခဲ့ရသည့် သမီးတော်လေးတစ်ပါးပျောက်ဆုံးသွားသလို ဆွေစဥ်မျိုးဆက် ထိန်းသိမ်းလာခဲ့ရသည့် ပတ္တမြားလည်ဆွဲ ပျောက်ဆုံးသွားခဲ့၏။

"စိတ်ကို ထိန်းပါမယ်မယ်ဖုရား၊ ဒီအမှုကို ကျုပ်တို့ အမြန်ဆုံး ပေါ်အောင်ဖော်ထုတ်ပေးပါ့မယ်"

"ကျေးဇူးတင်မိတာလားကွယ်။ ဒါပေမယ့် အထိန်းတော်မယ်ထွေးမိရဲ့ ဆွေမျိုးများက သူတို့ရဲ့ နှမပျောက်ဆုံးသွားတဲ့အတွက် မယ်မယ်ဖုရားကို ပြဿနာလာရှာနေကြတယ်လားကွယ်"

"မယ်မယ်မှာ သမီးတော်လေးအတွက် ပတ္တမြားလည်ဆွဲအတွက်နဲ့ စိတ်သောကမရောက်နိုင်ဘူး။ မယ်ထွေးမိကိစ္စကိုပဲ သောက



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရတာလားကွယ်''

အထိန်းတော် မယ်ထွေးမိဘက်မှ လာရောက်ပြဿနာရှာနေခြင်းအတွက်ကြောင့် မိထိပ်ထားတင်မှာ လွန်စွာ စိတ်သောကရောက်နေသည်ဆိုတာ ပေါ်လွင်လျက်ရှိနေပေ၏။

စုံနံ့သာမင်းမောင်သည် ထိုကိစ္စအား စဉ်းစားသလိုနှင့် စီးကရက်တစ်လိပ်အား ထုတ်ယူ၍ ဖွာရှိုက်လိုက်ပေ၏။

''အဲဒီအတွက် မစိုးရိမ်ပါနဲ့ ကျုပ်တို့တာဝန်ယူဖြေရှင်းပေးပါ့မယ်။ တစ်ခုတော့တောင်းဆိုချင်ပါတယ်''

''ဘာများလဲကွယ်''

''ကျုပ်တို့ဒီစံအိမ်ကြီးကို လေ့လာချင်တယ်။ ဒီလောက်လူဝင်ပေါက်မရှိအောင် လုပ်ထားရဲ့သားနဲ့ လူတွေ ဝင်ရောက်လာတယ်ဆိုတာ အံ့ဩလွန်းလို့ပါ''

''ဘာတွေများ လေ့လာကြမှာလဲကွယ်။ မယ်မယ်ဖုရားရဲ့အိမ်က ဘာမှ လေ့လာစရာ မရှိပါဘူးလားကွယ်''

မိထပ်ထားတင်သည် စံအိမ်ကြီးအား လေ့လာမည်အား မကြိုက်သည့်ပုံစံမျိုးဖြစ်နေပေ၏။

ထိုအတွက်ကြောင့် စဉ်းစားစရာဖြစ်နေပေ၏။

''ကျုပ်တို့ဟာ သဲလွန်စရှာနေတဲ့လူတွေပါ တရားခံတင်





ယောက်ကို ဖမ်းမိဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး။ နိုင်လုံတဲ့အထောက်အထားကို တွေ့အောင်အရင်ရှာရပါတယ်။ အခုကိစ္စက လွယ်လွယ်နဲ့ပြီးမှာမဟုတ်ဘူး မယ်မယ်ဖုရားရဲ့ အသက်ကိုတောင် ဒုက္ခပေးနိုင်သေးတယ်။ မယ်မယ်ဘုရားလည်း သတိနဲ့သာနေပါလို့ ပြောချင်ပါတယ်''

''ဟုတ်တယ်လားကွယ်၊ မောင်မင်းတို့စကားကို မယ်မယ်ဖုရား လက်ခံတယ်။ အဲဒီတော့ တရားခံကိုသာ တွေ့အောင်ရှာပေးပါလားကွယ်''

ကျွန်ုပ်နှင့်စုံနံ့သာမင်းမောင်သည် သခင်မကြီး မိထိပ်ထားတင်အား နှုတ်ဆက်၍ ထွက်လာခဲ့ကြပေတော့၏။

***

အချိန်သည်…

ညနေစောင်းလျက်ရှိနေသည့်အတွက် ပတ်ဝန်းကျင်သည် တိတ်ဆိတ်သလိုဖြစ်နေပေ၏။

နေလုံးကြီးသည် အပူရှိန်အား လျော့ခါစအချိန်ဖြစ်နေသည့်အတွက် ကျေးငှက်များ အိမ်တန်းတက်သည့်အချိန် ရောက်ရှိရန် ဖြစ်နေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် စံအိမ်ကြီး၏ အပြင်ဘက် ခြံစည်းရိုးအတွင်းရှိ သစ်ပင်များကြား သွားနေလျက်ရှိပေ၏။ ခြံဝင်းအတွင်းရှိ သစ်ပင်များသည် လွန်စွာ ကြီးမားသည့် ခြုံနွယ်မြက်ရိုင်းများသည် လွန်စွာပေါများ၏။

ကျွန်ုပ်တို့သည် သစ်ပင်ခြုံနွယ်များကြား၌ သဲလွန်စများအား ရှာနေပေ၏။ ခြံ၏မြောက်ဘက်သို့ မရောက်တစ်ရောက်တွင် စုံနံ့သာမင်းမောင်သည် ရပ်လိုက်၏။

"ကိုအောင်သိန်း ဒီခြံပုတ်မှာ ထူးခြားတဲ့အရာတစ်ခု ရှိမယ်ထင်တယ်ဗျာ"

"ဘာကိုဆိုလိုတာလဲ ကိုမင်းမောင်"

"အဲဒီနေရာမှာ ပေါက်နေတဲ့ မြက်ရိုင်းပင်တွေက စိမ်းစိုနေတယ်လေဗျာ။ အဲဒီနေရာမှာ ရေကန်၊ ရေမြောင်းတစ်ခုခုတော့ ရှိတယ်ထင်တယ်ဗျာ"

"ဟုတ်တယ် ကိုမင်းမောင်၊ ကျုပ်သဘောပေါက်ပြီဗျာ"

ကျွန်ုပ် ခေါင်းညိတ်လိုက်ပေ၏။

စုံနံ့သာမင်းမောင်သည် မာဖလာအား တစ်ဖက်သို့ ပတ်လိုက်ချိန်တွင် လေပေါ်၌ ဝေ့ဝဲ၍ ပခုံးထက်သို့ တင်လိုက်ပေ၏။

စုံနံ့သာမင်းမောင်သည် ရှေ့သို့တိုးလျှောက်သွားလျက်ရှိ၏။





ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား ကြည့်လိုက်၏။

"ရေတွင်းတစ်ခုပါလား ကိုမင်းမောင်"

"ဟုတ်တယ် ကိုအောင်သိန်း၊ ကျုပ်တွေးမိတယ်ဗျာ။ ဒီခြံထဲမှာ ရေကန်တွေ ပေါမယ်ထင်တယ်ဗျာ။ အဲဒီတော့ ဒီရေကန်ဟာ ဘယ်နှစ်လုံးရှိတယ်ဆိုတာ မှတ်ဗျာ"

"ဘာလုပ်မလို့လဲ ကိုမင်းမောင်"

"ကျုပ်တို့က သတင်းယူနေတဲ့လူတွေလေဗျာ။ ဒီလောက်တောဖြစ်နေတဲ့ခြံကြီးတစ်ခုကိုတော့ အထင်သေးလိုက်လို့ မရဘူးလေဗျာ"

ထို့နောက်...

စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်၏။ ပြာလဲ့လဲ့မီးခိုးလေးများအား လေးပင့်စွာ မှုတ်ထုတ်လိုက်၏။

"အပြင်နဲ့အတွင်း သီးသန့်ဖြစ်နေတဲ့ ဒီခြံကြီးထဲကို ဝင်ရောက်ပြီး လုပ်ကြံတယ်ဆိုတာလွယ်တဲ့ကိစ္စတော့ မဟုတ်နိုင်ဘူးဗျာ။ အဲဒီလူတွေဟာ ဒီခြံကြီးထဲမှာ နေထိုင်ပြီး လုပ်ကြံတာပဲဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်ဗျာ"

"ခင်ဗျားပြောတာဖြစ်နိုင်တယ် ကိုမင်းမောင်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်တို့သည် မသက်သာသည့်နေရာများအား လိုက်၍လေ့လာလျက်ရှိပေ၏။ ကျွန်ုပ်တို့လေ့လာချိန်၌ ခြံအတွင်း၌ ရေတွင်းခြောက်လုံးတွေ့ရပေ၏။

တွေ့ရှိထားသည့်ရေတွင်းများအား ဒိုင်ယာရီရေးမှတ်ထားသလို မြေပုံပါ ရေးထား၏။ နောက်တစ်ခေါက် ပြန်ကြည့်လျှင် ရေတွင်းများအား တွေ့ရှိရန်ပင်ဖြစ်ပေ၏။

ကျွန်ုပ်တို့၏နားထဲ၌ ခြေသံလိုလို ကြားနေရ၏။ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ သတိပေးမိကြ၏။

"ကျုပ်နားထဲမှာ ခြေသံလိုလို ကြားနေရတယ် ကိုအောင်သိန်း"

"ဟုတ်တယ် ကိုမင်းမောင်၊ ကျုပ်နားထဲမှာလည်း အဲဒီလိုပဲ ကြားနေရတယ် ကိုမင်းမောင်၊ ဒီနေရာမှာ တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်ဗျာ"

"ဒီခြံထဲမှာ တစ္ဆေတွေရှိတယ်လို့ ပြောသံကြားဖူးတယ်။ ဒီခြံကြီးလုံခြုံရေးအတွက် မိထပ်ထားတင် အဖေရဲ့အဖေက အစာကျွေးပြီး မွေးထားတာတဲ့ဗျာ။ နောက်ပြီး ဒီခြံကြီးထဲမှာ အုတ်ဂူဆယ်လုံးရှိတယ်လို့လည်း ကြားခဲ့သေးတာပဲ"

"ဟုတ်တယ် ကိုမင်းမောင်၊ အဲဒီအုတ်ဂူတွေနဲ့ ပတ်သက်





ပြီး ကိုစိုးသာလည်း ပြောခဲ့ဖူးသေးတယ်ဗျာ။ ခု ကျုပ်တို့သွားနေသလောက် အုတ်ဂူတွေ ဘယ်မှာဆိုတာ တွေ့ရခြင်းမရှိသေးဘူးဗျာ"

"ဒါတွေ နောက်တော့ဖြစ်လာမယ်လို့ ကျုပ်ထင်တယ်ဗျာ။ အဲဒီတော့ အခုချိန်မှာ ကျုပ်တို့အတွက် အချိန်မရွေး အန္တရာယ်ဆိုတာ ရှိလာနိုင်တယ်ဗျာ။ သတိထားပါလို့ပဲ ပြောချင်တယ်ဗျာ"

ကျွန်ုပ်တို့သည် စံအိမ်ကြီး၏ ခြံဝင်းအတွင်းအား လေ့လာနေပေ၏။ ထိုအချိန်၌ ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ လွှမ်းမိုးလျက်ရှိနေပေ၏။ ထို့ကြောင့်အတွက် ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်ကြပေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

## ““ထူးဆန်းသည့်အဖြူရောင်မိန်းကလေး””

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက်ရှိပေ၏။

တစ်နေ့တာသွားလာလှုပ်ရှားလျက်ရှိသည့် လူသားအားလုံးနှင့် သက်ရှိအားလုံး အိပ်စက်အနားယူကြပေ၏။ ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးလျက်ရှိပေ၏။

ထိုအထဲ၌ နိုင်မင်းရန်စံအိမ်ကြီးလည်း အမှောင်ထဲ၌ရှိနေသလို ကြီးမားသည့် အပင်ကြီးများ အုပ်ဆိုင်းဝန်းရံထားသည့်အတွက် လွန်စွာခြောက်စရာကောင်းလျက်ရှိပေ၏။





စံအိမ်ကြီး၏ ခြံတံခါးဝ၌ အစောင့်အဖိုးကြီးနှစ်ယောက် အသင့်ရှိနေကြ၏။ ၎င်းတို့၏အနီး၌ ဓားလှံ၊ ဒူးလေးများ အသင့်ရှိနေသလို ၎င်းတို့သည် ထိုပညာများအား ကျွမ်းကျင်ကြပေ၏။

စံအိမ်ကြီး၏အတွင်းခန်း၌ မိထိပ်ထားတင်နှင့်အဖော် အမျိုးသမီးကြီး သုံးယောက်ရှိနေ၏။ အားလုံးသည် အိပ်စက်အနားယူနေကြပေမယ့် မိထိပ်ထားတင်သည် အိပ်စက်ခြင်းမရှိ၊ အတွေးပင်လယ်ထဲ၌ လွင့်မျောလျက်ရှိ၏။

အသက်လောက်ချစ်ရသည့် သမီးတော် ပျောက်ဆုံးသလို ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းခဲ့ရသည့် ပတ္တမြားလည်ဆွဲပျောက်ဆုံးသွား၏။

ထို့အတူ သမီးတော်အတွက် အဖော်ထားရှိသည့် အထိန်းတော် မယ်ထွေးမိပါ ပျောက်ခြင်းမလှပျောက်ဆုံးသွားပေ၏။

ဘဝတွင်နေထိုင်လာခဲ့သည်မှာ နှစ်အတန်ကြာလာခဲ့သည်မှာ ဤသို့ဖြစ်ခဲ့ဘူးခြင်းမရှိပေမယ့် ယခုဖြစ်ပေါ်လာသည့်အတွက် ဘယ်လို မှ အစားထိုးမရအောင်ဖြစ်နေမိ၏။ ၎င်းအမှုပေါ်ပေါက်ရန် နာမည်ကျော် စုံထောက်များရောက်ရှိလာ၍ ဖော်ထုတ်လျက်ရှိ၏။ အမှုအား အမြန်ပေါ်ပါစေဟု မိထိပ်ထားတင် ဆုတောင်းနေမိ၏။

ထိုအချိန် အပြင်ဝန်းကျင်၌ လေများတိုက်ခတ်လျက်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com

အတွက် ပြတင်းပေါက်မှတဆင့် အတွင်းသို့ ဝင်ရောက်လာသလို လိုက်ကာများ လွင့်စင်လျက်ရှိ၏။ လေများ၏တိုက်ခတ်မှုကြောင့် စံအိမ်ကြီးအတွင်း၌ အေးစိမ့်သွားသလို များစွာသည့် အတွေးများနှင့် လျှောက်လှမ်းနေသူ သခင်မကြီးမိထိပ်ထားတင်သည် လွန်စွာတုန်လှုပ်သွား၏။

ကြောက်စိတ်များ လွှမ်းမိုးလာပေ၏။ နံရံ၌ ချိတ်ဆွဲထားသည့် နန်းစဉ်သုံးကျောက်စီဓားအား အကြည့်ရောက်သွား၏။

ထိုအချိန်၌ . . .

"ဘာလို့ အဲဒီလောက်တွေးနေရတာလဲ သခင်မကြီးရဲ့၊ ရည်မှန်းချက်တွေ ပြည့်စုံသွားပြီးဆိုတော့ လွန်စွာ ကျေနပ်နေပြီ မဟုတ်လား"

"ဟင် . . . သမီးတော်"

လွန်စွာ အံ့သြသွားပေ၏။

အသံပိုင်ရှင်သည် အဖြူရောင်ဝတ်စုံအား ဝတ်ဆင်ထား၏။ လှပချောမောသူတစ်ယောက်ဖြစ်၍ ၎င်း၏သမီးတော်နှင့် ဂုဏ်ချင်းတူနေ၏။

၎င်းအတွက် မိထပ်ထားတင်သည် အဖြူရောင်ဝတ်စုံနှင့် မိန်းကလေးအား သေချာကြည့်နေသလို မိန်းကလေးသည် ဘယ်အချိန်





မှ ရောက်ရှိလာသည်ဆိုတာ မတွေးတတ်သလို ၎င်းအား စိုက်ကြည့်နေပေ၏။

"သမီးတော် မယ်မယ်ဖုရားဆီကို ပြန်လာတယ် ဟုတ်လား၊ မယ်မယ်ဖုရားကတော့ မျှော်လိုက်ရတာကွယ်"

"ဘယ်ကသမီးတော်လဲ၊ သခင်မကြီးရဲ့သမီးတော် မဟုတ်ဘူး။ ကျွန်မ ခမည်းတော်ထံက အနိုင်ကျင့်ယူထားတဲ့ ရတနာတွေ လာပြန်တောင်းတာ။ အဲဒီရတနာတွေကို ကျွန်မလက်ထဲကို ထည့်ပါ။ မထည့်ဘူးဆိုရင်တော့"

ရုတ်တရက်ကြားလိုက်ရသည့်စကားကြောင့် မိထိပ်ထားတင် ဘာပြောရမှန်းမသိအောင်ဖြစ်သွားပေ၏။ ဝတ်စုံဖြူနှင့်မိန်းကလေး အား ကြည့်နေမိ၏။

"မင်း ဘာတွေလာပြောနေတာလဲ၊ မင်းနာမည် ဘယ်သူလဲ"

"ကျွန်မနာမည် စောနန္ဒီပါ၊ ကျွန်မ ဖခမည်းတော်ထံက ယူသွားတဲ့ ရတနာတွေကို လာယူတာပါ"

"မင်းအဖေ ဘယ်သူလဲ၊ ဘယ်တုန်းက ယူထားတာလဲ"

"ရှင်ကမေ့ပြီပေါ့၊ ဒါဟာ အပြစ်မရှိပါဘူး။ ရှင်မသိသေးရင်လည်း ပြောပြရတာပေါ့။ ကျန်ခဲ့တဲ့ တစ်ဘဝဟောင်းတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏဘုမ္မိမှာ အတူတူနေခဲ့ကြတုန်းကပေါ့။ ရန်သူတွေဟာ ဖခမည်းတော်နောက်ကို လိုက်နေကြတယ်။ ရတနာပစ္စည်းတွေပါသွားရင် အသတ်ခံရမှာကြောင့် စိုးရိမ်စိတ်နဲ့ပေးခဲ့တယ်။ ရန်သူတွေလက်က လွတ်သွားတော့ ခမည်းတော်ဟာ လာပြန်တောင်းတယ်။ အဲဒါကို ရှင်ကမပေးလိုက်ဘူး။ အဲဒီစိတ်နဲ့ ခမည်းတော်ဟာ စိတ်ထိခိုက်ပြီး သေသွားတယ်။ သူမသေခင်မှာ ကျွန်မကို မှာသွားတယ်''

''ရှင့်ဆီက ရတနာတွေတောင်းပြီးတော့ သူ့အတွက် အလှူဒါနပြုလုပ်ပေးပါတဲ့၊ အခု ခမည်းတော်ဟာ မကျွတ်ဘူးသခင်မကြီးရဲ့ ခြံထဲက ညောင်မုဆိတ်ပင်မှာ သရဲအဖြစ်နဲ့နေရတယ်။ အဲဒီပစ္စည်းတွေ ပြန်ပေးပါ။ အဲဒီအတွက် နောက်ထပ်သုံးရန်အချိန်ပေးမယ်၊ ပစ္စည်းမပေးရင် သခင်မကြီးကိုသတ်ပြီး ကျွန်မခမည်းတော်နဲ့နေရာချင်းလဲရမယ်''

မိထိပ်ထားတင်သည် ရုတ်တရက် ဘာပြောရမှန်းမသိအောင်ဖြစ်သွားပေ၏။

စောနန္ဒီ၏စကားများအား ရုတ်တရက်ဖြစ်နေသည့်အတွက် စိုးရိမ်စိတ်များ လွှမ်းမိုးလျက်ရှိနေပေ၏။ စောနန္ဒီသည် ကျေနပ်သည့်မျက်နှာများနှင့် မိထိပ်ထားတင်အား ကြည့်နေပေ၏။

သခင်မကြီးသည် သုဝဏ္ဏဘုမ္မိ၌ နေထိုင်ခဲ့ဖူးခြင်း မရှိဟု





ငြင်းဆိုရန် ခက်နေသလို စောနန္ဒီ၏ ခမည်းတော်အား မသိဘူးဟု ပြောရန်လည်း ခက်နေပြန်၏။ စောနန္ဒီပြောဆိုချက်အတိုင်းဆိုလျှင် ထိုကိစ္စသည် ဘဝဟောင်းမှကိစ္စပင်ဖြစ်၏။

၄င်းပြောသည်မှာ တစ်ချက်ခိုင်လုံနေ၏။ ညောင်မုဆိတ်အပင်၌ တစ္ဆေသရဲရှိ၏။ ထိုစကားပြောသူသည် မိထိပ်ထားတင်၏ ခမည်းတော်ပြောသွားခြင်းဖြစ်၏။

''ဟဲ့… သမီးတော် ဟိုညောင်မုဆိတ်ပင်ကြီးနားကို မသွားနဲ့ ဘစ္ဆေရှိတယ်။ လန့်ပြီး တစ်ခုခုဖြစ်သွားနိုင်တယ်။ ဟဲ့… အထိန်းတော်များ သမီးတော်ကို ဂရုစိုက်နော် ကြားလား''

ထိုစကားသည် မိထိပ်ထားတင်၏ ခမည်းတော် စကားဖြစ်၏။ ထိုတစ္ဆေများသည် ဘယ်အချိန်ကာလမှ စတင်ရောက်ရှိလာသည်ဆိုတာ မတွေးတတ်အောင်ဖြစ်နေမိ၏။

''မင်းမဟုတ်တာတွေ လာပြောမနေနဲ့၊ မင်းဟာ စောနန္ဒီဆိုတာ ငါမယုံဘူး။ အသိမိတ်ဆွေတွေထဲမှာလည်း ဒီနာမည်ကို မကြားဖူးဘူး''

''အခုကြားဖူးပြီမဟုတ်လား။ အဲဒီတော့ ကျွန်မရဲ့ ခမည်းတော်ထံက ယူထားလိုက်တဲ့ ရတနာပစ္စည်းတွေ ပြန်ပေးခဲ့၊ နောက်သုံးရက်ပြည့်တဲ့နေ့ကျရင် လာခဲ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"မလာနဲ့ မပေးနိုင်ဘူး... မပေးနိုင်ဘူး"

မိထိပ်ထားတင်သည် အထိတ်တလန့်နှင့်ပြောလိုက်သည့်အတွက် ဝန်းကျင်တစ်ခုလုံး ဆူညံစွာ လွှမ်းမိုးသွားပေ၏။ အဖြူရောင်ဝတ်စုံပိုင်ရှင် စောနန္ဒီသည် ကျေနပ်စွာ ပြုံးကြည့်နေချိန်တွင် လွန်စွာကြောက်စရာကောင်းသည့်အသံတစ်ခု ထွက်ပေါ်လာပေ၏။

"ဝုန်း..."

"ဂျိန်း..."

"ဝေါင်း..."

ထိုအသံသည် တိတ်ဆိတ်သည့် အမှောင်ထုအား ဖြိုခွင်းသွားပေ၏။

"အမလေး"

ထပ်ဆင့်ထွက်ပေါ်လာသည့် အသံသည် မိထိပ်ထားတင်၏ အသံသာဖြစ်ပေ၏။ ထိုသို့ အော်ဟစ်ပြီးနောက် သတိလစ်၍ လဲကျသွားပေတော့၏။

"ဟဲ့... သခင်မကြီး လဲကျသွားပြီ"

"လာပါဦး၊ လုပ်ကြပါဦး"

အထိန်းတော်များ၏အသံပင် ဖြစ်သွားပေ၏။

အထိန်းတော်များသည် ပြေးထွက်လာကြသလို တံခါးဝ၌





တာဝန်ယူစောင့်နေကြသည်။ အဖိုးအိုနှစ်ယောက်အနက် တစ်ယောက်သည် သခင်မကြီးထံ ဦးတည်လျှောက်ရှိနေပေ၏။

ကျန်တစ်ယောက်သည် ခြံတံခါးဝ၌နေထိုင်၍ အကဲခတ်နေချိန်၌ အဖြူရောင်ဝတ်စုံနှင့်အရာဝတ္ထုတစ်ခု ထွက်ပြေးသွားသည်အား တွေ့လိုက်ရပေတော့၏။

ထိုနေ့ည၌ ကြုံတွေ့ခဲ့ရသည်ဖြစ်ရပ်များသည် သခင်မကြီး မိထိပ်ထားတင်အတွက် လွန်စွာ အံ့ဩစရာကောင်းသလို ထူးဆန်းသည့်ကိစ္စတစ်ခုဟု စိတ်ထဲ၌ထင်မှတ်နေမိ၏။ ထိုအတွက်ကြောင့် သခင်မကြီးသည် အထိတ်တလန့်နှင့် အိပ်ရာထက်၌ လဲကျချိန်၌ ပျောက်ဆုံးသွားသည်။ အထိန်းတော် မယ်ထွေးမိ၏အစ်ကိုများ ရောက်ရှိလာကြပြန်၏။

"ကျုပ်တို့ရဲ့ ညီမထွေးမိ ပျောက်ဆုံးသွားတာ သခင်မကြီးကြောင့် ဖြစ်ရတာ။ အဲဒီအတွက် ကျုပ်တို့ကို ဘယ်လိုဖြေရှင်းပေးမလဲ"

"စုံထောက်ကျော်များ ရောက်နေပါတယ်။ အဲဒီကိစ္စကိုကြောင့် အကောင်အထည်ပေါ်လာပါလိမ့်မှာပါပေါ့လားကွယ်"

"အဲဒီလူတွေက တာဝန်ယူထားလို့လား သခင်မကြီး။ အခု

www.burmeseclassic.com



ကျုပ်ရဲ့အမေဟာ ညီမလေးထွေး၊ မိကိစ္စနဲ့ အိပ်ရာထဲမှာ လဲနေပြီ။ အဲဒီအတွက် ကျုပ်တို့မှာ ဆေးဖိုးတွေလိုနေတယ်။ ကျုပ်တို့အမေ တစ်ခုခုဖြစ်လို့ကတော့ ခင်ဗျားမလွယ်ဘူး''

ထိုစကားသံသည် လွန်စွာ ကြောက်စရာကောင်းလျက်ရှိ၏။

သခင်မကြီးသည် ပြောလာသူ မယ်ထွေးမိ၏အစ်ကို တေင်စိန်အား ကြည့်လိုက်၏။ ၎င်း၏အကြည့်သည် တောင်းပန်သည့် အကြည့်သာဖြစ်ပေ၏။ တေင်စိန်၏မျက်နှာသည် ဒေါသများ လွှမ်းမိုးလျက်ရှိနေသလို လုပ်မည်ဟုပြောလျှင် တကယ်ကို လုပ်တတ်သူ တစ်ယောက်ဖြစ်၏။

''မောင်ရင်ရဲ့အမေ့ရောဂါအတွက် ဆေးဖိုးပေးလိုက်ပါ့မယ်။ စုံထောက်ကြီးများရဲ့ အစွမ်းအစနဲ့ လုပ်ဆောင်ချက်ကို ခဏလောက် ကြည့်ပေးပါဦး။ မောင်နုမပျောက်ဆုံးသွားတာနဲ့အတူ သမီးတော်နဲ့ အတူ ပတ္တမြားလည်ဆွဲပျောက်ဆုံးသွားတာကိုလည်း စိတ်သောက ရောက်နေတဲ့ကာလမို့ ဘာမှမပြောချင်သေးပါလားကွယ်''

''ရော့... ဒီမှာမောင်ရင် အမေ့ရောဂါအတွက် အသပြာ တစ်ဆယ်ယူသွားပါ''

မိထိပ်ထားတင်သည် အသပြာတစ်ဆယ်အား ပေးလိုက်ရ ပေ၏။ စိတ်ထဲ၌ မကျေနပ်ချင်အောင်ဖြစ်နေ၏။





ထို့နောက် အသပြာတစ်ဆယ်ယူ၍ တေင်စိန်သည် ပြန်သွား ပေ၏။

တေင်စိန် ပြန်သွားချိန်တွင် ကျွန်ုပ်တို့နှင့် ခြံတံခါးဝ၌ ဆုံ တွေ့ကြပေ၏။

စုံနံ့သာမင်းမောင်သည် ၎င်းအား တစ်ချက်ကြည့်၍ အကဲ ခတ်လိုက်သလို တေင်စိန်သည် ကျွန်ုပ်တို့အား အကဲခတ်ကြည့်၍ အပြီး၌ ချက်ချင်းထွက်သွားပေ၏။ ကျွန်ုပ်တို့သည် စံအိမ်အတွင်း ဘက်သို့ ထွက်လာခဲ့ပေ၏။

စံအိမ်ကြီးအတွင်း၌ သခင်မကြီး စိတ်ပျက်သည့်မျက်နှာနှင့် တုလားထိုင်ပေါ်၌ ရှိနေပေတော့၏။ ကျွန်ုပ်တို့အား အားကိုးသလို ကြည့်နေပေ၏။

''သမီးကိစ္စ ဘာထူးလဲ စုံထောက်လေးတို့ရာ''

စုံနံ့သာမင်းမောင်သည် စီးကရက်ကို တစ်ချက်ဖွာရှိုက်လိုက် ပြီး သခင်မကြီးအား ကြည့်လိုက်၏။

''တစ်နေ့ကျရင်ပေါ်ပါလိမ့်မယ်။ ကျုပ်တို့သိချင်တာက ခပ်စောစောက ထွက်သွားတာ ဘယ်သူတွေလဲ စံအိမ်ကြီးနဲ့ ဘယ်လို ပတ်သတ်နေလဲဆိုတာပဲ''

''အဲဒါ မယ်ထွေးမိရဲ့အစ်ကိုတွေပါ။ သူ့ညီမကိစ္စနဲ့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အမေဟာ စိတ်ဓာတ်ကျပြီး အိပ်ရာထဲမှာ လဲနေတယ်။ တွေ့အောင်ရှာပေးပါ ဆေးဖိုးလည်းမရှိဘူး။ ပြောလို့ဆေးဖိုးမရှိဘူးဆိုလို့ ဆေးဖိုးပေးလိုက်ရတာလားကွယ်''

''ကျုပ်တို့ အဲဒီလူတွေအပေါ်မှာ သံသယရှိတယ်။ အဲဒီအတွက် စံအိမ်ထဲကို မဝင်ပါနဲ့လို့ပြောချင်ပါတယ်''

''သူတို့ကို ဘယ်လိုလုပ်ပြီး မဝင်နဲ့လို့ ပြောရမှာလဲကွယ်။ အဲဒီလိုသာပြောလိုက်ရင် မယ်မယ်ဖုရားကို ပြဿနာရှာမှာပေါ့လားကွယ်''

''ကျုပ်တို့က မယ်မယ်ဖုရားအတွက် ပြောနေတာပါ။ အဲဒီလိုမှ လက်မခံရင် မယ်မယ်ဖုရားကို အသက်အန္တရာယ်ပြုနိုင်ပါတယ်''

''အမယ်... ဒုက္ခ''

အထိတ်တလန့်ဖြစ်သွားပေ၏။

စုံနံ့သာမင်းမောင်သည် ထိုလူများနှင့် ပတ်သက်၍ ကျွန်ုပ်အား ပြောခဲ့၏။

''အဲဒီလူတွေကြည့်ရတာတစ်မျိုးပဲ ကိုအောင်သိန်း၊ စံအိမ်ကြီးကို ဒုက္ခပေးနိုင်တယ်ဗျာ''

၄င်းတို့နှင့်ပတ်သက်၍ ထိုသို့ပြောခဲ့ဘူး၏။ တကယ်တော့ စုံနံ့သာမင်းမောင်သည် လူအကဲခတ်လွန်စွာ တော်သူတစ်ယောက်





ဖြစ်၏။ ထိုသို့ပြောသည်ဆိုသည့်အတွက် လွန်စွာ အဓိပ္ပာယ်ရှိပေ၏။ ထိုသို့ပြောလိုက်လျှင် လွဲခဲ့ပေ၏။

''သူတို့က အဲဒီလောက်ပဲ ဆိုးသွမ်းနေလို့လားကွယ်''

''အဲဒီလောက်ဆိုးသလားဆိုတာ ကျုပ်တို့ကြိုပြီး မပြောချင်ဘူးဗျာ။ ကျုပ်တစ်ခုမေးချင်တယ်။ ဒီရက်ပိုင်းအတွင်းမှာ ထူးခြားမှုရှိတယ်။ အဲဒါကိုပြောပါ''

''ကျန့်ခဲ့တဲ့ညက မယ်မယ်ဖုရားထံ မိန်းကလေးတစ်ယောက်ရောက်လာတယ်။ ဘယ်ကရောက်လာတာလဲဆိုတာတော့ မသိသလို ဘယ်ကထွက်သွားတယ်ဆိုတာလည်း မသိဘူး။ နာနာဘာဝလားလို့ ထင်တယ်''

''အဲဒီမိန်းကလေးက ဘယ်လိုပုံစံလဲ''

''မယ်မယ်ဖုရားရဲ့ သမီးတော်နဲ့ရုပ်ချင်းလွန်စွာတူပါကလားကွယ်။ သူတို့တွေ့စက မယ်မယ်ဖုရားရဲ့ သမီးတော်လို့ ထင်တယ်။ တကယ်တမ်းကျတော့ သမီးတော် မဟုတ်ဘူး။ နာမည်က စောနန္ဒိတဲ့၊ အဖြူရောင်ဝတ်စုံကို ဝတ်ထားတယ်။ တစ်ဘဝခြားက အကြွေးတွေလာတောင်းတာတဲ့လားကွယ်။ သူတို့ဟာ ညောင်ပင်ကြီးမှာ နေကြတယ်တဲ့လားကွယ်''

ကျွန်ုပ်တို့ စဉ်းစားစရာတစ်ခုဖြစ်လာကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



စောနန္ဒီဆိုတဲ့ မိန်းကလေးသည် တကယ်တစ္ဆေသရဲ နာနာဘာ၀ မဟုတ်လား၊ ဒါမှမဟုတ် အတုအယောင်များလား။ ထပ်ဆင့်စဉ်းစားစရာတစ်ခုဖြစ်လာပေ၏။

စုံနံ့သာမင်းမောင်သည် မာဖလာအား ပြင်လိုက်ပေ၏။

"ကျုပ်သဘောပေါက်ပြီ မယ်မယ်ဖုရား၊ ကျုပ်တို့ စံအိမ်အတွင်းကို ဆက်ပြီး လေ့လာလိုက်ပါဦးမယ်"

"ကောင်းပါပြီကွယ် အမှုကို အမြန်ဆုံးဖော်ထုတ်ပေးပါလို့ တောင်းပန်ပါတယ်ကွယ်"

ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် စံအိမ်ကြီး၏ ခြံအတွင်းအား သဲလွန်စရှာရန် ထွက်ခဲ့ကြပေ၏။

"ကျုပ်တို့ခြံစောင့်ကြီးတွေဆီ သွားကြမယ်ဗျာ"

"ကောင်းပါတယ် သူတို့ဆီကလည်း တစ်ခုခုများ သဲလွန်စရနိုင်ပါတယ်"

ကျွန်ုပ်နှင့်စုံနံ့သာမင်းမောင်တို့သည် ခြံစောင့်ကြီးများထံ ရောက်ရှိလာခဲ့၏။ ၎င်းတို့၏ ထွက်ဆိုချက်များ၌ သခင်မကြီး၏ ထွက်ဆိုချက်များနှင့် တစ်ထပ်တည်းဖြစ်နေပေ၏။

"အဲဒီအချိန်မှာ အဖြူရောင်ဝတ်စုံနဲ့ မိန်းကလေးတစ်ယောက် ညောင်မင်းကြီးထံ ဦးတည်တာကို တွေ့လိုက်ရတာလားဗျာ"





"တခြားဘာတွေထူးသေးလဲ"

"ဘာမှတော့ မထူးပါဘူး ဒီလောက်ပါပဲလားဗျာ"

ထို့နောက် ကျွန်ုပ်နှင့်မိတ်ဆွေကြီးစုံနံ့သာမင်းမောင်တို့သည် ညောင်ပင်ကြီးဘက်သို့ ဦးတည်ထွက်လာခဲ့ပေ၏။

***

"ဒါက မိန်းကလေးတစ်ယောက်ရဲ့ခြေရာပဲ ကိုအောင်သိန်း"

စုံနံ့သာမင်းမောင်သည် ခြေရာတစ်ခုအား ပြလိုက်၏။ ခြေရာသည် ညောင်ပင်ကြီး ပေနှစ်ဆယ်ကျော်အကွာ၌ ရှိပေ၏။

ခြေရာ၏ ဘေး၌ ရေမြောင်းလေးတစ်ခုရှိ၏။ ရေမြောင်း၏ အစပ်၌ ထိုခြေရာအား တွေ့ရှိခြင်းပင်ဖြစ်၏။

"ဟုတ်တယ် ကိုမင်းမောင်၊ ဒါဆို ဒီမိန်းကလေးဟာ နာနာဘာ၀တော့ မဖြစ်နိုင်ဘူးဗျာ။ သက်ရှိလူသားတစ်ယောက်ပဲဖြစ်ရမယ်"

"သေချာတာပေါ့ဗျာ။ သူတို့ဟာ ဒီခြံရဲ့တစ်နေရာမှာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com

ရင်တောင်မှ အပြင်ကို ထွက်တဲ့လမ်းတော့ ရှိရမယ်။ လာဗျာ ခြေရာခံလိုက်ကြမယ်"

ကျွန်ုပ်တို့သည် ခြေရာလှည့်သည့်ဘက်သို့ ခြေဦးလှည့်လိုက်လာကြပေ၏။ ခြေရာသည် ထိုနေရာ၌သာ တွေ့ရှိရ၏။ ဝန်းကျင်၌တွေ့ရှိခြင်းမရှိအောင်ဖြစ်နေသည့်အတွက် သဲလွန်စရှာရခက်နေပေ၏။

"ဖျောင်း..."

"ဝုန်း... ဝုန်း"

"ဝုစ်... ဝုစ်"

အပေါ်၌ သစ်ကိုင်းခြောက်တစ်ခု ကျိုးကျလာ၏။ ထိုအတွက် အပင်ပေါ်၌ အနားယူနေသည့်ငှက်များ အလန့်တကြားထ၍ ပျံသန်းကုန်သလို သစ်ကိုင်းခြောက်သည် ကျွန်ုပ်တို့၏ဘေး၌ လာရောက်ကျလာပေ၏။

ထို့အတူ လင်းနို့အနီများ၊ လိပ်ပြာအနီများသည် ကျွန်ုပ်တို့အနီး၌ ပျံသန်းလျက်ရှိနေပေ၏။

ထိုလိပ်ပြာနှင့်လင်းနို့များသည် လူသူကင်းသည့်နေရာ၌ နေထိုင်ပျော်မွေ့ကြပေ၏။

"ကိုအောင်သိန်း သတိထားဗျာ၊ ဒါဟာ မရိုးသားဘူးလို့ ကျုပ်ထင်တယ်"





"ဖြစ်နိုင်တယ် ကိုမင်းမောင်"

ထို့နောက်...

ကျွန်ုပ်ရော စုန့်သာမင်းမောင်တို့သည် အသင့်ပါလာသည့် လွယ်အိတ်အတွင်းသို့ လက်များနှိုက်လိုက်၏။ လွယ်အိတ်အတွင်း၌ လောက်လေးခွ၊ လောက်စာလုံး၊ လက်ထိပ်၊ ဒိုင်ယာရီစာအုပ်များ ပါရှိ၏။

သေနတ်နှင့်ကျည်ဆံသည် ကုတ်အကျႌအတွင်း၌သာ လူမမြင်ရန်အတွက် သိမ်းဆည်းထားပေ၏။ ကျွန်ုပ်တို့သည် ရှေ့ဆက်လိုက်ကြပေ၏။

"ကိုအောင်သိန်း ဘာသံလဲဗျာ"

ကျွန်ုပ်တို့ အသံလာရာသို့ နားထောင်နေကြပေ၏။

ငှင်းအသံများသည် ယင်ကောင်များ၏အသံသာဖြစ်ပေ၏။ ယင်ကောင်များသည် အရာဝတ္ထုတစ်ခုအား လုယက်စားသောက်နေကြသည့်ဟန်ပင်ဖြစ်၏။ စုန့်သာမင်းမောင်သည် စီးကရက်အား ထုတ်ယူလိုက်၏။ ထိုမှတဖန် ပတ်ဝန်းကျင်အား အကဲခတ်လိုက်ပြီး၊ စီးကရက်ကို မီးညှိလိုက်၏။ ငှင်းသည် အရာဝတ္ထုတစ်ခုအား ကြိုတင်တွေးမိလိုက်၏။ မိတ်ကို အသင့်ပြင်ထားလိုက်ပြီး ကျွန်ုပ်အား မျက်



www.burmeseclassic.com

www.burmeseclassic.com

ရိပ်ပြလိုက်၏။ ကျွန်ုပ်တို့အသံများကြားရာသို့ ဦးတည်ထွက်လာခဲ့ကြ၏။

“ကိုအောင်သိန်း ဟိုမှာကြည့်စမ်း”

“ဟာ… ခွေး‘အ’တွေပါလား”

ကျွန်ုပ်တို့ ရုတ်တရက်ခြေလှမ်းများအား ရပ်လိုက်မိကြ၏။

ခွေး‘အ’နှစ်ကောင်သည် မာန်ဖီ၍ စားသောက်နေကြ၏။ ၎င်းတို့သည် အသားတစ်ခုအား စားသောက်နေမှန်းသိသော်လည်း ခြုံများ၏ ကာစီးမှုကြောင့် ဘယ်အရာဆိုတာ သဲသဲကွဲကွဲ မြင်တွေ့ရခြင်းမရှိအောင်ဖြစ်နေ၏။ ခြုံနွယ်များ ထူထပ်ပေါများသလို သစ်ပင်များ ဦးတစ်ဟိုမြေ၌ ပေါက်နေသည့်အတွက် တောကြီးတစ်ခုကဲ့သို့ ဖြစ်နေပေ၏။

ထိုအတွက်ကြောင့် တောရိုင်းတိရစ္ဆာန်များ၏ ပျော်စံရာမြေ ဖြစ်နေ၏။

“အဲဒီအကောင်တွေက ကျုပ်တို့ကို အန္တရာယ်ပြုနိုင်တယ် ကိုအောင်သိန်း”

“အဲဒါတော့ သေချာတယ် ကိုမင်းမောင်၊ ဒီကောင်တွေဟာ အစုလိုက်နေကြတာများတယ်။ အဲဒီတော့ သေနတ်နဲ့ပစ်ရင်ကောင်းမယ်”





“ဒီကောင်တွေသေသွားမယ်။ အဲဒီလိုလုပ်လို့ မဖြစ်သေးဘူးဗျာ။ ဒီကောင်တွေ ဘယ်မှာနေတယ်ဆိုတာ သိချင်တယ်”

“ဘာသဘောလဲ ကိုမင်းမောင်၊ ခင်ဗျားပြောတာကို ကျုပ်နားမလည်ဘူးဗျာ”

စုန့်သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပြီးနောက် ကျွန်ုပ်အား ကြည့်လိုက်၏။ လက်ထဲ၌ လောက်လေးခွအား အသင့်ကိုင်ထား၏။

“ဒီကောင်တွေက မြေတွင်းထဲမှာ နေကြတာလားဗျာ။ ဒါမှမဟုတ်ရင် ခြုံတစ်ဖက်က တောထဲမှာနေကြတာလား။ ခြုံတစ်ဖက်က တောထဲမှာနေတယ်ဆိုရင် ကျုပ်တို့အတွက် သဲလွန်စပေါ့ဗျာ”

“ကျုပ်သဘောပေါက်ပြီ ကိုမင်းမောင်”

“ကျုပ်တို့ သဲလွန်စကို ရှာကြမယ်ဗျာ”

ကျွန်ုပ်တို့ ရှေ့တိုး၍ ခပ်ရွယ်ရွယ်သစ်ပင်ဘေးသို့ ကပ်၍ နေရာယူလိုက်ကြ၏။ ခွေးများသည် ကျွန်ုပ်တို့အား တွေ့ရှိခြင်း မရှိသလို အစာကိုသာ စားနေကြ၏။

၎င်းတို့သည် ကျွန်ုပ်တို့အား တွေ့လိုက်သည်နှင့် အန္တရာယ်ပြုနိုင်ပေ၏။ ထိုသို့ အန္တရာယ်ပြုလျှင် ကျွန်ုပ်တို့၏ ပစ်မှတ်တစ်ခုဖြစ်သွားနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ဝှစ်..."

"ဂိန်... ဂိန်"

ခွေးအသည် ရုတ်တရက် ထိမှန်သွားသည့် လောက်စာလုံးကြောင့် ဘေးသို့ လဲကျသွား၏။ စုံနံ့သာမင်းမောင် လေးပစ်အားသည် လွန်စွာကြောက်စရာကောင်းသလို ပြောသည့်နေရာအား ပိုင်နိုင်စွာ ထိမှန်တတ်၏။ ထိုအတွက်ကြောင့် စုံနံ့သာမင်းမောင်အား ချီးကျူးမိ၏။ ရန်သူများ စုံနံ့သာမင်းမောင်အား မနိုင်ဘူးဆိုသည့်အချက် ထိုကိစ္စကြောင့်လည်းပါ၏။

ထို့နောက် ခွေးအသည် ထွက်ပြေးကုန်ကြ၏။

၎င်းတို့အား သေချာကြည့်နေမိ၏။ ခွေး'အ'များသည် ခြေဦးတည့်ရာပြေးကြသည်ဟု သတ်မှတ်ပေမယ့် ၎င်းတို့၏ နေထိုင်ရာကို မှတ်ထားသည်မှာ လွန်စွာ မှတ်ဉာဏ်ကောင်းကြ၏။ ခွေး'အ'များသည် မြောက်ဘက်အုတ်နံရံသို့ ဦးတည်လျက်ရှိပေ၏။

ကျွန်ုပ်တို့သည် ခွေး'အ'နှစ်ကောင်အားကြည့်လိုက်၏။ ခွေး'အ'သည် ပြေးရင်းနှင့် ပျောက်ကွယ်သွား၏။ ခြုံနွယ်များ၊ မြက်နွယ်ပင်များကြောင့် ပျောက်ကွယ်သွားကြောင်း သိထားမိပေ၏။

ကျွန်ုပ်တို့သည် ခွေးအများ စားသောက်သည့်နေရာသို့ အရောက်တွင် လွန်စွာ အံ့ဩမိကြပေ၏။ ၎င်းမှာ လူတစ်ယောက်၏





အလောင်းသာဖြစ်၏။ ကျွန်ုပ်တို့နှစ်ယောက်အကြည့်ချင်းဆုံမိကြပေတော့၏။

***

စုံနံ့သာမင်းမောင်သည် မှတ်တမ်းများအား ပြန်လည်၍ ဖတ်ရှုနေပေ၏။

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏အခန်းတွင်းသို့ ဝင်လိုက်၏။ ကျွန်ုပ်တို့လိုက်နေသည့်အမှု၏ အခြေအနေအား သုံးသပ်၍ စကားပြောဖြစ်ကြ၏။

"ဘယ်လိုသဘောရလဲ ကိုမင်းမောင်၊ ကျုပ်အထင်တော့ကြာရင် ပိုဆိုးလာနိုင်တယ်"

"သိပ်မှန်တာပေါ့ ကိုအောင်သိန်းရာ၊ ၎င်းတို့ရဲ့ ထွက်ဆိုချက်အရ သေဆုံးသူဟာ စံအိမ်နဲ့ဘယ်လိုမှ မပတ်သတ်ဘူးဆိုတော့ တရားခံတွေနဲ့ ပတ်သာတ်နေမယ်လို့ ထင်တယ်ဗျာ"

"အဲဒီလူက ဘယ်မှာနေလဲ ကိုမင်းမောင်"

"မိသုန်ရပ်ကလို့ပြောတယ်၊ နာမည်က ဘသက်ထွန်းတဲ့၊ ကျုပ် ဘသက်ထွန်းမိသားစုဆီကို သွားမလို့ပဲဗျာ"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့သွားမှာလဲ ကိုမင်းမောင်"

"အခု ဒီစာလေးတွေပြီးတာနဲ့ သွားမှာဗျာ။ အဲဒီတော့ ခင်ဗျားပြန်ဗျာ။ လန်ချားလှည်းခေါ်ခိုင်းထားလိုက်"

"ကောင်းပြီး ကိုမင်းမောင်"

ကျွန်ုပ်သည် စုံနှံ့သာမင်းမောင်၏ ခိုင်းစေချက်အတိုင်း လုပ်ဆောင်ရန်အတွက် အခန်းအတွင်းမှ ထွက်လာခဲ့ပေ၏။

စုံနှံ့သာမင်းမောင်သည် မှတ်တမ်းများအား ဖတ်အပြီး၌ မိသုန်ရပ် ဘသက်ထွန်းမိသားစုနေထိုင်ရာသို့ ထွက်ခွာသွားရန် ရုံးခန်းအပြင်သို့ ထွက်လာခဲ့ပေ၏။

ကျွန်ုပ်သည် လန်ချားနှင့်အသင့်စောင့်လျက်ရှိ၏။ ထို့နောက် ကျွန်ုပ်တို့သည် မိသုန်ရပ်သို့ ထွက်ခွာလာခဲ့ကြ၏။

မိသုန်ရပ်သည် မြို့၏ အရှေ့တောင်ထောင့်ကျ၏။ ၎င်းရပ်သည် လူသူတော်ကောင်းများ နေထိုင်ကြသလို လူဆိုး၊ လူမိုက်များလည်း နေထိုင်ကြ၏။ ကျွန်ုပ်တို့သည် မိသုန်ရပ်သို့ မိနစ် နှစ်ဆယ်ကျော် လန်ချားစီးရ၏။

"ကိုအောင်သိန်း သတိတော့ထားဗျာ၊ ဒီနေရာက ကျုပ်တို့အတွက် လွန်စွာ စိမ်းနေတယ်လားဗျာ"

"စိတ်ချ ကိုမင်းမောင်၊ ကျုပ် ဘယ်အရာကိုမှ လျှော့မတွက်





ထားဘူးဗျာ"

တကယ်လည်း လျှော့တွက်ထားလို့ ရသည့်နေရာ မဟုတ်ပေ။ မိသုန်ရပ်သည် ကြောက်စရာကောင်းသလို စိတ်ညစ်စရာလည်း လွန်စွာကောင်းပေ၏။

ကျွန်ုပ်တို့ မိသုန်ရပ်သို့ ရောက်ရှိလာပေ၏။ လိပ်စာအတိုင်း ဘသက်ထွန်း၏နေအိမ်သို့ ရောက်ရှိလာကြ၏။ ကျွန်ုပ်တို့အတွက် လွန်စွာအဆင်ပြေ၏။ ဘသက်ထွန်း၏ဇနီးနှင့် ဆုံမိကြ၏။ ဘသက်ထွန်း၏ဇနီးအား မေးမြန်းစစ်ဆေးမိ၏။

"ကိုသက်ထွန်းဟာ မိုးချုပ်တာနဲ့ အပြင်ကို မထွက်ပါဘူး။ အဲဒီညက လူနှစ်ယောက်လာခေါ်သွားတယ်။ ဘယ်တိုသွားမယ်လို့ မပြောသွားဘူး။ သိပ်မကြာဘူး။ ပြန်လာမယ်လို့သာ ပြောသွားပါတယ်ရှင်"

အဲဒီညက မိုးလင်းတဲ့အထိ ပြန်မလာဘူး စုံစမ်းလို့လည်း မရဘူး။ ဟိုဘက်လမ်းမှာ သူ့အစ်ကိုရှိတယ် သွားမေးတော့ ခဏလာပြီး ပြန်သွားတယ်။ ဘာမှတော့ ပြောမသွားဘူးတဲ့ရှင်"

"ကိုဘသက်ထွန်းက ဘာအလုပ်လုပ်လဲ"

"ကျွန်မတို့မိသားစုအားလုံး တောင်သူတွေပါ၊ တခြားအလုပ်မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်မင်းရန်စံအိမ်နဲ့ပတ်သတ်ဘူးလား"

"မပတ်သတ်ဘူးပါဘူး။ စံအိမ်တော်အတွင်းမှာ သေဆုံးနေတယ်ဆိုတဲ့သတင်းကြားရတော့ အစ်မတို့များ လွန်စွာ အံ့ဩမိပါလားကွယ်"

ဘသက်ထွန်း၏ ဇနီးသည် ထိုသို့ပြောရင်း မျက်ရည်များ ထွက်ကျလာပေ၏။

တကယ်တော့ ဘသက်ထွန်းသည် တကယ့်လူရိုးလူအေး တစ်ယောက်ဟု အားလုံး သတ်မှတ်ထားသလို မိသုန်ရပ်ပိုင်းတစ်ခုလုံးရှိ သာရေးနာရေးများအား ကိုယ်ရောစိတ်ပါ ဝင်ရောက်ကူညီတတ်၏။

ယခု အသတ်ခံရသည်ဆိုသည့်အတွက် တစ်ရပ်လုံး အံ့ဩသလို ယူကြုံးမရဖြစ်နေကြရ၏။ လူသတ်တရားခံအား ဝင်ရောက် စုံစမ်းကူညီကြမည်ဟု ပြောနေကြ၏။

ထိုရပ်ကွက်၌ လူမိုက်တစ်ယောက်ရှိ၏။ ၄င်း၏လက်ချက်ကြောင့် သေရမည်လားဟု ထင်ကြေးပေးကြ၏။ ဘသက်ထွန်း၏ အသိုင်းအဝိုင်းသည် ဒါဟာ အသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာချလိုက်တာဟု မှတ်ချက်ချကြပေ၏။

ဘသက်ထွန်း၏သားအကြီးသည် စားရှည်ကိုသာ သွေးနေ



၏။ ၄င်းစကားပြောသူသည် ဘသက်ထွန်း၏ဇနီးသည်ပြောချင်တာ ဖြစ်ပေ၏။

"ဒီအတွက် စိတ်မကောင်းမှုများစွာ ဖြစ်ရပါလားကွယ် တစ်သက်လုံး ကောင်းခဲ့တဲ့သူတစ်ယောက်အနေနဲ့ သေမှပဲ နာမည်ပျက်ရပါလားကွယ်"

"ကျုပ်တို့တရားခံကို ဖော်ပေးပါ့မယ်။ ခင်ဗျားတို့ဘက်ကလည်း ကူညီပါ သတင်းပို့ပါ"

"စိတ်ချပါရှင် ကျွန်မတို့ မိုးကြိုးများပါမှာပေါ်လားရှင်"

ကျွန်ုပ်တို့သည် မိသုန်ရပ်ကို ကျောခိုင်း၍ ပြန်လာခဲ့ကြရာ၌ အသွားတုန်းကလို လန်ချားမစီးတော့ဘဲ လမ်းလျှောက်၍သာ ပြန်လာကြပေ၏။

ထိုသို့ လမ်းလျှောက်ပြန်လာရာ၌ မိသုန်ဂေဟာဘက်မှ ပြန်လာကြ၏။ မိသုန်ဂေဟာသည် လွန်စွာကြီးမား၏။ လူဝင်လူထွက်များ၏။ ဂေဟာအတွင်း၌ အရက်များရောင်းပေ၏။ တစ်ချိန်တုန်းက ထိုစံအိမ်ကြီးသည် အပြင်လူများ ဝင်ထွက်ရန် ခက်နေသော်လည်း ယခုအချိန်တွင် လူစည်ကားသည့်အလှူအိမ်ကြီးတစ်လုံးကဲ့သို့ ထင်နေရသေ၏။

"ကိုမင်းမောင် ကျုပ်တို့ကို ကြည့်နေတာ မရှိုးသားဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မသိဟန်ဆောင်နေလိုက်ဗျာ"

ထိုသို့ပြောအပြီး၌ စုံနှံ့သာမင်းမောင်သည် စီးကရက်အား ဖွာရှိုက်လိုက်၏။ ကျွန်ုပ်တို့အား ကြည့်နေသည့် အဖိုးအိုသည် ကျွန်ုပ်တို့၏ အနောက်မှ လိုက်ပါလာခဲ့ပေတော့၏။

* * *





## အခန်း (၅)

## "ဓာဒေဝီဂင်္ဂါ"

လွန်စွာ အံ့သြစရာကောင်းလျက်ရှိပေ၏။

တစ်နေ့သ၌…

ကျွန်ုပ်နှင့်မိတ်ဆွေကြီးစုံနှံ့သာမင်းမောင်တို့ ဂတ်ရုံးသို့ ပြန်လည်ရောက်ရှိလာကြ၏။ တစ်နေ့တာလှုပ်ရှားမှုကြောင့် ပင်ပန်းနေသည့်အတွက် ကုလားထိုင်၌ လွတ်လပ်စွာ ထိုင်ချလိုက်ကြ၏။ စုံနှံ့သာမင်းမောင်သည် စီးကရက်အား အေးဆေးစွာ သောက်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဒါဘာစာပါလိမ့်"

စုံနံ့သာမင်းမောင်သည် ကိုယ်ခန္ဓာအား တစ်ချက်ပြင်လို
၏။ ဝါကျင်ကျင်စာအိတ်လေးအတွင်း၌ ရှိသည့် စာလေးအား ထုတ်ယ
လိုက်ပေ၏။ ခေါက်ထားသည့်စာရွက်လေးအား အသာဖြေလိုက်၏
အတွင်း၌ရေးထားသည့် စာအား လွန်စွာ စိတ်ဝင်စားလျက်ရှိပေ၏

*သို့…*

*စုံထောက်ကျော်ကြီး ကျွန်ုပ်စာရေးလိုက်ပါသည်။*

*ကျွန်ုပ်ရဲ့စာကို ဖတ်ရသည့်အချိန်၌ စုံထောက်ကြီးအတွ
လွန်စွာ အံ့သြသွားလိမ့်မယ်လို့ ကျွန်ုပ်ကောင်းစွာ ထင်မိပါသည်*

*စံအိမ်တော်မှ ပျောက်ဆုံးသွားသော ပတ္တမြားလည်ဆွဲနှ
ကျွန်ုပ်အား လိုက်၍မရှာရန်နှင့် လိုက်ရှာလျှင် စုံထောက်ကျော်ကြီ
တို့အတွက် အချည်းနှီးသာဖြစ်ပါလိမ့်မယ်။*

*ကျွန်ုပ် စံအိမ်တော်မှ တိတ်တဆိတ်ထွက်ခဲ့သည်မှာ တခြာ
ကြောင့် မဟုတ်ပါ။ ကျွန်ုပ်အသက်လောက်ချစ်ရသူ ကိုမြတ်မောင်
နောက်ကို လိုက်ခဲ့ပါရဲ့ရှင်။*

*အခုလောလောဆယ် အချိန်ကာလမှာ ဘယ်မှာရှိတယ်
တာ မပြောနိုင်သေးမိတာ စိတ်မကောင်းပါဘူး။ အချိန်တန်တော့
မယ်မယ်ဘုရားထံ ပြန်မှာပါရဲ့ရှင်။ ကျွန်ုပ်နှင့်အတူ ပတ္တမြားလည်*





*ပါ ကျွန်ုပ်၏လက်ထဲ၌ ရှိနေပါရဲ့သာ။ အဲဒီအတွက် စုံထောက်ကျော်ကြီးတို့အမှုကို ဆက်လက်မလိုက်ပါနဲ့လို့ ရေးသားလိုက်ရပါသည်။*

*"မိစောဒေဝီ"*

စုံနံ့သာမင်းမောင်သည် စားအားဖတ်၍အပြီး၌ စားပွဲပေါ်သို့ ခေါက်လျက်သား တင်လိုက်၏။ စီးကရက်အား တစ်ချက်ဖွာရှိုက်၍ စီးကရက်ပြာအား တစ်ချက်ချွေလိုက်ပေ၏။

"ဘယ်သူရေးတဲ့စာလဲ ကိုမင်းမောင်"

"စောဒေဝီလို့ စိုင်းထိုးထားတယ် ကိုအောင်သိန်း၊ သူ့ချစ်သူ မြတ်မောင်ဦးနောက်ကို လိုက်သွားတယ်လို့ရေးထားတယ်။ ပတ္တမြားလည်ဆွဲပါယူသွားတယ်။ အဲဒီအတွက် လိုက်ပြီးရှာမနေရန် မှာထားတာပဲကိုဗျာ"

"ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာလဲ ကိုအောင်သိန်းရာ၊ ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့အတွက် သဲလွန်စရတာပေါ့ဗျာ"

စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပေ၏။ အတွင်းစိတ်၌ တစ်ခုခုအားစဉ်းစားလျက်ရှိပေ၏။ ထို့နောက် ကျွန်ုပ်အား ကြည့်လိုက်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဘာဆက်လုပ်ကြမလဲဗျာ"

နားမလည်သလိုနှင့် ကြည့်လိုက်ပေ၏။ စုံနံ့သာမင်းမောင်သည် မာဖလာအား ပခုံးသို့တင်လိုက်ပြီး ထွက်ခဲ့၏။ ကျွန်ုပ်လည်း ကပ်ပါလာခဲ့ပေ၏။

***

ကျွန်ုပ်နှင့် မိတ်ဆွေကြီးစုံနံ့သာမင်းမောင်၊ ဘမောင်ထွန်းတို့ မြတ်မောင်ဦးထံသို့ သွားရောက်ပြီး ပြန်လာခဲ့ကြပေ၏။

ကျွန်ုပ်တို့ မြတ်မောင်ဦးနေထိုင်ရာအိမ်သို့ ရေ...က်ရှိခဲ့၏။ မြတ်မောင်ဦး ခရီးထွက်သွားသည့်အကြောင်း ၎င်း၏ဖခင်မှ ပြောပြ၏။ တကယ်တော့ မြတ်မောင်ဦးသည် လူမျိုးလူလွတ်တစ်ယောက် မဟုတ်ကြောင်း သိခဲ့ရသလို ကလေးနှစ်ယောက်အဖေဖြစ်၏။

စာဒေဝီစာအထဲ၌ ပါလာသည့် မြတ်မောင်ဦး ဘယ်မြတ်မောင်ဦးလည်းဟု စိတ်အား တွေးနေမိ၏။ ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် စကားပြော၍ ပြန်လာကြ၏။

"ကိုမင်းမောင် ကျုပ်တို့ ဘယ်ကိုသွားကြမလဲဗျာ"





"စံအိမ်ကြီးရဲ့ မလှမ်းကို သွားကြမယ်ဗျာ"

"အဲဒီမှာ တရားခံရှိမယ်ထင်လို့လား ကိုမင်းမောင်၊ အချိန်က မိုးချုပ်နေပြီဗျာ"

"ကျုပ် ဒီအချိန်ကိုစောင့်ပြီးလာခဲ့တာ ကိုအောင်သိန်း တစ်ယောက်ယောက်လာလိမ့်မယ်ထင်တယ်ဗျာ"

ကျွန်ုပ်သည် လိုက်သာလိုက်ခဲ့ရပေမယ့် စိတ်ထဲ၌တစ်မျိုး ဖြစ်နေ၏။ အချိန်သည် အ.ကာလညတစ်ညဖြစ်နေသည့်အတွက် ဝန်းကျင်တစ်ခုလုံး မဟူရာများ လွှမ်းမိုးလျက်ရှိနေပေ၏။

"ကိုမြတ်မောင်ဦးနဲ့ ပတ်သတ်လို့ ဘယ်လိုသဘောရလဲ ကိုမင်းမောင်"

"မြတ်မောင်ဦးအပေါ် ကျုပ်သံသယမရှိဘူး ကိုအောင်သိန်း၊ ဦးနေမျိုးသူရအပေါ် သံသယရှိတယ်ဗျာ။ ကျုပ်တို့ ဦးနေမျိုးသူရကို တွေ့အောင်ဖမ်းရမှာပဲ။ ဒီဇာတ်လမ်းကို အစပျိုးသူက အဲဒီလူပဲ။ ကျုပ်တစ်ခုစဉ်းစားမိသေးတယ်ဗျာ"

"ဘာများလဲ ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် ခေါင်းတစ်ချက်ညိတ်လိုက်၏။ ၎င်းနောက် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com

"နေမျိုးသူရဆိုတာ နာမည်အရင်းမဟုတ်ဘူးလို့ထင်တယ် ကိုအောင်သိန်း၊ တခြားတစ်ယောက်ရဲ့နာမည် ဒါမှမဟုတ် နာမည် ပြောင်းထားတာပဲလို့ ထင်တယ်ဗျာ"

"ဟုတ်တယ် အဲဒီစကားကို ကျုပ်လက်ခံတယ် ကိုမင်း မောင်"

ကျွန်ုပ်တို့ စံအိမ်ကြီး၏အနီးသို့ရောက်ရှိလာကြ၏။ ခြေလှမ်း များသည် ဖြည်းဖြည်းချင်းနှေးလာပေ၏။

ကျွန်ုပ်တို့သည် စံအိမ်ကြီးသို့အရောက်တွင် စံအိမ်ကြီး အတွင်းသို့ ကြည့်နေလိုက်ကြ၏။

"ကိုမင်းမောင် ဟိုမှာ မီးလုံးတစ်လုံးအပေါ်သို့တက်လာပါ လားဗျာ"

"ဟုတ်တယ် ကိုအောင်သိန်း၊ အဲဒါစံအိမ်ကြီးအတွင်းကပဲ ဗျာ"

ကျွန်ုပ်တို့သည် အပေါ်သို့လွင့်တက်လာသည့်မီးလုံးအား ကြည့်နေကြ၏။

မီးလုံးသည် တဖြည်းဖြည်းနှင့်အပေါ်သို့ လွင့်တက်နေသည် မှာ ထန်းတစ်ပြားလောက်တက်နေ၏။





"ကိုမင်းမောင် အဲဒါ စုန်းမီးလား၊ တစ္ဆေမီးလားဗျာ"

"ခက်ရန်ကော ကိုအောင်သိန်းရာ၊ ကျုပ် အဲဒါတွေကို ..းမလည်ဘူးဗျာ။ ကျုပ်သိချင်တာက အဲဒီမီးလုံးဟာ ..ယ်နေရာက ..က်လာတာလဲဆိုတာပဲ။ ဒီလောက် နှစ်ချို့အပင်ကြီးတွေရှိနေမှတော့ ..ဒီလိုဟာတွေ ရှိချင်ရှိနေမှာပေါ့ဗျာ။ မရှိဘူးလို့လည်း ပြောလို့မရ ..ူးလေဗျာ"

"..ဲ..ကော့ ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ ကိုမင်းမောင်"

"ကိုအောင်သိန်း ဟိုမှာလူတစ်ယောက်လာနေတယ်"

ကျွန်ုပ်ကြည့်လိုက်၏။

အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက်အား တွေ့လိုက်ရ၏။ ..င်းသည် စံအိမ်ကြီး၏အုတ်နံ့..ဘက်သို့ ဦးတည်လျက်ရှိ၏။ ကျွန်ုပ် ..တို့သည် ခပ်အုပ်အုပ်ခြေသံများနှင့် လိုက်လာကြ၏။ အုတ်နံရံ၏ ..အားသို့ကပ်သွားချိန်၌ ကျွန်ုပ်တို့သည် ထိုလူအား ဖမ်းဆီးရန်ကြိုး ..းလျက်ရှိပေ၏။

"ရော"

"ဟိုက်"

စုံနံ့သာမင်းမောင်သည် အနောက်သို့ခုန်၍ရှောင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်စုံရှင်သည် စုန္ဒသာမင်းမောင်အား ဓားရှည်နှင့်ခုတ်ပိုင်းလိုက်၏။ စုန္ဒသာမင်းမောင်သည် အသင့်ကိုင်ထားသည့် လောက်လေးခွနှင့် ၎င်း၏ဓားအား ပစ်လိုက်၏။

“ဒုစ် ...”

“ထန် ...”

ထိုနေရာ၌ စုန္ဒသာမင်းမောင်အား ချီးကျူးရပေ၏။

ကိုင်ထားသည့် ဓားပြာအား လောက်စာလုံးထိမှန်သွားသည့်အတွက် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားပေ၏။

“အမလေးဗျ”

အော်သံနှင့်အတူ ကိုင်ထားသည့် ဓားရှည်အား လွှတ်ချလိုက်၏။ မျှော်လင့်မထားသည့် လုပ်ရပ်ကြောင့် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားပေ၏။

“ဟိတ် လူမလုပ်နဲ့”

“ကျုပ်ကို မသတ်ပါနဲ့”

“အဖမ်းခံလိုက်ပါ။ အဖမ်းမခံရင်တော့ အရှင်ထားမှာမဟုတ်ဘူး”

စုန္ဒသာမင်းမောင်၏အသံသည် ပြတ်သားလွန်း၏ ၎င်းသည်





အဖမ်းခံရန် ရပ်လျက်ရှိ၏။ စုန္ဒသာမင်းမောင်သည် ၎င်းအား မီးအိမ်ထွန်းကြည့်၍ ဖမ်းလိုက်၏။

“ခင်ဗျား ကျုပ်တို့နဲ့လိုက်ခဲ့”

“ကျုပ်ကို ဘာမှ မလုပ်ပါနဲ့ တောင်းပန်ပါတယ်ဗျာ”

“ကျုပ်တို့မေတာကို အေးအေးဆေးဆေးဖြေရင် ဘာမှမလုပ်ဘူး”

ကျွန်ုပ်တို့သည် ၎င်းအား ခေါ်၍ပြန်လာခဲ့၏။

၎င်းသည် ကျွန်ုပ်တို့ခေါ်ဆောင်ရာသို့ လိုက်လာခဲ့ပေမယ့် စုန္ဒသာမင်းမောင်အား တောင်းပန်၍ မေးသမျှ တစ်လုံးမကျန်ဖြေသော်လည်း အရာဝတ္ထုတစ်ခုကိုတော့ ဖြေကြားခြင်းမရှိသည့်အတွက် စုန္ဒသာမင်းမောင် ဒေါသထွက်နေမိ၏။

***

“ခင်ဗျားကတော့ တကယ်ချီးကျူးစရာ လူတော်တစ်ယောက်ပါလားဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား ဤကဲ့သို့ပြောလိုက်ပေ၏။

စုံနံ့သာမင်းမောင်သည် အပြုံးမျက်နှာနှင့် ကျွန်ုပ်အား ကြည့်နေရင်း စီးကရက်အား ဖွာရှိုက်လိုက်ပေ၏။

တကယ်တော့ စုံနံ့သာမင်းမောင်သည် ချီးကျူးလိုက်တိုင်း ပြုံးနေတတ်ပေ၏။ ၎င်းကိစ္စသည် အကျင့်တစ်ခုလိုဖြစ်နေပေ၏။

"ဘာကြောင့် အဲဒီလောက်များ ချီးကျူးနေရတာလဲ ကိုအောင်သိန်း၊ ကျုပ်က အဲဒီလောက် ချီးကျူးစရာကောင်းတဲ့သူမဟုတ်ပါဘူးဗျာ"

"ဒါက ခင်ဗျားရဲ့အထင်လေဗျာ။ ကျုပ်တို့ရဲ့အမြင်ကတော့ ချီးကျူးစရာပေါ့။ အဲဒီလူ ဒီနေရာကို ရောက်လာလိမ့်မယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိလဲ"

"ဒါက အဆန်းမဟုတ်ပါဘူး ကိုအောင်သိန်းရာ၊ မသမာသူတွေက စံအိမ်ကြီးမှာရှိတဲ့ ရတနာပစ္စည်းတွေကို လိုချင်နေကြတာမဟုတ်လား။ အဲဒီအတွက် သူတို့က ကျုပ်တို့ရဲ့ အလစ်ကိုစောင့်နေကြတာပဲဗျာ။ ဒါကြောင့် ကျုပ်က တစ်ဖက်အရောင်ပြလိုက်တာပဲ။ အဲဒါကြောင့် သူတို့က ဒီကိုလာတာပဲ"

"ကျုပ်သဘောပေါက်ပြီ ကိုမင်းမောင်၊ ဒါဆို အဲဒီလူတွေ





ာ မီသုန်ရပ်မှာရှိနေတယ်ဆိုတာ သေချာတယ်ပေါ့ဗျာ"

စုံနံ့သာမင်းမောင်သည် ခေါင်းကို ဘယ်ညာခါယမ်းလိုက်

[illegible]

ထို့နောက် စီးကရက်အား နှစ်ခြိုက်စွာ ဖွာရှိုက်လိုက်ပေ၏။

ာလွဲလွဲမီးခိုးငွေ့တန်းများသည် လေပေါ်၌ ဟီးလေခိုလွင့်စင်ထွက်

ေနကြ၏။

"အဲဒီလိုပြောလို့တော့မရဘူး ကိုအောင်သိန်း၊ သူတို့ကလည်း

င်တို့လိုပဲနေကြမှာပေါ့ဗျာ။ ကျုပ် ခင်ဗျားကိုပြတာကို မှတ်မိလား

ေအာင်သိန်း"

"အသက်ကြီးကြီး ရောင်ထုံးနဲ့ အဖိုးကြီးကိုလား ကိုမင်း

င်"

"ခင်ဗျားမဆိုးဘူး မှတ်ဉာဏ်ကောင်းလာပြီ။ အဲဒီလူဟာ

င်ဘစ်လုံးမောင်ထုံးဆိုတဲ့ လူလို ကျုပ်ထင်မိသားလားဗျာ"

ကျွန်ုပ်ပို၍ပင် သဘောပေါက်သွား၏။

ကျွန်ုပ်တို့သွားနေရာ နေရာတိုင်း၌ ထိုလူကြီးအား တွေ့နေ

၏။ ခက်နေသည်မှာ ထိုအဖိုးကြီးဟာ ဘယ်သူဆိုတာ ဘယ်သူမှ

မသိကြပေ။

တချို့ပြောကြသည်မှာ ဗေဒလက္ခဏာဆရာတစ်ယောက်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောကြ၏။ ကြွယ်ဝချမ်းသာသူများကိုသာ ဗေဒလက္ခဏာဟော
သည်ဟု ပြောသံကြားဘူး၏။

"ကျုပ်တို့က စုံထောက်တွေပဲဗျာ။ ဒီလောက်တော့ မှတ်ထာ
ရမှာပေါ့။ ခင်ဗျားတစ်ခါပြောဖူးတာ မှတ်မိသေးလား ကိုမင်းမော
စုံထောက်ဆိုတဲ့လူတွေဟာ သဲလွန်စကိုသာ အမြဲရှာနေကြတာ
သဲလွန်စတစ်ခုရလိုက်တာနဲ့ အဲဒီအမှုဟာ ပေါ်ပြီလို့ သတ်မှတ်
ပြီတဲ့။ အဲဒီအတွက် ကျုပ်ဟာ သဲလွန်စရဖို့ပဲ စဉ်းစားနေတာပဲ
ကိုမင်းမောင်ရာ"

"ဟုတ်တယ် ကိုအောင်သိန်း၊ သဲလွန်စဟာ ကျုပ်တို့ အတွ
အသက်ပဲ။ ပတ္တမြားလည်ဆွဲပျောက်ဆုံးတဲ့အမှုနဲ့ ပတ်သက် ပြီး
အိမ်စေအထိန်းတော်မယ်ထွေးမိရဲ့ အစ်ကိုတွေကိုပါ သံသ
ရှိနေတယ်လားဗျာ။ ဒါအမှန်ပဲ ကိုအောင်သိန်း"

"စောနန္ဒကိုရော ဘယ်လိုမြင်လဲ"

"သူဟာလူသားစစ်စစ်တစ်ယောက်ပဲ ဖြစ်ရမယ် သ
ကြီးပြောသလို နာနာဘာဝတော့ မဖြစ်နိုင်ဘူးဗျာ။ ခြံစောင့်အဖိုး
ပြောပြချက်အရဆို သူတို့ဟာ ခြံကြီးအတွင်းကို ဝင်လို့ရတဲ့
နေတယ်ဗျာ။ လာဗျာ ကျုပ်တို့ စံအိမ်ကို သွားကြမယ်"





ကျွန်ုပ်တို့သည် ဂိတ်စခန်းအား ကျောခိုင်း၍ ထွက်လာကြ
၏။

စုံနှံ့သာမင်းမောင်သည် စိတ်ဓာတ်အား အမြဲလန်းဆန်းတက်
ကြွလျက်ရှိပေ၏။ ၎င်းသည် လုပ်ဆောင်ချက်များအား ယုံကြည်မှုများ
ပြည့်ရှိနေပေ၏။ တရားခံသည် ဘယ်လောက်ပင် ရှောင်နေပါစေ
နေရာ၌ တွေ့ဆုံမိမည်ဟု သတ်မှတ်ထားပေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

## "ကျောင်းသုံးမင်ရှာလူသတ်မှု"

တစ်နေ့သ၌ . . .

ကျွန်ုပ်နှင့်စုံနံ့သာမင်းမောင်တို့သည် 'မဉ' အရက်ဆိုင်သို့ ရောက်ရှိခဲ့ကြ၏။

'မဉ' အရက်ဆိုင်သည် လူပေါင်းစုံလာရောက်သောက်စား ကြရ၏။ ညနေစောင်းလျှင် မြို့ရှိသူများသည် ထိုအရက်ဆိုင်သို့ ဦးတည်လာကြ၏။

ကျွန်ုပ်တို့သည် ထိုဆိုင်အတွင်း၌ရှိသည့်သူများ၏အခြေအနေကို ထိုင်လိုက်ကြ၏။





ဆိုင်အတွင်း၌ စားသောက်သူများ လွှန်စွာပေါများလျက်ရှိ ပေ၏။ ထိုအထဲ၌ တချို့သည် ကျွန်ုပ်တို့အား ကြည့်နေကြ၏။ ထိုလူများအား မသိမသာကြည့်အပြီး၌ အရက်များအား ဟန်ဆောင်၍ သောက်နေကြ၏။ တကယ်တော့ ကျွန်ုပ်တို့သည် အရက်သောက်တတ်သူများ မဟုတ်။

"ကိုအောင်သိန်း သတိထားဗျာ ရန်သူဆိုတာ အချိန်မရွေး ပေါ်လာနိုင်တယ်"

"ဟုတ်တယ် ကိုမင်းမောင်"

ကျွန်ုပ်တို့ စကားမဆုံးသေးခင်အချိန်၌ ပြဿနာက စလာ၏။

၎င်းပြဿနာအား ဘယ်လိုဖြေရှင်းမလဲဟု စဉ်းစားနေမိချိန်၌ စုံနံ့သာမင်းမောင်သည် အေးဆေးစွာ ဖြေရှင်းလိုက်၏။

"ဝုန်း . . ."

"လူယုတ်မာတွေကို လိုက်ရှာနေတာ နှစ်အတန်ကြာလှပေါ့ဗျာ။ အခုမှပဲ တွေ့ရတော့တယ်"

၎င်းသည် ဓားရှည်၏အရိုးအား စားပွဲပေါ်၌ ပြင်းထန်စွာ ဆောင့်ချလိုက်၏။ ၎င်းသည် ကျွန်ုပ်တို့အား စိုက်ကြည့်နေ၏။ ထို ကြည့်သည် လွန်စွာကြောက်စရာကောင်းနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေက ကျုပ်တို့ရှာနေတယ်ဆိုတော့ နာကြည်းစရာ ကိစ္စရှိမှာပေါ့"

"ဟုတ်တယ် ကျုပ်ရဲ့အစ်ကိုကြီးကို သတ်တာ ခင်ဗျားတို့ပဲ"

"ဟုတ်လား သနားစရာကောင်းလိုက်တာ"

ထိုသို့ပြောပြီး စုံနံ့သာမင်းမောင်သည် စီးကရက်အား မီးညှိလိုက်၏။

စုံနံ့သာမင်းမောင် ထိုသို့ ပြုလုပ်သည်မှာ အကြောင်းရှိ၏။ ကျွန်ုပ်သည် အခြေအနေအား ကြည့်နေသလို တခြားလူတွေ ကြည့်နေ၏။

ထိုလူသည် စုံနံ့သာမင်းမောင်အား ဒေါသမျက်လုံးနှင့် ကြည့်နေ၏။

"ခင်ဗျားကျုပ်ကို စိန်ခေါ်နေတာလား၊ ဗိုက်ကောင်းလို့ စားတောင်းနေတာလား။ ကျုပ်အကြောင်းကို မစုံစမ်းဘဲနဲ့ ဒီနေရာကို ရောက်လာတာကိုက သေတွင်းလာတူးနေတာနဲ့ အတူတူပဲဗျာ"

"ဘာလို့ ကိုယ့်ကိုကိုယ် အထင်ကြီးနေတာလဲ မိတ်ဆွေ ကျုပ်တို့ ဒီကို နယ်ကျွန်လာတာ မဟုတ်ဘူး။ ခင်ဗျားနဲ့တွေ့ချင်လို့ တမင်ကိုလာခဲ့တာပဲ"





"ဘာ... ကျုပ်ကိုတွေ့ချင်လို့လာခဲ့တာ ဟုတ်လား မိတ်ဆွေ"

ဓားသမားလူငယ်သည် စုံနံ့သာမင်းမောင်အား ကြည့်လိုက်ပေ၏။ စုံနံ့သာမင်းမောင်သည် ခေါင်းအားတစ်ချက်ညိတ်၍ စီးကရက်အား တစ်ချက်ဖွာလိုက်၏။

"ဟုတ်တယ် မိတ်ဆွေ၊ ကျုပ် ခင်ဗျားကို ရှင်းစရာရှိလို့ တမင်လာခဲ့တာပဲ"

"ဟာ... ကြာပါတယ်ကွာ"

လူငယ်သည် စုံနံ့သာမင်းမောင်အား ဓားနဲ့ဖြတ်ခုတ်လိုက်၏။ ဓားရှည်သည် စုံနံ့သာမင်းမောင်ထံ ဦးတည်နေပေ၏။

စုံနံ့သာမင်းမောင်သည် ရှေ့သို့တိုးလိုက်ပြီး လူငယ်၏ ဓားကိုင်လက်အား ညာလက်ဖြင့် ဖမ်းဆုပ်ကိုင်လိုက်ပြီး ဘယ်ဘက်လက်သည် ထိုလူ၏ မျက်နှာပေါ်သို့ သွက်လက်စွာ ရောက်ရှိသွား၏။

"အု"

ထိုလူသည် အောက်သို့ ယိမ်းယိုင်သွားပေ၏။

စုံနံ့သာမင်းမောင်သည် ထိုလူအား ရှေ့သို့ ဆွဲခေါ်ယူလိုက်၏။ မျက်နှာအား သေချာကြည့်လိုက်၏။

"ကျုပ် ဘယ်သူဆိုတာ ခင်ဗျားသိလား၊ ကျုပ်နာမည် စုံနံ့



www.burmeseclassic.com

www.burmeseclassic.com



သာမင်းမောင်"

"ဗျာ"

တင်းမာသည့် မျက်နှာသည် ပျော့ကျသွားပေ၏။

၎င်းသည် လူမှားသွားမှန်း သိလိုက်၏။

ထို့အတူ ဆိုင်အတွင်း၌ ထိုင်နေသူအားလုံး အထိတ်တလန့် ဖြစ်ကုန်ကြပေ၏။ ၎င်းတို့ကြားဘူးလျက်ရှိသည်။ စုံနံ့သာမင်းမောင်အား ယခုမှ မျက်နှာချင်းဆိုင်တွေ့လိုက်ရသည့်အတွက် အထင်မသေးရဲအောင်ဖြစ်သွားပေတော့၏။

"ကိုအောင်သိန်း ကြိုးနဲ့တုတ်ဗျာ၊ သူ့ကို စခန်းခေါ်သွားမယ်"

ကျွန်ုပ်သည် ထိုလူ၏လက်အား ကြိုးနဲ့တုတ်လိုက်၏။

ထိုလူအား ခေါ်၍ ပြန်လာခဲ့ပေ၏။ အားလုံးသည် ကျွန်ုပ်တို့အား ကြည့်၍ ကျန်နေခဲ့ကြပေ၏။

"အဲဒီလိုဖြစ်တာကို မသနားဘူး။ ဒီကောင် ကျားကိုမှ ကစားချင်တာကိုကွယ်"

၎င်း၏စကားသံအား မသဲမကွဲကြားနေရ၏။

မည်သို့ပင်ပြောနေစေကာမူ ကျွန်ုပ်တို့ ဂရုမစိုက်သလိုနှင့် ရှေ့ကိုသာ ထွက်လာခဲ့ကြ၏။ ကျွန်ုပ်နှင့် မိတ်ဆွေကြီးစုံနံ့သာမင်းမောင်တို့သည် ဖမ်းဆီးခေါ်လာသူအား တစ်လမ်းလုံး စစ်ဆေးလာခဲ့ရာ၌ တချို့စကားများသည် စစ်ဆေးမရအောင် ဖြစ်နေပေ၏။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့ ဖမ်းမိသည်မှာ တရားခံနှစ်ယောက်သာ ဖြစ်ပေတော့၏။

***

တစ်နေ့သ၌...

ကျွန်ုပ် ဂတ်စခန်းသို့ရောက်ရှိလာချိန်၌ စုံနံ့သာမင်းမောင်သည် တရားခံနှစ်ယောက်အား စစ်ဆေးပြီး ပြန်ထွက်လာ၏။ ထိုနေ့၌ စုံနံ့သာမင်းမောင် မှာထားသည့်အတွက် စောစောရောက်ရှိလာပေမယ့် စုံနံ့သာမင်းမောင်သည် ကျွန်ုပ်ထက်စော၍ ရောက်ရှိနေပေ၏။

"ဘာထူးလဲ ကိုမင်းမောင်"

"ထူးတယ်လို့ဆိုရမယ်ဗျာ။ သမီးတော်ကိုခေါ်သွားတဲ့သူတွေက ပတ္တမြားလည်ဆွဲကိုလိုချင်လို့ ခေါ်သွားတာ ပြန်လွှတ်ဖို့သည်းခက်နေတယ် လွှတ်လိုက်ရင်လည်း ပေါ်သွားမှာ စိုးရိမ်တယ်။ ကျုပ်တို့ကလည်း အသည်းအသန်လိုက်နေတယ်ဆိုတော့ ပိုခက်ကုန်တာပေါ့ဗျာ"






www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုခေါ်သွားတယ်ပြောလဲ ကိုမင်းမောင်"

"ဘယ်ကိုခေါ်သွားတယ်ဆိုတာတော့ မသိဘူးတဲ့။ သိတဲ့သူက ဘသက်ထွန်းတဲ့။ အဲဒီဘသက်ထွန်းကလည်း စံအိမ်တော်ရဲ့ခြံအတွင်းထဲမှာ အသတ်ခံလိုက်ရပြီလို့ ပြောတယ်ဗျာ"

ကျွန်ုပ် စဉ်းစားသွားပေ၏။

တကယ်တော့ ဘသက်ထွန်းသည် စံအိမ်တော်၌ အသတ်ခံခဲ့ရ၏။ ထိုအတွက် ၎င်း၏ သားကြီးသည် လူမိုက်ကြီးအဖြစ် နာမည်ကြီးလာ၏။

စုံနံ့သာမင်းမောင်သည် စီးကရက်အား သောက်လျက်ရှိပေ၏။

"ဒါဆို နေမျိုးသူရဆိုတာ ဘယ်သူလဲ ကိုမင်းမောင်"

"အဲဒီနာမည်ကိုတော့ မသိကြဘူးတဲ့။ သူတို့ကို ကြိုးကိုင်နေသူက ဘုရားလေးက မောင်ဗွေးလို့ကြားတာပဲတဲ့ ဟုတ်တယ်မဟုတ်ဘူးဆိုတာ မသိဘူးတဲ့။ သူ့မျက်နှာကို အမြဲတမ်းပိတ်စည်းထားတယ်ပြောတယ်"

"ဒါဆို စောဒေဝီကို ဖမ်းသွားတုန်းက မယ်ထွေးမိကိုပါ ခေါ်သွားတာပေါ့"

"မဟုတ်ဘူးလို့ပြောတယ်။ အဲဒီနေရာမှာ ရှုပ်သွားတယ်





ကိုအောင်သိန်း၊ တစ်ဖွဲ့က မယ်ထွေးမိကို စောဒေဝီတင်ပြီး လူမှားခေါ်သွားတယ်တဲ့ဗျာ။ လူမှားမှန်းလည်းသိရော အဲဒီလူတွေက စောဒေဝီကို လိုက်ရှာနေကယ်ပြောတာပဲဗျာ"

"ဘာကြောင့် အဲဒီလောက်လောဘတက်နေကြတာလဲဗျာ"

စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပြီး အစီခံအား မြေပေါ်ပစ်ချလိုက်၏။ ထို့နောက် ပြုတ်ကျနေသည့် မာဖ…အား ပြုပြင်၍ တင်လိုက်၏။

"အဲဒီပတ္တမြားက ပြည်တန်တယ်လို့ပြောနေကြတာလား ကိုအောင်သိန်းရာ၊ ကျုပ်အထင်တော့ ဒီလူတွေကို ချုပ်ကိုင်ထားတဲ့သူတော့ရှိမယ်ဗျာ။ ဒါတွေ ပြောနေလို့အပိုပဲ လာဗျာ ကျုပ်တို့ ညောင်သုံးပင်ရပ်ကို သွားရအောင်ဗျာ"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် လွယ်အိတ်အား လွယ်လိုက်ပြီး ချက်ချင်း ထရပ်လိုက်၏။ ကျွန်ုပ်သည် ထိုနောက်မှ လိုက်ထွက်လာပေ၏။ ညောင်သုံးပင်ရပ်သည် အိမ်ခြေလွန်စွာပေါများ၏။ ၎င်းရွာ၌ လူဆိုးလူမိုက်များစွာ နေထိုင်လျက်ရှိပေ၏။ ကျွန်ုပ်တို့သည် ညောင်သုံးပင်ရပ်သို့ ခရီးဆက်လာခဲ့ကြ၏။

***



www.burmeseclassic.com

www.burmeseclassic.com

ညောင်သုံးပင်ရပ်…

ကြီးမားသည့်ရွာကြီးတစ်ရွာကဲ့သို့ ထင်မှတ်ရပေ၏။

အချိန်သည် ညနေစောင်းလျက်ရှိ၏။ ညောင်သုံးပင်ရပ်သို့ ရောက်ရှိလာကြပေ၏။ ၎င်းရပ်၏ထိပ်၌ ညောင်သုံးပင်နှင့်အတူ ဇရပ်ပျက်ကြီးတစ်ခုရှိ၏။ ကျွန်ုပ်တို့သည် ရွာလယ်လမ်းမအတိုင်း လမ်းလျှောက်လာခဲ့၏။ အိမ်ကြီးအိမ်ကောင်းများ လွန်စွာပေါများသလို ကြီး မားသည့် ခြံကြီးများလည်း ရှိ၏။

ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် လမ်းလျှောက်လာခဲ့ကြရာ ကြီးမားသော အိမ်ကြီးတစ်လုံးရှေ့သို့ ရောက်ရှိလာ၏။

“ဝုန်း… ဝုန်း”

ကြီးမားသည့် ခွေးကြီးနှစ်ကောင် ပြေးထွက်လာပေ၏။ ခွေးကြီးများသည် ကျွန်ုပ်တို့ထံ ဦးတည်လာခဲ့ပေ၏။ ကျွန်ုပ်တို့သည် ရပ်နေ၏။ ခွေးကြီးနှစ်ကောင်သည် ခြံအပြင်ဘက်သို့ ထွက်ရှိခြင်းမရှိ ခြံအတွင်းထဲ၌သာ ရပ်လျက် ကျွန်ုပ်တို့အား ဟိန်းဟောက်မင်းရှလျက်ရှိနေ၏။

ထို့နောက်…

အသက်ခုနစ်ဆယ်လောက်ရှိသည့် အဖွားအိုတစ်ယောက်





ထွက်လာ၏။ တောင်ဝှေ့ကိုသာ အားကိုးနေရသည်ဟု ယူဆရပေ၏။

“ဘယ်သူကိုတွေ့ချင်လို့လဲကွယ်”

“ကိုကြက်တောကို တွေ့ချင်လို့လာခဲ့တာပါ။ ကိုကြက်တောရှိလား

အဖွားအိုသည် ကျွန်ုပ်တို့အား ကြည့်လိုက်ပေ၏။ မျက်နှာသည် သိသိသာသာပျက်သွားပေ၏။

“ကြက်တော့ ဒီနေ့ပဲ အသတ်ခံရလို့ သူ့မိသားစုတွေ သွားကြတယ်လားကွယ်”

“ဘယ်မှာလဲ အဖွား”

“ရွာလယ်တံတားအောက်မှာတဲ့လားကွယ်။ အခု အဲဒီမှာပဲ ရှိမယ်လားကွယ်။ မောင်ရင်လေးတို့ လိုက်သွားလို့ရပါတယ်”

“ကျုပ်တို့လိုက်သွားပါမယ်ဗျာ”

ကျွန်ုပ်တို့သည် ထိုအိမ်ကြီးအား ကျောခိုင်း၍ ထွက်လာခဲ့ကြပေ၏။

တံတားသည် ရွာ၏အလယ်၌ရှိ၏။ ကျွန်ုပ်တို့သည် ရွာအလယ်တံတားသို့ ရောက်ရှိလာခဲ့ကြ၏။ မှန်ပေ၏။ လူဆိုးလူမိုက်ကြက်တောရင်စ၌ ဒဏ်ရာနှင့်သေဆုံးလျက်ရှိပေ၏။ ၎င်း၏ဇနီးနှင့်သားသမီးများ ပူဆွေးသောကရောက်နေကြ၏။ ကျွန်ုပ်တို့အတွက်


www.burmeseclassic.com

www.burmeseclassic.com



လည်း ဆုံးရှုံးသွားပေ၏။ ကြက်တောသည် ပတ္တမြားလည်ဆွဲနှင့် သမီးတော်တို့ရှိသည့်နေရာအား သိနေပေ၏။ ထိုစကားပြောသူ ကျွန်ပ်တို့ ဖမ်းဆီးထားသူများဖြစ်၏။

ကြက်တော သေဆုံးသွားသည့်အတွက် သတင်းစပျောက်သွားသလို ဖြစ်သွားပေ၏။

"ကျုပ်တို့ဘာဆက်လုပ်ကြမလဲ ကိုမင်းမောင်"

"အသာနေဗျာ ကျုပ်တို့ ကိုကြက်တောရဲ့ဇနီးကို စစ်ဆေးမယ်ဗျာ"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပြီး ရှေ့သို့တိုးလိုက်ပေ၏။

"အမေက ကိုကြက်တောရဲ့ဇနီးလား"

"ဟုတ်ပါတယ် အစ်မမောင်တို့က ဘယ်သူတွေများပါလိမ့်ကွယ်"

"ကျုပ်တို့က မြို့ကလာတဲ့ စုံထောက်တွေပါ။ ကိုကြက်တော အသတ်ခံရတယ်လို့ သတင်းပို့လို့ လာခဲ့တာပါ"

"ဘယ်လိုမြို့ကလာတဲ့ စုံထောက်ကြီးတွေဆိုတာလားကွယ်"

"ဟုတ်ပါတယ်။ ကိုကြက်တော အခုလို အသတ်ခံရတာ





ဘယ်လိုရန်ငြိုးရန်စများရှိတယ်လို့ထင်လဲ"

"အဲဒါတော့ မသိပါလား အစ်မမောင်ရယ်။ အမြဲတမ်း အလုပ်ရှုပ်နေတယ်လေ။ သူ့ဘာလုပ်နေတယ်ဆိုတာလည်း မသိဘူး။ မေးလည်းမမေးမိပါလားကွယ်။ သူ့အလုပ်ကိုပဲ လုပ်နေရတာပဲ"

"ကိုကြက်တောက ဘာတွေလုပ်လဲ"

"စပါးပွဲစားလုပ်တာလားကွယ်။ သူလုပ်လို့ရတဲ့ပိုက်ဆံကိုတော့ အကုန်လာပေးတာကိုပဲ ကျေးဇူးတင်မိတာလားကွယ်"

"ကျုပ်တို့ အဲဒီအမှုကို ပေါ်အောင်လုပ်ပေးပါ့မယ်"

ထိုသို့ပြောအပြီး၌ ပြန်လာခဲ့ကြပေ၏။

ကိုကြက်တောသည် လူမိုက်တစ်ယောက်ဖြစ်သလို လူမိုက်လောက၌ နာမည်ကြီးလူမိုက်တစ်ယောက်ဖြစ်၏။ လူမိုက်လောက၌ အေးစားသည့်လူမိုက်တစ်ယောက် အသတ်ခံရသည်ဆိုသည့်အတွက် ရှုပ်ထွေးမှုတစ်ခုဖြစ်လာမည်ဟု စုံနံ့သာမင်းမောင် ပြောလာ၏။

ကျွန်ုပ်တို့သည် ထန်းရည်ဆိုင်၌ ခေတ္တအနားယူထိုင်လိုက်ပြီး အချိန်များအား ဆွဲလျက်ရှိပေ၏။ ထန်းရည်ဆိုင်၌ လူအများစုရှိနေပေ၏။ ကျွန်ုပ်တို့သည် ထန်းရည်များအား ကြိုက်နှစ်သက်၍ ဟုတ်တရားခံများအား ဖမ်းဆီးရန်အတွက်ပင်ဖြစ်၏။

အချိန်သည် အမှောင်ထုဘက်သို့ ဦးတည်ရန် ကြိုးစားလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပေ၏။ ကျွန်ုပ်တို့သည် ထန်းရည်ဆိုင်အား ကျောခိုင်း၍ ထွက်လာခဲ့ကြပေ၏။

ကျွန်ုပ်တို့သည် ခြံနွယ်သစ်ပင်ကြီးများပေါများသည့်ဘက်သို့ ပြန်လာခဲ့ကြပေ၏။

"ကိုမင်းမောင် ရောင်ထုံးနဲ့အဖိုးအိုတစ်ယောက်ကို တွေ့မိလိုက်လား"

"တွေ့လိုက်တာပါလား ကိုအောင်သိန်းရာ၊ အဲဒီလူဟာ ကျုပ်တို့ရဲ့ အနောက်က အမြဲလိုက်နေတဲ့လူပဲဗျာ။ ပတ္တမြားလည်ဆွဲပျောက်ဆုံးမှုမှာ ပတ်သတ်နေတယ်လို့ထင်တယ်ဗျာ"

"တကယ်ပတ်သတ်နေတာပေါ့ဗျာ။ ကျုပ်အထင်တော့ အဲဒီလူကို ဖမ်းလိုက်စေချင်ပြီဗျာ"

"နေပါစေဦးဗျာ၊ ကျုပ် သူ့ကိုဖမ်းလိုက်တာက မခက်ပါဘူး လွယ်ပါတယ်ဗျာ၊ သူ့ကိုဖမ်းလိုက်တာနဲ့ ကျုပ်တို့လိုချင်တဲ့ သတင်းတွေ အမှောင်ကျသွားနိုင်တယ်။ အမှုတစ်ခုပေါ်ပေါက်ဖို့ဆိုတာ တရားခံတွေရဲ့ ခြေရာကောက်မိဖို့နဲ့ လှုပ်ရှားမှုကို ကြိုတင်သိနေဖို့သာ အရေးကြီးတယ် ကိုအောင်သိန်း၊ ဒါကြောင့် အဲဒီလူကို ကျုပ်မဖမ်းဘဲ စောင့်ကြည့်နေတာပဲဗျာ"

"ကိုအောင်သိန်း ခေါင်းငုံ့လိုက်"





စုန့်သာမင်းမောင်၏စကားကြောင့် ကျွန်ုပ်ခေါင်းလေးအား အသာငုံ့လိုက်၏။

ထို့နောက် ကျွန်ုပ်တို့ထံ အရာဝတ္ထုတစ်ခု ဦးတည်လာနေ၏။ ၎င်းသည် ပေါက်ဓားတစ်ချောင်းဖြစ်နေသည့်အတွက် အရှိန်သည် လွန်စွာ ပြင်းထန်လျက်ရှိ၏။

ကျွန်ုပ်တို့ ရှောင်လိုက်သည့်အတွက် ပေါက်ဓားသည် တစ်နေရာသို့ ဦးတည်၍ သစ်ပင်တစ်ပင်သို့ စိုက်ဝင်သွားပေ၏။ ဓားပေါက်သူသည် လွန်စွာကျွမ်းကျင်သည်ဟု ကျွန်ုပ်ယူဆလိုက်မိပေ၏။

"ကိုမင်းမောင် ဟိုမှာ လူတစ်ယောက်ပြေးသွားပြီဗျာ"

ကျွန်ုပ်ပြောချိန်၌ စုန့်သာမင်းမောင်သည် ၎င်း၏အနောက်သို့ လိုက်နေပေ၏။

လူသူကင်းမဲ့သည့်အချိန်ဖြစ်နေသည့်အတွက် ပြေးနေသူအား ထင်ထင်ရှားရှား တွေ့နေရ၏။ ဝန်းကျင်တွင် ရှည်လျားသည့် ကိုင်းတောများ၊ လယ်ကြားလျှိုများ ရှိနေသည့်အတွက် ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဖြစ်နေပေ၏။

ထိုသို့လိုက်နေချိန်၌ ပြေးနေသည့် ခြေလှမ်းများအား ရပ်တန့်အောင် ဖန်တီးလိုက်သည့်အဖြစ်တစ်ခုနှင့် ကြုံတွေ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ယား"

"ရော"

ခြုံအတွင်းမှာ ရုတ်တရက် လူတစ်ယောက်ပေါ်ထွက်လာပြီး စုံနံ့သာမင်းမောင်အား ပြတ်ရိုက်လိုက်ပြီး ၎င်းဖြစ်ရပ်ကြောင့် ကျွန်ုပ် ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားပေ၏။ စိတ်ထဲ၌ စုံနံ့သာမင်းမောင်တစ်ခုခုဖြစ်သွားပြီဟု ထင်နေမိပေ၏။ အနက်ရောင်ဝတ်စုံနှင့်လူသည် စုံနံ့သာမင်းမောင်အား ပြတ်ရိုက်လိုက်၏။ ရိုက်လိုက်သည်မှာ သုံးတောင်ခန့်ရှည်သည့် ဝါးရင်းတုတ်တစ်ချောင်းဖြစ်သလို စုံနံ့ သာမင်းမောင်၏ ဦးခေါင်းအား ရိုက်ချလိုက်ခြင်းဖြစ်၏။

"ဟိုက်"

"အု"

မြင်ကွင်းသည် ကျွန်ုပ်ထင်ထားသည်ထက် မတူအောင် ပြောင်းလဲသွားလျက်ရှိ၏။ စုံနံ့သာမင်းမောင်သည် ဝါးရင်းတုတ်အား ဖမ်းဆုတ်လိုက်ပြီး အနက်ရောင်ဝတ်စုံနှင့်လူအား ပြတ်ကန်လိုက်၏။

၎င်းသည် အနောက်သို့ လွင့်စင်ထွက်သွား၏။

ကျွန်ုပ်သည် သွက်လက်သည့် စုံနံ့သာမင်းမောင်အား ကြည့်၍ ချီးကျူးမိသလို ဝင်ရောက်ကူညီရန် ရှေ့သို့ လျှောက်လှမ်းလာ၏။ ၎င်းသည် အနောက်ဂျွန်းတစ်ပတ်ပစ်၍ ရပ်လိုက်ပြီး ရင်ဆိုင်တိုက်





ခိုက်လျက်ရှိ၏။

အနက်ရောင်ဝတ်စုံနှင့်လူသည် စုံနံ့သာမင်းမောင်အား အနီးကပ်တိုက်ခိုက်နေ၏။ ကိုယ်ခံပညာကျွမ်းကျင်သည့် စုံနံ့သာမင်းမောင်သည် အပေါ်စီးမှာနေ၍ တိုက်ခိုက်နေသည့်အတွက်ကြောင့် ကျွန်ုပ်သည် နောက်ထပ်ရန်သူပေါ်အလာအား စောင့်ကြိုလျက် ရှိပေ၏။

ပေါ်လာမည့်သူအား ကျွန်ုပ်ရင်ဆိုင်ရန် အသင့်ပြင်နေချိန်တွင် စုံနံ့သာမင်းမောင်သည် အနက်ရောင်ဝတ်စုံရှင်အား ဖမ်းဆီးရန်ကြိုးစားနေချိန်၌ အနောင့်အယှက်တစ်ခု ရုတ်တရက် ထွက်ပေါ်လာ၏။

"ဟိတ်... ဟိတ်"

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့သည် အသံလာရာသို့ ကြည့်လိုက်ကြ၏။

အညိုရောင်ဝတ်စုံနှင့် အဖိုးအိုတစ်ယောက် ကျွန်ုပ်တို့ထံ ဦးတည်လာနေ၏။ အဖိုးအို၏ လက်အတွင်း၌ တောင်ဝှေးတစ်ချောင်းကိုင်ထားသလို လွယ်အိတ်ကြီးတစ်လုံးအား လွယ်ထား၏။ ပေသီးမှတ်စိတ်ကြီးအား လွယ်ထား၏။

"အိုလေကွယ် ဘာလို့ အချင်းချင်း ရန်ပွဲများ ကျင်းပနေကြတာလဲကွယ်တို့ရယ်။ လူသားအချင်းချင်းပဲ ဒေါသများ ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မထားရဘူးတာလားကွယ်''

ထိုသို့ပြောပြီး ကျွန်ုပ်တို့ရှေ့သို့ လာရောက်ရပ်လိုက်၏။

ကျွန်ုပ်တို့အား ရန်ပြုသူအနက်ရောင်ဝတ်စုံရှင် ဘယ်သို့ ရောက်သွားသည်ဆိုတာ မတွေးတတ်အောင်ဖြစ်သွား၏။

''သူဟာ ကျုပ်တို့ရဲ့ ရန်သူတစ်ယောက်ပဲ။ သူက ကျုပ်တို့ကို ရန်လာစတာပါ''

''ကလေးတွေပဲ စုံထောက်ကျော်ကြီးတို့ရာ ခွင့်လွှတ်လိုက်ပါကွယ်။ အန္တရာယ်ကင်းတာပေါ့လားကွယ်တို့ရာ''

ကျွန်ုပ်တို့အား စုံထောက်တွေမှန်း သိထားသည့်အတွက် လွန်စွာ အံ့ဩရ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက် မီးညှိဖွာရှိုက်လိုက်ပြီးနောက် အညိုရောင်ဝတ်စုံနှင့် အဖိုးအိုအား ကြည့်နေပေ၏။ စုံနံ့သာမင်းမောင်သည် မျက်နှာအား သေချာမှတ်သားသည့် သဘောနှင့် ကြည့်ခြင်းပင်ဖြစ်၏။

''အဖိုးစကားက အံ့ဩစရာဖြစ်နေလို့လားကွယ်တို့ရာ၊ ဒါဟာ သီလသမာဓိနဲ့ ကျင့်ကြံအားထုတ်တဲ့အတိုင်းတွေပေါ့လား ကွယ်။ အဖိုးနာမည်က အဖိုးပေါက်တူးလို့ခေါ်တာလားကွယ်။ လူ့လောကကို ကျောခိုင်းခဲ့တာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီပေါ့။ အခု အဖိုးရဲ့ အသက်က ၉၆ နှစ်ရှိပြီလားကွယ်''





ကျွန်ုပ်တို့သည် မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်နေ၏။

အသက်က ၉၆ နှစ်ဆိုလာခဲ့ပေမယ့် တကယ်တမ်းကျတော့ ခြောက်ဆယ်မှပြည့်သေးရဲ့လားဟု ထင်နေမိပေ၏။

''အဖိုးပြောတာကို ကျုပ်တို့ မငြင်းလိုပါဘူး။ ကျုပ်တို့ကလည်း ရန်ဖြစ်အနိုင်ကျင့်နေတဲ့သူတွေကို ထိန်းသိမ်းကာကွယ်ပေးနေတဲ့သူတွေပါ။ အဲဒါကို သဘောမပေါက်ကျဘဲ ကျုပ်တို့ကို ပြဿနာရှာနေကြတာပဲ''

''ဒီလောကတော့ ရှိမှာပေါ့လားကွယ်။ စုံထောက်လေးတို့က သူတို့ရဲ့ အလုပ်တွေကို ဝင်ရောက်ပြီးနှောင့်ယှက်နေသလိုဖြစ်နေတာကိုကွယ်။ အဖိုးရဲ့အာရုံနဲ့ပြောရင် အဲဒီကိစ္စက ခပ်ရှုပ်ရှုပ်ရယ်လားကွယ်''

စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်၏။

''ကျုပ်တို့ သဘောပေါက်နေပါတယ်။ အခုလို ကြိုတင်ပြီး ပြောပြတဲ့အတွက်လည်း လွန်စွာ ကျေးဇူးတင်မိပါတယ်။ အထက်က ပေးအပ်တဲ့တာဝန်က ရှိနေသေးတော့လည်း ပြောရခက်တာလား အဖိုးရယ်''

''အေးပေါ့လေ၊ ဒါက အဖိုးနဲ့မဆိုင်ပါလားကွယ်။ အဖိုး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အားလုံးကို စီးရိမ်တာပဲလားကွယ်။ ကဲ… ကဲ အဖိုးလည်း ပန်းစုံရပ်ကိုသွားစရာရှိလို့ သွားလိုက်ပါဦးမယ်လားကွယ်''

''တကယ်လို့ အဖိုးပေါက်တူးကိုတွေ့ချင်ရင် ဘယ်မှာလာ တွေ့ရမလဲ''

''မိသုန်သုဿန်က အုတ်ဂူပေါ်မှာ အဖိုးအမြဲရှိနေတာလေ ကွယ်''

''သတ္တဝါတွေ ကျန်းမာချမ်းသာပါစေ''

''ကျန်းမာချမ်းသာပါစေ''

''လူသားအချင်းချင်း အမုန်းပွားခြင်း ကင်းစင်ကြပါစေ''

ထိုသို့ပြောအပြီး၌ အဖိုးပေါက်တူးသည် ကျွန်ုပ်တို့အား ကျောခိုင်း၍ ထွက်သွားပေတော့၏။ အချိန်သည် အမှောင်ထုများ ကြီးစိုးမင်းမှုလျက်ရှိပေ၏။ ကောင်းကင်ယံ၌ ကြယ်တာရာများသည် အထီးကျန်ညအား အလင်းရောင်များပေးလျက်ရှိပေ၏။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်း မောင်တို့သည် အဖိုးပေါက်တူးဆိုသူ၏ အကြောင်းအားပြော၍ ပြန်လာ ခဲ့ကြပေတော့၏။

***





လမိုက်သည့်ည…

ထိုညအတွက် ကမ္ဘာလောကတစ်ခုလုံး ကြေကွဲစရာကောင်း လျက်ရှိသလို ကမ္ဘာပေါ်ရှိ သက်ရှိအားလုံး အိပ်မောကျနေသည့် အချိန်ဖြစ်၏။

ထိုအထဲတွင် သခင်မကြီးနေထိုင်သည့် စံအိမ်မပါဝင်သလို သခင်မကြီးသည် စိတ်များ ခြောက်ခြားလျက်ရှိ၏။

စောနန္ဒီသည် ၄င်း၏ဖခင်ထံမှ ယူထားသည့် ရတနာပစ္စည်း များအားပေးရန် မပေးဘဲ ဆက်လက်ငြင်းဆိုနေလျှင် သခင်မကြီး၏ အသက်အား လျော်ကြေးအဖြစ် ပြန်လည်ယူသွားမည်ဟုပြော၍ ပျောက်ကွယ်သွားပေ၏။ ၄င်းညသည် သုံးရက်ပြည့်သည့်ညဖြစ်၍ အိမ်ရှိတံခါးအားလုံး ပိတ်ထားသလို ခြံစောင့်များကိုလည်း မည်သူ့ ကိုမျှ တံခါးမဖွင့်ပေးရန်မှာထား၏။

အချိန်သည် ညဉ့်နက်လာပေ၏။

သခင်မကြီးသည် အခန်းထဲ၌ အတွေးပေါင်းများစွာအား ခေါင်းမှာပိုက်လျက်ရှိပေ၏။ ထိုအချိန်၌ လေနုကြမ်းများ တိုက်ခတ်လာ၏။ စိတ်များသည် ခြောက်ခြားလာ၏။ စောနန္ဒီလာတော့မည်ဟု ထင်နေမိ၏။

''စဉ်းစားပြီးပြီလား သခင်မကြီးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

သခင်မကြီးသည် ရုတ်တရက် အထိတ်တလန့်ဖြစ်သွားပေ၏။

မျက်လုံးများသည် ပြာဝေ၍ ခေါင်းထဲ၌ မူးနောက်လာ၏

၎င်း၏ရှေ့၌ အဖြူရောင်ဝတ်စုံနှင့်မိန်းကလေးတစ်ယောက် ရှေ့၌ ရပ်နေ၏။ နက်မှောင်သည့် ဆံပင်များ လွင့်စင်၍ ကျနေ၏

လက်ထဲ၌ ရှည်လျားသည့် ဓားကြီးအား တင်းကြပ်စွာ ဆုပ်ကိုင်ထားပေ၏။

"ဟား… ဟား… ဟား"

"ဘာအခုမှ ကြောက်နေတာလဲ။ ကျွန်ုပ်တောင်းထားတဲ့ ရတနာပစ္စည်းတွေကို လက်ထဲကိုအပ်ပါ သခင်မကြီး။ အဲဒီပစ္စည်းတွေရမှ ကျွန်ုပ်ဖခင်ကို ကျေးဇူးဆပ်တာနဲ့အတူ ဖြစ်မယ်။ အဲဒီပစ္စည်းတွေမရရင် ဖခင်ဟာ သခင်မကြီး ညောင်ပင်မှာ မကျွတ်မလွတ်… နဲ့ နှစ်ပေါင်းများစွာ ထိနေရမှာပါ။ အဲဒီပစ္စည်းတွေရမှ ကျွတ်လွတ်သွားမှာပါ"

"မင်းပြောတာ မဖြစ်နိုင်ဘူး မိန်းကလေး၊ ကျွန်ုပ်… ဘယ်သူ့ဆီကမှ မတော်မတရား မယူထားဘူး။ အခု ကျွန်ုပ် ချမ်းသာတယ်ဆိုတာ ဘိုးဘွားပိုင်ချမ်းသာလာခဲ့တာပဲ။ ဒီအတွက် မင်းစ…





ကို ကျွန်ုပ်မယုံဘူး"

"ကျွန်ုပ်သခင်မကြီးကို ယုံပါလို့ မပြောခဲ့ဘူး။ ကျွန်ုပ်ဖခင်ထံက ရယူသွားတဲ့ ရတနာတွေ လက်ထဲကို အပ်ပါ မအပ်ရင်တော့ သခင်မကြီးကို အရှင်မထားခဲ့ဘူးဆိုတာပဲ"

"အို… မိန်းကလေး ကျွန်ုပ်ကို ဘာလို့ရန်ပြုနေရတာလဲ။ သင့်ဖခင်ထံက ရတနာတွေယူထားတယ်ဆိုတာ ကျွန်ုပ်မဟုတ်ဘူး။ ဒါပေမယ့် ဖခင်အတွက် အမည်းစက်အထင်မခံချင်တဲ့အနေနဲ့ အခွင့်အရေးတစ်ခုပေးမယ်။ အဲဒါက ကျွန်ုပ်ဖခင်ယူသွားတယ်ဆိုတာ အထောက်အထားတစ်ခုရှိရမယ်။ အဲဒီအထောက်အထား ကျွန်ုပ်ကို ပြပါ။ အဲဒါဆို ကျွန်ုပ်ပေးလိုက်မယ်။ အဲဒီအထောက်အထားမရရင်တော့ ကျွန်ုပ် ဘာတစ်ခုမှ ပေးနိုင်မှာမဟုတ်ဘူးဆိုတာပဲ။ အဲဒီလိုမှ ပေးနိုင်ဘူးဆိုရင် ကျွန်ုပ်ထံပြန်မလာနဲ့။ သမီးတော်ကိစ္စနဲ့ အထိန်းတော်ကိစ္စနဲ့ စိတ်သောကရောက်နေတယ်"

"သူတို့က အတောင်စုံကြတဲ့ငှက်အမိုက်မလေးတွေလေ၊ အဲဒီအတွက် ပျံကုန်တာပေါ့ ဒါကို သောကရောက်နေလည်း အသက်သာရုံပဲရှိတော့မပေါ့။

ဒါတွေထားလိုက်ပါလေ။ ကျွန်ုပ်ကိစ္စမဟုတ်တဲ့အတွက် ပြောတော့ပါဘူး။ အဲဒီအတွက် သခင်မကြီးတောင်းတဲ့ အထောက်



www.burmeseclassic.com

www.burmeseclassic.com



အထားကို ကျွန်ုပ်မပြနိုင်ဘူး။ ကျွန်ုပ်လိုချင်တာအခုပဲ။ အဲဒီလိုမှ မပေးရင်တော့"

ထိုသို့ပြောအပြီး၌ စောနန္ဒီလက်ထဲ၌ ကိုင်ထားသည့် ဓား အိမ်အတွင်းရှိ ဓားရှည်အား ဆွဲထုတ်လိုက်၏။ ဝင်းလက်နေသည့် ဓားအရောင်သည် သခင်မကြီးအတွက် လွန်စွာ ရင်ဖိုသွား၏။ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားပေ၏။

စောနန္ဒီသည် စူးရှသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေ သည်။

ထိုအကြည့်အား မခံနိုင်သလိုဖြစ်၍ သခင်မကြီးသည် စိတ် များ ကယောင်ခြောက်ခြားဖြစ်နေပေတော့၏။ အသက်ရှူလမ်းကြောင်း ပိတ်သလိုဖြစ်နေပေ၏။

"ကဲ သခင်မကြီး ကျွန်ုပ်ပြောစကားကို ဘယ်လိုစဉ်းစား နေလဲ၊ အချိန်မရှိတော့ဘူး။ သူတို့ရောက်လာကြရင် ကျွန်ုပ်ကို အပြစ် မပြောနဲ့နော်။ ဟော... ခြေသံတွေကြားနေရပြီ သူတို့ရောက်လာကြ ရင် သခင်မကြီးလောင်တိုက်အတွင်းခံရလိမ့်မယ်"

ပြောနေချိန်တွင် ခြေသံလိုလို၊ စကားပြောသံလိုလို သခင် မကြီး၏နား၌ ကြားနေရပေ၏။ သခင်မကြီးသည် ခြောက်ခြားမှုများ လွှမ်းမိုးလျက်ရှိနေ၏။ ထိုအချိန်သည် အသက်ရှင်ဖို့ထက် သေဖို့သာ





အဓိက ဖြစ်နေ၏။

စောနန္ဒီသည် ဓားရှည်ကြီးအား တင်းကြပ်ဆုတ်ကိုင်လျက် ရှေ့သို့တိုးလာပေ၏။ မျက်လုံးများသည် စူးရှဝင်းလက်လာပေ၏။

စောနန္ဒီသည် မျက်နှာအား သေချာစိုက်ကြည့်လိုက်အပြီး၌ ဓားအား အပေါ်သို့ တရွေ့ရွေ့ မြှောက်တင်နေပေ၏။

"သခင်မကြီးက သေချင်နေတယ်ဆိုတော့ ကျွန်ုပ်က သတ် ရတော့တာပေါ့"

"သေဖို့သာပြင်ပေတော့"

"အမလေး... သေပါပြီ"

ထွက်ပေါ်လာသည့် အသံသည် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုး စွာ ထွက်ပေါ်လာတာကြောင့် စံအိမ်တော်အတွင်း၌ နေထိုင်သူများ ရုတ်တရက်လာကြ၏။

သခင်မကြီးသည် လဲကျသွားပေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"သခင်မကြီး၏သေတမ်းစာ"

တစ်နေ့သ၌...

ကျွန်ုပ်နှင့်မိတ်ဆွေ စုံနံ့သာမင်းမောင်တို့သည် စံအိမ်တော်သို့ ထွက်ခဲ့ကြပေ၏။

ထိုနေ့သည် စံအိမ်တော်ကြီး၌ လွန်စွာ ထူးဆန်းနေသည်ဟု ထင်နေ၏။ တိတ်ဆိတ်ခြောက်ခြားနေသည့် စံအိမ်ကြီးသည် ထိုနေ့၌ ပို၍ ခြောက်ခြားလျက်ရှိသည်ဟု ထင်နေမိ၏။

ခြံအဝ၌ အစောင့်နှစ်ယောက်ရှိသည့်အနက် တစ်ယောက်သာ တွေ့ရ၏။ ကျွန်ုပ်တို့အား တွေ့ရှိ၍ စိတ်ကောင်းခြင်းများစွာနှင့် ကြည့်ပေ၏။





စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပြီးနောက်...

"စံအိမ်ကြီးကို စောနန္ဒီရောက်လာတယ် မဟုတ်လား"

ခြံစောင့်အဖိုးကြီးသည် စုံနံ့သာမင်းမောင်အား အံ့သြခြင်းများစွာနှင့် ကြည့်လိုက်ပေ၏။

"ဟုတ်တယ် စုံထောက်လေး၊ အဲဒီကိစ္စနဲ့ သခင်မကြီးဟာ အသက်ရှင်ဖို့ထက် သေဆုံးဖို့က ပိုများနေတယ်"

"အဲဒီ မိန်းကလေး ဘယ်ဘက်ကိုထွက်သွားတာတွေ့လဲ"

"ညောင်ပင်ကြီးဘက်ကို သွားတာတွေ့ပါတယ်"

"ကောင်းပြီး ကျုပ်တို့အထဲကို ဝင်လိုက်ဦးမယ်။ ဒါနဲ့ တခြားအာတွေထူးခြားမှုတွေ့လဲ"

"ဒီရက်ထဲမှာ ခြေရှုပ်နေတယ်လို့ထင်တယ်။ ဘာဆိုတာတော့ လက်ဆုပ်လက်ကိုင် မပြတတ်ဘူးလားဗျာ"

"ဒီလောက်ဆို ကျုပ်တို့ သဘောပေါက်ပြီဗျာ"

စုံနံ့သာမင်းမောင်သည် မာဖလာအား တစ်ဖက်သို့ ပတ်လိုက်၏။

ကျွန်ုပ်တို့သည် စံအိမ်ကြီးသို့ ဦးတည်ထွက်လာခဲ့ကြပေ၏။ စံအိမ်ကြီးသည် တိတ်ဆိတ်မှုများ ပိုမိုတိုးတက်လာပေ၏။



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်အတွင်းသို့အရောက်၌ အလုပ်သမား အမျိုးသမီး တစ်ယောက်ရောက်ရှိလာ၍ အခန်းတံခါး လာရောက်ဖွင့်ပေး၏။

"စုံထောက်လေးတို့ကို သခင်မကြီး မျှော်နေသားလား ကွယ်"

"ကျုပ်တို့လည်း အဲဒီကိုပဲ လာတာပါ"

ကျွန်ုပ်တို့သည် သခင်မကြီးနေထိုင်ရာအခန်းသို့ ဦးတည် ထွက်လာခဲ့ကြ၏။ သခင်မကြီးအား တွေ့လိုက်ရသည့်အတွက် လွန်စွာ အံ့သြမိပေ၏။ သခင်မကြီးသည် ကုတင်ပေါ်၌ လဲနေ၏။ မျက်နှာသည် ပထမနေ့ကထက်ပို၍ အိုသွားသည်ဟု ထင်မိ၏။ သခင်မကြီးသည် ကျွန်ုပ်တို့အား အားကိုးသည့်မျက်နှာနှင့်ကြည့်လိုက်၏။

"စုံထောက်လေးတို့ရောက်လာကြပါကလားကွယ်"

အသံသည် ခပ်တိုးတိုးသာဖြစ်နေ၏။

"ကျုပ်တို့စောနန္ဒီအကြောင်း သိချင်လို့လာခဲ့တာပါ"

"ဘာများပါသလဲကွယ်"

"စောနန္ဒီဆိုတာ ဘယ်သူလဲ၊ သခင်မကြီးတို့နဲ့ ဘယ်လို ပတ်သက်နေပါသလဲ"

ထိုမေးခွန်းကြောင့် သခင်မကြီးခေါင်းလေးကို အသာညိတ် လိုက်၏။





ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်အား ကြည့်လိုက် ၏။

"တကယ်တော့ စောနန္ဒီဟာ သခင်မကြီးတို့နဲ့ လွန်စွာ ပတ်သက်တဲ့မိန်းကလေးတစ်ယောက်ပါ။ အခုတွေ့နေတဲ့ စောနန္ဒီတော့ မဟုတ်ဘူးလားကွယ်"

သခင်မကြီးသည် စကားစအား ရပ်လိုက်၏။ မျက်နှာလေး သည် အနီး၌ရပ်နေသည့် အထိန်းတော်မယ်ဥအား ကြည့်လိုက်၏။

"ဟဲ့… မယ်ဥ သခင်မကြီးမှတ်တမ်းစာအုပ်သွားယူခဲ့စမ်း ပါကွဲ့"

"ကောင်းပါပြီ သခင်မကြီး"

အထိန်းတော်မယ်ဥသည် အနီးမှထွက်၍ စာအုပ်များထား သည့် စာအုပ်များ၏အပေါ်၌ရှိ စာအုပ်တစ်အုပ်အား ယူလိုက်၏။ ၎င်းစာအုပ်အား ကြက်သွေးရောင်ကတ္တီပါစနှင့် ပတ်ထား၏။

မယ်ဥသည် ကတ္တီပါစနှင့်ပတ်ထားသည့်စာအုပ်လေးအား သခင်မကြီး၏လက်ထဲသို့ ရိုသေစွာ ပေးလိုက်၏။ စာအုပ်လေးအား လှမ်းယူပြီး စုံနံ့သာမင်းမောင်၏လက်ထဲသို့ ပေးလိုက်၏။

"လူ့လောကမှာ မနေရတော့ဘူး သေရတော့မယ်။ အဲဒီ အတွက် စုံထောက်ကျော်လေးတို့ကို မှာချင်တာရှိပါတယ်။ သမီးတော်



www.burmeseclassic.com

www.burmeseclassic.com



ဆောဒေဝီကို တွေ့အောင်ရှာပေးပါ။ အဲဒီလိုမတွေ့သေးတဲ့အချိန်မှာ စံအိမ်ကြီးကို ထိန်းသိမ်းထားပေးပါလို့ ပြောချင်ပါတယ်"

"သခင်မကြီး ဘာမှမဖြစ်သေးပါဘူး"

"သိပါတယ်လားကွယ် သခင်မကြီးပြောတာကို ဘာလုပ်ဆောင်ပေးပါ။ နောက် စောနန္ဒီဆိုတာ ဘယ်သူဆိုတာလည်း စုံစမ်းပေးပါ။ သူဟာ မိသားစုအတွက် အနှောင့်အယှက်ဖြစ်နေလို့ပါလားကွယ်"

BURMESE CLASSIC

ထိုသို့ပြောအပြီး၌ သခင်မကြီးသည် အနောက်သို့ မှီ၍ကျသွားပေ၏။ မျက်ဝန်းအိမ်၌ မျက်ရည်များ တွဲခို၍ ကျလာနေ၏။

ကျွန်ုပ်တို့သည် သခင်မကြီးအား ကြည့်နေကြ၏။

လွန်စွာ အံ့သြစရာကောင်းသည့်ဖြစ်ရပ်တစ်ခုဖြစ်သွားပေ၏။ သခင်မကြီးသည် စကားမပြောသလို လောကကြီး၌ အဆက်အသွယ်ပြတ်သွားပေ၏။

"သခင်မကြီးဆုံးပြီ..."

"အမလေး လုပ်ကြပါဦး၊ စုံထောက်ကျော်လေးကယ်ပါဦး"

ထိုအချိန်၌ စုံနံ့သာမင်းမောင်သည် သေချာစဉ်းစားလျက်ရှိနေ၏။ ဘာဆက်လုပ်ရမယ်ဆိုတာဖြင့် စီးကရက်အား အေးဆေးစွာ သောက်နေပေ၏။





"အေးအေးဆေးဆေး နေကြပါ သခင်မကြီး ဘာမှမဖြစ်ပါဘူး။ သတိလစ်သွားတာပါ။ အဲဒီအတွက် သမားတော်ခေါ်ရမယ်။ သဲ... ကိုအောင်သိန်း သခင်မကြီးကို ကြည့်ထားပါ ဘယ်သူမှ အနားကပ်မခံနဲ့ ကျုပ်အမြန်ပြန်ခဲ့မယ်"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား ခေါင်းညိတ်ခေါ်လိုက်၏။ ကျွန်ုပ်သည် ၎င်း၏အနီးသို့ ရောက်ရှိသွား၏။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား မှာနေပေတော့၏။ စုံနံ့သာမင်းမောင်သည် အပြင်သို့ ထွက်သွားပေ၏။

နာရီပိုင်းအတွင်း၌ ပြန်လည်ရောက်ရှိလာ၍ သခင်မကြီးအား ဆေးဝါးကုသနေပေ၏။ သခင်မကြီး၏ အနားတွင် ကျွန်ုပ်မှ ခွဲ၍ မည်သူမျှ မလာရန် တားမြစ်ထားပေတော့၏။

စုံနံ့သာမင်းမောင်သည် သခင်မကြီးရေးထားသည့် မှတ်တမ်းများအား ဖတ်နေပေ၏။ အချိန်သည် ညဉ့်နက်ပိုင်းအတွင်းသို့ ရောက်နေသည့်အတွက် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက်ရှိနေပေ၏။

စားပွဲပေါ်၌ မီးအိမ်တစ်လုံးတင်ထား၏။ မီးအိမ်၏ အလင်းရောင်ကြောင့် စာများအား သဲကွဲစွာ မြင်ရပေ၏။

စာရွက်စာတမ်းစာအုပ်များနှင့် ကလောင်တန်၊ မှင်အိုးများလည်း ရှိနေပေ၏။ ထိုအရာများသည် စုံနံ့သာမင်းမောင်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အခိက ထားရပေ၏။

"သြော်.... ဒါက စောနန္ဒီရဲ့အကြောင်းပါလား"

စုံနံ့သာမင်းမောင်သည် စိတ်ဝင်စားသွား၏။ ဝါကျင့်ကျင့်စက္ကူပေါ်၌ရေးသားထားခြင်းဖြစ်ပေ၏။

"စောနန္ဒီနှင့်ပတ်သက်၍"

စောနန္ဒီသည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာ၌ လူ့လောကအတွင်းသို့ စတင်ဝင်ရောက်လာလျက်ရှိ၏။

ထိုအချိန်၌ ကျွန်ုပ်သည် အသက် ၁၃ နှစ်အရွယ်သာ ရှိပေ၏။

ကျွန်ုပ်၏ဖခင်နှင့်ပတ်သက်၍ စောနန္ဒီဆိုသည့် အမျိုးသမီးတစ်ဦးရောက်ရှိလာပေ၏။ စောနန္ဒီသည် အသက် ၂၀ ကျော်အရွယ်ရှိပေ၏။ ကျွန်ုပ်သည် စောနန္ဒီအား မမကြီးသဖွယ် ချစ်ခင်လေးစားပေ၏။ ၎င်းသည် ကျွန်ုပ်အား ညီမအရင်းတစ်ယောက်ကဲ့သို့ သဘောထားချစ်ခင်၏။ စောနန္ဒီသည် လှပ်စွာချမ်းသာသည့်မိသားစု၌ မွေးဖွားလာသည့်မိန်းကလေးတစ်ယောက်ဖြစ်၏။ လှပ်စွာချောမောလှပသည့်အတွက် ထိပ်ထားလေးဟု ခေါ်ကြပေ၏။

ကျွန်ုပ်တို့စံအိမ်၌လည်း ထိပ်ထားလေးသဖွယ်ထားရှိ၏ စောနန္ဒီ၏ မိဘများအား ဝိသမလောဘသားတွေ၏လက်ချက်နှင့်





သေဆုံးကုန်၏။ စောနန္ဒီပိုင်ဆိုင်သည့် ရတနာအများစု၌ တစ်ဝက်သည် ၎င်းတို့လက်ထဲသို့ ရောက်ရှိသွား၏။ မိဘမဲ့ဖြစ်နေသည့်အတွက် အဖိုးနိုင်အောင်မြိုင်သည် ကျွန်ုပ်၏ ဖခင်အား ခေါ်ယူ၏။ အဖိုး၏ပြောပြချက်အတိုင်း မှတ်ချက်ကောက်ရလျှင် စောနန္ဒီ၏ မိဘများအားသတ်လိုက်သူများသည် စောရငပု၊ စောရပေတန်တို့အဖွဲ့ပင်ဖြစ်၏။

၎င်းအဖွဲ့သည် ကျွန်ုပ်၏ ဖခင်နှင့် မမစောနန္ဒီအား အချိန်တိုင်း အနှောင့်အယှက်များ ပေးလျက်ရှိ၏။ မခိုင်တခိုင် ခြံစည်းရိုးများအား ကျော်တက်၍ စံအိမ်ကြီးအား အနှောက်ယှက်ရန် ကြိုးစားလျက်ရှိပေ၏။ ထိုအတွက်ကြောင့် ဖခင်သည် မမစောနန္ဒီအတွက် အသက်အန္တရာယ်အား စိုးရိမ်လာသည့်အတွက် အစောင့်များအား ထားရှိ၏။ ဆောရအဖွဲ့များသည် အစောင့်များအား ပေါင်း၍ စောနန္ဒီအား စံအိမ်ကြီး၏အောက်သို့ဆင်းရန် ဆောင်ရွက်ခိုင်းပေ၏။

BURMESE CLASSIC

တစ်နေ့သ၌...

ကျွန်ုပ်၏ မိဘနှစ်ပါးအပြင်သွားချိန်၌ စောနန္ဒီ၏ချစ်သူ ...စ်ကို နိုင်အေးသန်းခေါ်ခိုင်းသည်ဆို၍ တစ်ဖက်လှည့်နှင့် ခေါ်ခိုင်း၏။ စောနန္ဒီစံအိမ်အောက်သို့ရောက်ရှိလာရာ ညောင်ပင်ကြီး၌ နိုင်အေးသန်းရှိသည်ဟု ပြော၍ခေါ်သွား၏။ ထိုအချိန်မှစ၍ စောနန္ဒီပျောက်ဆုံးသွား၏။ ဖခင်နှင့်အားလုံးသည် စောနန္ဒီအား လိုက်ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ရက်မြောက်သည့်နေ့၌ စံအိမ်တစ်ခုလုံး အပုတ်
များနှင့် လွှမ်းမိုးနေရာ တစ်ယောက်မျှ မခံနိုင်အောင်ဖြစ်နေပေ၏
ထိုအချိန်၌ ဖခင်သည် လိုက်ရှာခိုင်းသလို ၎င်းကိုယ်တိုင်လည်း လိုက်
ရှာ၏။ ပြောသည့်အတိုင်း ညောင်မှတ်ဆိတ်အပင်ကြီးနှင့်မလှမ်းမကမ်း
၌ရှိသည့်ရေတွင်း၌ သေနေသည်ကို တွေ့လိုက်ရ၏။

စောနန္ဒီအားသတ်သည့်သူသည် နိုင်အေးသန်းဟု စာရေး
ထား၏။ ထိုအတွက် ဖခင် လွန်စွာ ဒေါသထွက်သွားပြီး နိုင်အေးသန်း
အား ခေါ်ယူတွေ့ဆုံ၏။ နိုင်အေးသန်းသည် စောနန္ဒီအား မသတ်
ကြောင်း ဝန်ခံလိုက်၏။ ထိုသို့ပူးပေါင်း၍ လိုက်ရှာရင်း အစောင့်များ
အား ရိုက်နှက်စစ်ဆေး၏။

၎င်းတို့၏ထွက်ဆိုချက်၌ စောရများ သတ်လိုက်ကြောင်း
သိရှိ၍ ဖခင်သည် လွန်စွာဒေါသထွက်သွား၏။ လွန်စွာလိမ္မာသည့်
ဖခင်သည် စောရပေတန်နှင့် စောရင်ငပုတို့အား ခေါ်ယူ၍ စော
ပိုင်ဆိုင်သည့်ပစ္စည်းများ လာရောက်ယူရန် အကြောင်းကြားလိုက် သ
အစောင့်များအား ဖမ်းဆီးချုပ်နှောင်ထား၏။

စောရငပုနှင့်စောရပေတန်တို့အား ညောင်မှတ်ဆိပ်အပင်ကြ
အောက်၌ ချိန်လိုက်၏။ စောနန္ဒီအသတ်ခံလိုက်ရသည့်အတွက် ဒေါ
လည်းထွက်၊ ကြေကွဲနေသည့် ဖခင်သည် နန်းစဉ်ရတနာလက်





တော် ဓားရှည်နှင့် နှစ်ယောက်လုံးအား ဒေါသများနှင့် ခုတ်သတ်
လိုက်ပေ၏။

သေဆုံးသွားသည့် စောရညီနောင်အား အစောင့်အဖြစ်
စံအိမ်ကြီး၌ ထားခဲ့သလို စောနန္ဒီအား မိသားစုများ ဂူသွင်းသည့်
နေရာ၌ မိသားစုဝင်တစ်ယောက်အဖြစ် သတ်မှတ်၍ ဂူသွင်းထားပေ
၏။ ၎င်းတို့ညီနောင်နှင့် အစောင့်များသတ်လိုက်သည့်အတွက် သား
များဖြစ်ကြသည့် မောင်မြအောင်၊ မောင်လံထောင်၊ မောင်ရန်ပုတို့က
ကျွန်ုပ်တို့မိသားစုအား အညိုးထား၍ ဆွေစဉ်မျိုးဆက် ပြဿနာများ
ရှာလျက်ရှိပေတော့၏။ ယခုအခါ ကျွန်ုပ်၏မိဘများ မရှိတော့သည့်
အတွက် ကျွန်ုပ်သည် သေရမှာကြောက်လွန်းသူမဟုတ်။ ကျွန်ုပ်၏
သမီး စောဒေဝီအား နှောင့်ယှက်မည်အား စိုးရိမ်လျက်ရှိနေသည့်
အတွက် ထိန်းသိမ်းပေးပါရန်နှင့် ကျွန်ုပ်သေဆုံးသည့်အခါ၌ မိသားစု
သားရှိ ဂူသွင်းပေးပါရန် တောင်းဆိုပါ၏။

သခင်မကြီးရေးသားသည့်စာသည် ထိုနေရာ၌ အဆုံးသတ်
လိုက်၏။

ထိုသို့အဆုံးသတ်သည်မှာ စာမှတ်တမ်း ပြီးဆုံးခြင်းမဟုတ်၊
စောနန္ဒီနှင့်ပတ်သတ်သည့်စာ ပြီးဆုံးခြင်းသာဖြစ်၏။ ကျန်သည့်စာ
များသည် မပတ်သတ်တော့သည်ဟု ထင်မှတ်၍ စုံနံ့သာမင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



လှ် ဆက်လက်ဖတ်ရှုခြင်းမရှိသည့်အတွက် စာအုပ်အား ပိတ်လိုက်၏။

စုံနံ့သာမင်းမောင်သည် စီးကရက်အား အေးဆေးစွာ သောက်၍ စဉ်းစားနေပေ၏။

ပတ္တမြားလည်ဆွဲနှင့် စောဒေဝီအထိန်းတော်မယ်ထွေးမိတို့အား ခေါ်ယူသွားသည်မှာ ထိုလူများလားဟု ထင်မှတ်၍နေ၏။

မည်သို့ပင်ဖြစ်စေကာမူ စုံနံ့သာမင်းမောင်သည် စောရညီနောင်၏ သားသမီးမြေးများအား ဖမ်းဆီး၍ စစ်ဆေးရန် ဆုံးဖြတ်ချက်ချလိုက်မိပေတော့၏။

***

တစ်နေ့သ၌···

စုံနံ့သာမင်းမောင်ထံ ကျွန်ုပ်ရောက်ရှိသွားပေ၏။

၎င်းသည် မှတ်တမ်းများအား စစ်ဆေးလျက်ရှိသလိုလုပ်ရမည့်အလုပ်များအား နံပတ်ထိုး၍ အစီအစဉ်များ ရေးဆွဲလျက်ရှိပေ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်ရှိရာအခန်းအတွင်းသို့ ဝင်လိုက်၏။

"ဘာထူးလဲ ကိုအောင်သိန်း"





"အားလုံးအဆင်ပြေပါတယ် ကိုမင်းမောင်၊ ဒါနဲ့ မှတ်တမ်းများမှာရော ဘာတွေထူးခြားမှုရှိလဲ"

"စောနန္ဒီအစစ်က သေဆုံးသွားပြီး အုတ်ဂူလည်း ခြံထဲမှာပဲ ရှိတယ်ဗျာ"

"ဘာကြောင့် သေရတယ်ဆိုတာရောပါလား ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် ခေါင်းတစ်ချက်ညိတ်လိုက်၏။

ထိုအချိန်၌ သေသပ်စွာဖြီးထားသည့် ဆံပင်သည် ပြုတ္တံကျလာသည့်အတွက်ကြောင့် စုံနံ့သာမင်းမောင်သည် အပေါ်သို့ သိမ်းတင်လိုက်၏။

တကယ်တော့···

စုံနံ့သာမင်းမောင်သည် လူချောတစ်ယောက်ဖြစ်၏။

မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ ကြက်သွေးရောင်နှုတ်ခမ်းနှစ်လွှာနှင့် ကြည်လင်ဝင်းပသည့်မျက်လုံးတစ်စုံ။

အရပ်မြင့်မြင့် တောင့်တင်းသည့် ကိုယ်ခန္ဓာ၊ ကန့်ကောသုံ့ချည်၌ အပြာကြီးခါးပတ်ကြီးအား ပတ်ထား၏။

အဖြူရောင်အင်္ကျီ၏အပေါ်၌ အုန်းခွံရောင်ဝတ်စကုတ်အားဝတ်ထားပြီး မာဖလာအား ပတ်ထားပေ၏။ မိန်းကလေးများ နှစ်သည့်မြက်သည့် ရုပ်လက္ခဏာပိုင်ရှင်ဖြစ်သည့်အတွက် တချို့သည်



www.burmeseclassic.com

www.burmeseclassic.com



ဘိုင်စကုတ်မင်းသားလားဟု ထင်ကြပေ၏။

စုံနဲ့သာမင်းမောင်သည် ပေးအပ်သည့်တာဝန်ကိုသာ ကျေအောင်ထမ်းဆောင်လျက်ရှိ၏။

"စောရင်ပုတို့လက်ချက်နဲ့သေရတာပဲဗျာ။ တကယ်တော့ စောနန္ဒီဟာ စံအိမ်ကြီးရဲ့မိသားစုဝင်တစ်ဦးပဲ။ စံအိမ်ကြီးနဲ့ရန်သူတွေ မဟုတ်ကြဘူးဗျာ။ အဲဒီအတွက် စံအိမ်ကိုရောက်ရှိလာတဲ့ စောနန္ဒီဆိုတာ သူတို့အဖွဲ့ကပဲ ဖြစ်ရမယ်။ အဲဒီတော့…

စုံနဲ့သာမင်းမောင်သည် စကားစအား ရပ်လိုက်၏။ စီးကရက်အား အေးဆေးစွာ ဖွာရှိုက်လိုက်ပြီး သက်ပြင်းတစ်ခုအား လေးတွဲစွာ ချလိုက်၏။ စိတ်ထဲ၌ မသက်မသာဖြစ်နေ၏။

"အဲဒီတော့ ဘာဖြစ်လဲ ကိုမင်းမောင်"

"စံအိမ်တော်မှာရှိနေတဲ့ စောနန္ဒီဟာ အယောင်ဆောင်ပဲ ဖြစ်ရမယ်ဗျာ"

"ဖြစ်နိုင်တယ် ကိုမင်းမောင်၊ ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

"ခင်ဗျားစံအိမ်ထဲမှာပဲနေဗျာ။ ခင်ဗျားရှိနေတာကို ဘယ်သူမှ မသိစေနဲ့၊ ဘာတွေလုပ်နေကြတယ်ဆိုတာကို လေ့လာဗျာ။ ကျုပ်က အပြင်မှာ တရားခံတွေကို ရှာမယ်၊ အချိန်ဆွဲနေလို့မဖြစ်တော့ဘူး





နေ့ခင်းတော့ ကျုပ်နဲ့လိုက်ဗျာ။ ဒါပေမယ့် ခင်ဗျားရှိနေတဲ့အချိန်မှာ ကျုပ်က ညစောင့်အဖိုးကြီးဟန်ဆောင်နေမယ်"

"ဒါ သိပ်ကောင်းတဲ့အကြံပဲ ကိုမင်းမောင်၊ ဒီနေ့ ဘယ်ကိုသွားမလဲ"

"စနေသားငကျားစီးသွားမယ်ဗျာ။ အဟောင်းဈေးကိုလည်းသွားမယ်။ ကျုပ်သတင်းတစ်ခုရထားတယ်။ ပတ္တမြားလည်ဆွဲအဟောင်းဈေးမှာ ရောက်နေပြီတဲ့။ အဲဒီတော့ ကျုပ်အဝတ်အစားဆွဲလိုက်ဦးမယ်ဗျာ"

"လဲပြီးပြီမဟုတ်လား"

"ခင်ဗျားမသိပါဘူးဗျာ"

စုံနဲ့သာမင်းမောင်သည် အသင့်ယူထားသည့်အဝတ်များအား ဝတ်ဆင်လိုက်၏။

ရုတ်တရက်တွေ့လိုက်သည့်အတွက် ရယ်ချင်စိတ်များ လွှမ်းမိုးလာ၏။

စုံနဲ့သာမင်းမောင် ကွက်ကျဲလုံချည်ပင်နီတိုက်ပုံဆေးတံ အောင်ဖေ့လွယ်အိတ် ကွက်ကျဲ ခေါင်းပေါင်းမာဖလာနှင့်ဖြစ်နေသည့်အတွက် တကယ့်အဖိုးအိုတစ်ယောက်လိုဖြစ်နေ၏။

"ကဲ… ကိုအောင်သိန်း ကျုပ်တို့သွားကြမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် အဟောင်းဈေးဘက်သို့ ထွက်လာကြ၏။

ထိုနေ့သည် အဟောင်းဈေးနေ့ဖြစ်၏။ အဟောင်းဈေးရောင်းပွဲတော်သည် တစ်ပတ်တစ်ကြိမ်ကျင်းပ၏။ အနယ်နယ်အရပ်ရပ်၌ ရှိသူများသည် ထိုဈေးတွင် ရောင်းချလျက်ရှိသည့် အဟောင်းများအား လာရောက်ဝယ်ယူကြ၏။ ထိုနေ့ဈေးရောင်းပွဲ၌ ကျွန်ုပ်တို့ သွားရောက်ရသည်မှာ အကြိမ်ပေါင်းမရေတွက်နိုင်အောင်ဖြစ်နေပေ၏။

ကျွန်ုပ်တို့လိုချင်သည့် သဲလွန်စအား ရှာမတွေ့ရသည့် အတွက် ခက်နေကြပေ၏။ ကျွန်ုပ်တို့အဟောင်းဈေးသို့ ထွက်ခဲ့ကြ ပေတော့၏။

***

ကျွန်ုပ်တို့နှစ်ယောက် အဟောင်းဈေးသို့ရောက်ရှိလာ၏။

လာရောက်ဝယ်ယူကြသူများနှင့် ပြည့်ကြပ်လျက်ရှိ၏။ ထိုဈေး၌ ရောင်းသည့် ပစ္စည်းများသည် နှစ်အတန်ကြာ၌ သိမ်းသည်ထားသည့်ပစ္စည်းများ လက်ဝတ်ရတနာ၊ အင်္ကျီလုံချည်၊ အိုးခွက်စသည့်ပစ္စည်းများပင်ဖြစ်၏။

ကျွန်ုပ်တို့သည် ရတနာပစ္စည်းများရောင်းချနေသည့်တန်းအား





လေ့လာလျက်ရှိ၏။ ရတနာများ ရောင်းချလျက်ရှိသည့်ဆိုင်များသည် လွန်စွာပေါများ၏။

ကျွန်ုပ်တို့ ရတနာအရောင်းဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိသွား၏။ ၎င်းဆိုင်သည် ရှေးဟောင်းပစ္စည်းများအား ရောင်းချလျက်ရှိပေမယ့် တချို့ရတနာများသည် အပြည့်အစုံမရှိအောင်ဖြစ်နေ၏။

"မောင်ရင် အဲဒီလည်ဆွဲလေး ပေးပြပါကလားကွယ်"

စုံနံ့သာမင်းမောင်၏အသံသည် အဖိုးအိုတစ်ယောက်၏ လေသံနှင့်လွန်စွာတူလှ၏။

စုံနံ့သာမင်းမောင်သည် တောင်ဝှေ့အား ညှပ်လိုက်၏။ ကျွန်ုပ်ပေးသည့် လည်ဆွဲအား သေချာကြည့်နေပေ၏။ လည်ဆွဲသည် ရှေးဟောင်းလည်ဆွဲဖြစ်သလို လက်ရာသည် လွန်စွာသေသပ်လှပ၏။ လက်ရာများ လွန်စွာကောင်းပေ၏။

စုံနံ့သာမင်းမောင်သည် လည်ဆွဲလေးအား သေချာစွာကြည့်ရှုစစ်ဆေးလျက်ရှိပေ၏။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား ကြည့်လိုက်၏။

"ကိုအောင်သိန်း ဒီမှာတွေ့လား"

ကျွန်ုပ်အား တိုးတိုးလေး ထပ်ပြောလိုက်၏။

ရွှေသားလည်ဆွဲ၏ကျောက်နေရာ၌ ကျောက်မရှိ ကွက်လပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပေ၏။ လည်ဆွဲလေးဖြစ်ပြီး ကျောက်ထည့်သည့်နေရာ၏ကျော၌ နိုင်ရာဇာလေးဟု ရေးထား၏။

ထိုလည်ဆွဲသည် သခင်မကြီး၏ မေကြီးတော်သူအား နိုင်ရာဇာလေးမှ လက်ဆောင်ပေးထားခြင်းဖြစ်ပေ၏။

"မောင်ရင်လေး ဘယ်လောက်ပေးရမှာလဲကွယ်။ နောက်ပြီးတော့ ဒီရတနာလည်ဆွဲလေးကို ဘယ်သူကတဆင့် လာရောင်းသွားတာလဲကွယ်လေးရာ"

"ဘာလုပ်ဖို့မေးတာလဲ၊ ဝယ်ချင်ဝယ်၊ မဝယ်နိုင်ရင်လည်း ပြန်ပေးပါ။ အလကား အနှောင့်အယှက်ဖြစ်တယ်ဗျာ"

"အိုလေကွယ် အဲဒီလိုမပြောလိုက်ပါနဲ့ လူလေးရာ၊ ဒီရတနာလည်ဆွဲလေးက အဘရဲ့ အဖိုးပိုင်ဆိုင်တဲ့ ရတနာလည်ဆွဲလေးပါ။ အဲဒီမှာပါတဲ့ ကျောက်လေးလည်း မရှိတော့ဘူး"

စုံနံ့သာမင်းမောင်သည် အဖိုးအိုတစ်ယောက်လေသံများနှင့် ပြောနေရသည့်အတွက် ဈေးရောင်းနေသည့်လူငယ်သည် မကျေမနပ်ဖြစ်နေပေ၏။

ထို့နောက် စုံနံ့သာမင်းမောင်သည် ဆေးတံအား တစ်ချက်ဖွာရှိုက်ပြီး လည်ဆွဲလေးအား သေချာကြည့်ပြီး လွယ်အိတ်အတွင်းသို့ ထည့်လိုက်၏။





"အဖိုးကြီး ဒါဘာလုပ်နေတာလဲ၊ ကျုပ်ရတနာလည်ဆွဲကို အခုပြန်ပေးပါ"

လူငယ်သည် ဒုတ်ဆွဲ၍ထလိုက်၏။

စုံနံ့သာမင်းမောင်သည် ခေါင်းပေါင်းစလေး ချွတ်လိုက်၏။ လွယ်အိတ်ထဲ၌ရှိသည့် သေနတ်အား ထုတ်ယူ၍ ချိန်လိုက်၏။

"ပြော... ဒီရတနာလည်ဆွဲက ဘယ်သူလာရောင်းတာလဲ ပြော။ ကျုပ်ကို ဘယ်သူဆိုတာ သိလား၊ ကျုပ်တို့က စုံထောက်တွေပဲ။ ဒီရတနာလည်ဆွဲဟာ စံအိမ်တော်က ပျောက်သွားတဲ့ပတ္တမြားလည်ဆွဲပဲ။ ကျုပ်တို့တရားခံကို လိုက်ရှာနေတာပဲ"

"ဗျာ"

လူငယ်သည် ရုတ်တရက် ဘာပြောရမှန်းမသိအောင်ဖြစ်နေ၏။

စုံနံ့သာမင်းမောင်သည် ဆေးတံအား ချွတ်လိုက်၏။ လူငယ်အား ကြည့်လိုက်၏။

"ခင်ဗျားတို့က စုံနံ့သာမင်းမောင်လား"

"ဟုတ်တယ် ကျုပ်နာမည် စုံနံ့သာမင်းမောင်ပဲ။ ဒါတွေထားလိုက် ကျုပ်တို့မေးတာကိုသာဖြေပါ"

"ဒီပစ္စည်းလာရောင်းတဲ့သူက မိန်းမတစ်ယောက်ပဲ။ အသက်



www.burmeseclassic.com

www.burmeseclassic.com



ထ ၄၀ ဆော့လောက်ရှိပါပြီ''

''အဲဒီမိန်းမနဲ့ပတ်သက်လို့ အထောက်အထားရှိလား၊ ခင်ဗျား ပေါ့သေးသေးမအောင်းမေ့နဲ့၊ သူခိုးလက်ခံအမှုနဲ့ ထောင်ကျသွားနိုင် တယ်''

''ကျုပ်ကိုထောင်မချပါနဲ့ဗျာ။ ကျုပ်ကိုလာရောင်းလို့သာ ဝယ်လိုက်ရတာပါ ခိုးရာပါပစ္စည်းမှန်းသိရင် ကျုပ်မဝယ်လိုက်ပါဘူး။ ခဏနေပါဦး၊ ကျုပ်ပစ္စည်းကို ပြန်ကြည့်ပေးပါ့မယ်''

ထိုသို့ပြောပြီး လူငယ်သည် ဝါးကြောပလိုင်းကြီးအတွင်းသို့ လက်နှိုက်၍ရှာဖွေနေပေ၏။ ၎င်းအတွင်း၌ အရာဝတ္ထုတစ်ခုခု ပါလာ လိမ့်မည်ဟု ထင်နေမိပေ၏။

ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် အကဲခတ် ၍ ကြည့်နေပေ၏။ တစ်ခုခုလုပ်လိုက်သည်နှင့် တုန့်ပြန်မှုသည် လျှင် စွာ မြန်လွန်းနေမည်ဟု ထင်နေမိ၏။

ထို့နောက် လူငယ်သည် ဝါးပလိုင်းအတွင်း၌ ရှိသည့် ဝါကျင့် ကျင့်စက္ကူတစ်ထပ်အား ထုတ်ယူလိုက်ပေ၏။

စက္ကူများအား ရှာဖွေလျက်ရှိနေ၏။

''ဟာ… တွေ့ပြီ''

ရုတ်တရက် အသံတစ်ခုထွက်ပေါ်လာပေ၏။





ကျွန်ုပ်တို့သည် လူငယ်အား ကြည့်လိုက်၏။ လူငယ်သည် ဝါကျင့်ကျင့်စက္ကူလေးအား ကျွန်ုပ်အား လှမ်းပေးလိုက်၏။

''မကျင်တီ ရတနာလည်ဆွဲဟောင်း ကျပ်ငွေ နှစ်သောင်း ဟု ရေးထား၏။ ဖိုးခဲရွာ၌နေထိုင်သူဖြစ်၏။

''အဲဒီမိန်းမလာရောင်းတာ သေချာတယ်နော် ကောင် ကလေး''

''ဟုတ်ကဲ့ သေချာပါတယ်၊ အသက်နှစ်ဆယ်ဝန်းကျင် ကောင်လေးတစ်ယောက်လည်း အဖော်ပါလာသေးတယ်''

''ကောင်းပြီ ကျုပ်တို့လိုက်သွားလိုက်မယ်''

ထိုသို့ပြောအပြီး၌ ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင် တို့ အဟောင်းဈေးအား ကျောခိုင်း၍ ထွက်လာခဲ့ကြ၏။

ဖိုးခဲရွာသွားရသည်မှာ လွန်စွာကျေနပ်နေမိ၏။ ၎င်းရွာ၌ ကျွန်ုပ်တို့အတွက် ကောင်းသည့်သတင်းတစ်ခု ရရှိလိမ့်မည်ဟု ထင်နေ မိတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

### "စိန္နီသာမင်းမောင်နှင့် လူမိုက်ကြိုက်"

ကျွန်ုပ်တို့အတွက် လွန်စွာ ကြေကွဲစရာကောင်းသည့် ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရပေ၏။

ကျွန်ုပ်နှင့်မိတ်ဆွေကြီး စိန္နီသာမင်းမောင်တို့ ဖိုးခဲရွာ၌ နေ လျက်ရှိသည်။ မကျင်တီနေထိုင်သည့် အိမ်သို့ရောက်ရှိလာကြ ကျွန်ုပ်တို့ရောက်ရှိသည့်နေ့၌ ၄င်းအိမ်တွင် နာရေးရက်လည်တ ဖြစ်နေ၍ လွန်စွာ စည်ကားလျက်ရှိပေ၏။





သေဆုံးသူသည် မကျင်တီဖြစ်နေပေ၏။ မကျင်တီသည် ရိုးရိုးသားသား ရောဂါနှင့် သေဆုံးခြင်းမဟုတ်။ သူများသတ်၍သေရခြင်းပင်ဖြစ်၏။ ကျွန်ုပ်တို့အတွက် လမ်းစများပျောက်သွားပြီဟု ထင်ထားမိသော်လည်း တကယ်တမ်းစုံစမ်းလိုက်ချိန်၌ တရားခံဖော်သူ ပေါ်လာပေ၏။ ထိုသူသည် မကျင်တီ၏သားငယ်လေးဖြစ်၏။

"မကျင်တီကို သတ်တဲ့လူရှိလား၊ မကျင်တီ ဘယ်လိုသေရတာလဲ"

"မကျင်တီဟာ စပါးပေးချစားသူတစ်ယောက်ပါ။ သူတို့သားအမိဟာ ထိန်ပင်ကွင်းမှာ ချထားတဲ့ စပါးတွေ သွားတောင်းပြီး ပြန်လာကြတယ်။ ဖိုးကျော်လယ်တဲအနားရောက်တော့ လူမိုက်တွေက သတ်သွားတာလို့ ကလေးကပြောပါတယ်"

ထိုသို့ပြောပြသူသည် မကျင်တီ၏ညီမပင်ဖြစ်၏။ စိန္နီသာမင်းမောင်သည် အေးဆေးစွာ နားထောင်လျက်ရှိ၏။ ၄င်းတို့သည် ကျွန်ုပ်တို့ရောက်ရှိလာသည့်အတွက် လွန်စွာ ကျေနပ်နေကြ၏။

"ကျုပ်တို့ကို အဲဒီကလေး ခေါ်ပေးလို့ရမလား"

"ဟုတ်ကဲ့ ကျွန်မ ခေါ်ခိုင်းလိုက်ပါမယ်၊ အေးတင်ရေ… စောလူကိုခေါ်ပေးပါဟယ်"

"ဟုတ်ကဲ့ မမလတ်"



www.burmeseclassic.com

www.burmeseclassic.com



အေးတင်ဆိုသည့် မိန်းကလေးသည် စောလူလေးအား လိုက်ရှာရန် ထွက်သွားပေတော့၏။ စုံနံ့သာမင်းမောင်သည် စီးကရက်အား ဖွာရှိုက်၍ မကျင်တီ၏ မိသားစုနှင့် ပတ်သက်သမျှ မေးနေ၏။

ခပ်လှမ်းလှမ်း၌ရှိနေသည့် ရွာခံလူများသည် စုံနံ့သာမင်းမောင်၏ ခန့်ညားမှုအား တီးတိုးချီးကျူးလျက်ရှိနေပေ၏။

ခဏအကြာ၌ အေးတင်သည် စောလူဆိုသည့်ကောင်လေးအား ခေါ်လာခဲ့ပေ၏။ ထိုကလေးသည် အသက် ၁၀ နှစ်ဝန်းကျင်သာ ရှိနေပေ၏။

စောလူလေးအား ကျွန်ုပ်တို့ရှေ့၌ထိုင်စေ၏။

"သား မင်းအမေကို သတ်သွားတဲ့လူတွေကို ဘာလုပ်ချင်လဲ"

"အဲဒီလူကို ဓားရှည်ကြီးနဲ့ ခုတ်သတ်ချင်ပါတယ်"

"ဘယ်တော့ခုတ်မှာလဲကွာ"

"ကျွန်တော်လူကြီးဖြစ်လာရင်ပါ"

ကလေး၏စကားကြောင့် အားလုံးရယ်နေကြ၏။

စုံနံ့သာမင်းမောင်နှင့်ကျွန်ုပ်သည်လည်း သဘောကျနေမိ၏။

"ကောင်းတယ် ငါ့တူကို ဦးချီးကျူးတယ်ကွာ။ အဲဒီလူကို ဦးဖမ်းပေးရင် ငါ လူသတ်ရဲပါ့မလား"





"သတ်ရဲပါတယ် အခု ဖမ်းပေးပါ"

"အဲဒီလူက ဘယ်သူလဲ၊ နာမည်ဘယ်လိုခေါ်လဲကွယ်။ ဘယ်လိုပြောပြီးသတ်လဲ"

"အဲဒီနေ့မှာ အမေက ကျုပ်ကိုစောင့်ရင်း ဖြည်းဖြည်းချင်းသွားနေတယ်။ ကြိုက်ဆိုတဲ့သူက ဓားရှည်ကြီးကိုင်ပြီး အမေရှေ့မှာ ပိတ်ရပ်လိုက်ပြီး စကားများကြတယ်။ အမေက ပြောတယ် ငါ့ယောကျ်ားကို သတ်တာ မကျေနပ်ဘူးတဲ့၊ နင်တို့တစ်ဖွဲ့လုံးကို ဂတ်တိုင်မယ်ပြောတယ်။ ဒါနဲ့ အမေ့ကို ဓားနဲ့ထိုးသတ်လိုက်တယ်။ ကျွန်တော်လည်း ဦးပြောလျှိုအတိုင်းပြေးပြီး အရီးမြကို လာတိုင်တာပဲ"

စုံနံ့သာမင်းမောင်သည် သဘောပေါက်စွာ ခေါင်းလေးကို တစ်ဆတ်ဆတ်ညိတ်၍ နားထောင်နေ၏။

"ကြိုက်က ဘာလဲ လူမိုက်လား"

"လူဆိုးလူမိုက်ကြီးတစ်ယောက်တည်းလား အစ်ကိုတို့ရာ၊ သူ့ကြည့်လိုက်ရင် ဘာအလုပ်မှ မလုပ်ဘူး မူးနေတာပဲ။ အမြဲတမ်း အရက်မူးပြီး လူသတ်ဓားပြတိုက်နေတာပဲ"

"ကျုပ်တို့သဘောပေါက်ပြီ လူမိုက်ကြိုက် နောက်ကိုလိုက်သွားမယ်"

ကျွန်ုပ်တို့သည် ဗိုးခဲရွာအား ကျောခိုင်း၍ ထွက်လာခဲ့ကြသ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခဲရွာသည် အိမ်ခြေခြောက်ရာကျော်လောက်ရှိသလို အိမ်ကြီးအိမ်ကောင်းများစွာလည်း ရှိပေ၏။ ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်သည် ငကြိုက်နေထိုင်သည့်ရွာသို့ ခရီးဆက်ခဲ့ကြပေ၏။

***

တစ်နေ့သ၌ ရွက်လှရွာသို့ ရောက်ရှိခဲ့၏။

ထိုရွာသည် လူဆိုးလူမိုက်စာရင်းဝင်သူများ ပုန်းခိုနေထိုင်တတ်ကြပေ၏။ တောအုပ်၊ ခြုံနွယ်၊ ခြုံပုတ်၊ လျှိုမြောင်များ လွန်စွာပေါများလျက်ရှိ၏။ အရေးကိစ္စကြုံလာလျှင် ထိုသူများသည် ရုတ်တရက် ရှာမတွေ့အောင် ပျောက်ကွယ်ကုန်ကြပေ၏။

"ကိုအောင်သိန်း သတိလက်မလွှတ်စေနဲ့နော်။ ဒီရွာမှာရှိတဲ့ လူမိုက်တွေက ကျားရိုင်းတွေထက် ဆိုးတယ်လို့ ကြားဘူးတယ်ဗျာ"

"စိတ်ချပါ ကိုမင်းမောင်၊ ကျုပ် သတိအမြဲရှိနေပါတယ်"

"ငကြိုက်က ရွာစွန်ဖရုပ်ပျက်ကြီးနဲ့ လက်ပန်ကုန်းတစ်နေရာမှာ ရှိနိုင်တယ် ကိုအောင်သိန်း။ အဲဒီတော့ ကျုပ်တို့ ငကြိုက်အိမ်ကို အရင်ဝင်ကြမယ်ဗျာ။ သူတို့ရဲ့အဖြေကိုပဲ အသုံးချရမှာဗျာ"





ကျွန်ုပ်တို့ ရွက်လှရွာသို့ ဝင်ရောက်ခဲ့ကြ၏။ ထူးခြားသည်မှာ ရွက်လှရွာသည် ရှယ်လယ်လမ်းမရှိ၊ ရွာရှေ့လမ်းနှင့် ရွာနောက်...မ်းသာ ရှိပေ၏။ အိမ်များသည် ကျောချင်းကပ်လျက်စောင့်ထား...းသည့်အတွက်ကြောင့် ရွာတန်းရှည်ကြီးကဲ့သို့ ဖြစ်နေ၏။ တချို့...က်လှရွာအား ရွာတန်းရှည်ရွာဟု ခေါ်တတ်ကြပေ၏။

ကြီးမားသည့် ခြံကြီးတွေ၏ အလယ်၌ အိမ်များစောင့်ထား...း အပိုမြေကွက်၌ သရက်ပင်၊ ဆေးရိုးပင်၊ ဝါးရုံပင်၊ မအုပင်များ...က်လျက်ရှိ၏။ ငကြိုက်သည် ရွာ၏မြောက်ပိုင်း၌ရှိသလို မြောက်...း၌ နေထိုင်လျက်ရှိ၏။ ကျွန်ုပ်တို့ စုံစမ်းလိုက်ရာ၌ ငကြိုက်ဖရုပ်...တ်ပေါ်၌ ရှိနေကြောင်း သိလိုက်ရ၏။

"ကြားတယ်မဟုတ်လား ကိုအောင်သိန်း၊ ကျုပ်တို့ လိုက်သွား...ကြမယ်"

"ကောင်းပါတယ် ကိုမင်းမောင်"

"ကျုပ် ဒီလိုစဉ်းစားမိတယ်ဗျာ။ ကျုပ် ငကြိုက်ကို သွား...မယ်။ ခင်ဗျားက တစ်နေရာမှာနေ အခြေအနေကို စောင့်ကြည့်...ပါဗျာ။ အခြေအနေမဟန်ရင် နောက်ကျောကို လေးခွနဲ့ ပစ်လိုက်...ာ"

"ကောင်းပါတယ် ကိုမင်းမောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ယောက် လမ်းခွဲလိုက်ကြပေ၏။ ကျွန်ုပ်သည် ခပ်သုတ်သုတ်ထွက်သွား၏။ ဇရပ်ကြီး၏ဘေး၌ ကိုင်းတောများ ခြုံနွယ်များ အုပ်ဆိုင်းနေသည့်အတွက် ပုန်းခိုရသည်မှာ လွန်စွာ ကောင်း၏။ ကျွန်ုပ်သည် ဇရပ်ကြီး၏အနီးသို့ ခိုအောင်းရန် ထွက်လာခဲ့ပေ၏။

စုံနံ့သာမင်းမောင်သည် သေချာပြင်ဆင်လိုက်ပြီးနောက် ဇရပ်၏ အနားသို့ ဦးတည်လျက် ရှိပေ၏။

ကြေိုက်သည် ဇရပ်ပေါ်တွင် ငှက်ကြီးတောင်မားရှည်ကြီးအား သေချာသွေးနေပေ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်နှင့် ကြိုက်တို့အား ကြည့်နေမိ၏။ ၎င်းတို့နှစ်ယောက် ဘာဆက်လုပ်ကြမည်ဟု စဉ်းစားလျက်ရှိ၏။

စုံနံ့သာမင်းမောင်သည် ဇရပ်ရှေ့၌ ရပ်၍ စီးကရက်အား ဖွာရှိုက်၍ ကြိုက်အား ကြည့်နေ၏။ ကြိုက်သည် ဓားရှည်ကိုသာ သွေးလျက်ရှိ၏။

"ကိုကြိုက်မောင်"

"ကျုပ်ကိုဖမ်းဖို့ ရောက်လာတာ မဟုတ်လား စုံထောက်ကျော်လေး"





"ဟုတ်တယ်ဗျာ၊ ခင်ဗျားရဲ့လုပ်ရပ်က ရက်စက်လွန်းလို့ပဲဗျာ"

"ဘာလို့ စကားလမ်းကြောင်းလွဲလိုက်တာလားဗျာ၊ ပတ္တမြားလည်ဆွဲကိစ္စနဲ့ ရောက်လာတာမဟုတ်လား"

ကြိုက်၏စကားကြောင့် ကျွန်ုပ် အံ့သြသွား၏။ စုံနံ့သာမင်းမောင်သည် တုန်လှုပ်မှုမရှိ အေးဆေးစွာ စီးကရက်ကိုသာ သောက်လျက်ရှိ၏။

စုံနံ့သာမင်းမောင်သည် ဘယ်လိုချေပစကားပြောမည်ဆိုတာအားတောင်မိ၏။

"ခင်ဗျားက ကြိုတင်သိနေတယ်ဆိုတော့ ကျုပ်ဘက်က ရှင်းပြရတာ သက်သာတာပေါ့ဗျာ။ ကျုပ် ရှင်းရှင်းပဲ မေးတော့မယ်ဗျာ။ ပတ္တမြားလည်ဆွဲနဲ့စောဒေဝီ ဘယ်မှာလဲဆိုတာ ကျုပ်သိချင်တယ်"

"ခင်ဗျားကျုပ်ကို စိန်ခေါ်လိုက်တာလား စုံထောက်ကျော်လေး"

ကြိုက်သည် ဓားအားခွဲ၍ထလိုက်၏။ ဆေးဖက်ဆေးလိပ်အား ကိုက်၍ စုံနံ့သာမင်းမောင်အား ကြည့်လိုက်သလို ဓားရှည်အားကောင်းကြပ်စွာ ဆုတ်ကိုင်လျက်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စုံနံ့သာမင်းမောင်သည် ကျေနပ်စွာပြုံးလိုက်ပြီး ကြိုက် အား ကြည့်နေ၏။ ထို့အတူ စီးကရက်အား ဖွာရှိုက်လိုက်၏။

“အဲဒါ ခင်ဗျားရဲ့ အထင်လေ၊ ကျုပ်တို့ကတော့ ပတ္တမြားလည်ဆွဲနဲ့ သမီးတော် ပြန်ရဖို့ပဲ သိတယ်ဗျာ”

“ခင်ဗျားတို့အသက်မသေချင်ရင် အေးအေးဆေးဆေး ပြန်ကြဗျာ။ ကျုပ်လက်က ဓားက ဘယ်သူ့ကိုမှ မရွေးဘူးဆိုတာ မှတ်ထားပါ”

“ကျုပ်စကားထဲမှာ ခင်ဗျားအတွက် စိတ်ဆိုးစရာမပါဘူးဆိုတာ သိထားဖို့ကောင်းပါတယ် ကိုကြိုက်”

“ဟာ… ဒီလူတော်တော်ပြောရခက်တဲ့လူပဲ”

ထိုသို့ပြောအပြီး၌ ကြိုက်သည် ဒေါသနှင့် စုံနံ့သာမင်းမောင်အား ကြည့်လိုက်ပြီးနောက် ဓားနှင့်ခုတ်ပိုင်းလိုက်၏။ ဓားသည် စုံနံ့သာမင်းမောင်ထံ ဦးတည်လျက်ရှိ၏။

စုံနံ့သာမင်းမောင်သည် အနောက်သို့ ခြေတစ်လှမ်းဆုတ်၍ ရှောင်လိုက်၏။

“ဖွမ်…”

“အား…”

ကြိုက်၏ဓားများသည် စုံနံ့သာမင်းမောင်၏ ဘယ်ဘက်





ခုံးအား ရှပ်ထိသွားပေ၏။

ထိုအတွက်ကြောင့် ကြိုက်သည် လွန်စွာကျေနပ်လျက်ရှိ၏။ စုံနံ့သာမင်းမောင်သည် တုန်လှုပ်မှုမရှိ ခပ်ပြုံးပြုံးလေးနှင့် ကြိုက်အား ကြည့်လိုက်၏။

“ခင်ဗျားက ဘယ်ဆိုးလို့လဲ”

ထိုသို့ပြောလိုက်ချိန်တွင် ကြိုက်သည် နောက်ထပ်ဝင်ရောက် ခုတ်ပိုင်းလိုက်၏။ စုံနံ့သာမင်းမောင်သည် ရှေ့သို့ခြေတစ်လှမ်းတိုး၍ ကြိုက်၏အနားသို့ ကပ်လိုက်၏။

ထို့နောက် ပခုံးအထက်၌ပတ်ထားသည့် မာဖလာအား ဆွဲ၍ ကြိုက်၏ဓားကိုင်လက်သို့ ဖြတ်ရိုက်၏။

တစ်ဆက်တည်းမှာပင် တံတောင်နှင့်ဦးခေါင်းအား ထောင်း တ်ပြန်၏။

“အား”

ကြိုက်သည် ကိုင်ထားသည့်ဓား မြေပေါ်သို့ လွတ်ကျပြီး သို့လွင့်သွား၏။ ဒေါသများ လွှမ်းမိုးနေသည့် စုံနံ့သာမင်းမောင် ည် ကိုယ်တစ်ပတ်လှည့်၍ ညာခြေနှင့် ပြတ်ကန်လိုက်၏။

“ဖုန်း…”

“အု…”



www.burmeseclassic.com

www.burmeseclassic.com

ကြောက်သည် အော်သံနှင့်အတူ ဘေးသို့ လွင့်ကျသွားေ
၏။

စုံနံ့သာမင်းမောင်၏ ကန်ချက်ကြောင့် ကြောက်၏မေ အထက်ပိုင်းသို့ ပိုင်နိုင်စွာထိမှန်၍ အနောက်သို့လွင့်စင်ထွက်သွားေ ၏။ ပြင်းထန်သည့်ဒဏ်ရာကြောင့် ကြောက်သည် ပြန်လည်၍ထနိုင် သည့်စွမ်းအားမရှိအောင်ဖြစ်နေချိန်၌ ကျွန်ုပ်သည် ကြောက်၏အနီးသို့ ရောက်ရှိသွားပြီး နားထင်အား သေနတ်ဖြင့် ချိန်လိုက်၏။

"မလှုပ်နဲ့တွေ့လား သေနတ်နဲ့ပစ်သတ်လိုက်မယ်"

"ကျုပ်ကိုဘာမှမလုပ်ပါနဲ့ တောင်းပန်ပါတယ်ဗျာ"

"ကျုပ်က ကိုမင်းမောင်လို ညာမှာမဟုတ်ဘူး၊ ခင်ဗျားကို သတ်လိုက်လို့လည်း ဝမ်းနည်းစရာမလိုဘူးဗျာ"

"ကိုအောင်သိန်း လက်လွှန်သွားမယ်။ သူ့ကိုသတ်လည်း ကျုပ်တို့အတွက် ဘာမှထူးလာမှာ မဟုတ်ဘူးဗျာ။ စိတ်ကိုထိန်းထား ပါ"

စုံနံ့သာမင်းမောင်သည် ထိုသို့ပြော၍ထိန်းထားလိုက်၏။

၎င်းစကားကြောင့် ကြောက်သည် အဓိကလူတစ်ယော မဟုတ်မှန်း အမိပွာယ်ပေါ်သွား၏။ တကယ်တော့ ဟန်ဆောင်၍ ပြောလိုက်ခြင်းဖြစ်၏။ ကြောက်သည် ဘာပြောရမှန်းမသိအောင် ဖြ





သွားပေ၏။

"ကျုပ် သူ့ကို ပညာပေးစရာရှိသေးတယ် ကိုမင်းမောင်၊ ကားပြောတာလေးပြင်သွားအောင်လို့ဗျာ၊ စကားပြောတက်သွား အောင်လို့ပေါ့"

"အဲဒီတော့ ခင်ဗျားဘာလုပ်ချင်လဲ ကိုအောင်သိန်း"

"ဂတ်တဲကိုခေါ်သွားမယ်ဗျာ"

ထိုသို့ပြောအပြီးနောက် ကျွန်ုပ်သည် ကြောက်အား နောက် ကြိုးတုပ်လိုက်၏။ ကြောက်၏ မျက်နှာသည် ကျန်ခဲ့သည့်ကာလ ရှိသည့်မျက်နှာမျိုးမဟုတ်၊ လွန်စွာသနားစရာကောင်းသွားပေ၏။ ကျွန်ုပ်တို့အား တောင်းပန်သည့်မျက်နှာနှင့် ကြည့်နေ၏။ စုံနံ့သာမင်း မောင်သည် မသိသလိုမျက်နှာထားနှင့် နေလိုက်၏။

ကျွန်ုပ်တို့သည် ကြောက်အားခေါ်၍ ပြန်လာခဲ့ကြပေ၏။

ရွာ၌ရှိသူများသည် ကြောက်အားဖမ်းဆီးနိုင်သည့်အတွက် ကျွန်ုပ်တို့အား ချီးကျူးကြ၏။ တကယ်တော့ ကြောက်သည် လွန်စွာ ညံ့သွမ်းသည့် လူဆိုးတစ်ယောက်ဖြစ်ပေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

## ‘‘စ+ရ+မ+မ+၏ လျှို့ဝှက်ချက်’’

လူမိုက်ကြိုက်အား စခန်း၌ ထိန်းချုပ်ထား၏။

ရာဇဝင်လူဆိုးလူမိုက်ကြီးကြိုက်သည် စခန်း၌ ထိန်းသိ ခံထားရသည့်အတွက် လွန်စွာ အထိတ်တလန့်ဖြစ်နေ၏။ ကြို အား စခန်း၌ ချုပ်ထားသည်မှာ သုံးရက်ပြည့်သွား၏။ အခန်းကျ ကြီးတစ်ခန်းအတွင်း၌ ထည့်ထား၏။ ထမင်းပို့သူမှလွဲ၍ ဘယ်သူ သွားရောက်ခြင်းမရှိ။ တစ်ယောက်မှမသွားရန် စုံနံ့သာမင်းမောင် အ ထုတ်ထား၏။





ကျွန်ုပ်တို့သည် တရားခံများ၏နောက်သို့သာ လိုက်နေ၏။

တစ်နေ့သ၌ လွန်စွာကြောက်စရာကောင်းသည့်ညသို့ ကျွန်ုပ် နှင့်မိတ်ဆွေကြီးစုံနံ့သာမင်းမောင်တို့ ကြိုက်နေထိုင်သည့် အခန်းတွင်းသို့ ထွက်ခဲ့ကြ၏။

အချိန်သည် ညဉ့်နက်ပိုင်းသို့ရောက်ရှိနေပေ၏။ ပန်းကျောင် သည် လွန်စွာ တိတ်ဆိတ်လျက်ရှိပေ၏။

‘‘…အပြင်က ဘယ်သူတွေလဲ’’

…သည့် ရုတ်တရက် အော်လိုက်ပေ၏။ ကျွန်ုပ်တို့ သည် ခြေသံအား ပို၍ ပြင်းထန်စွာ လျှောက်လှမ်းလိုက်ပေ၏။

ကျွန်ုပ်တို့သည် ကြိုက်အား အကြိမ်ကြိမ် ခြောက်လှန့် လျက်ရှိနေပေ၏။ ကြိုက်သည် ကြောက်စိတ်များကြောင့် လွန်စွာ တုန်လှုပ်လျက်ရှိနေပေ၏။

‘‘ကိုမင်းမောင်ရေ ဒီမှာ သူ့ရဲဘော်တွေများ ခြောက်နေလို့ ကယ်ပါဦးဗျာ’’

ကျွန်ုပ်တို့သည် အေးဆေးစွာ ကြည့်ရှုလျက်ရှိနေပေ၏။ ကြိုက် ဘာဆက်ဖြစ်ဦးမလဲ ဘာလဲလို့ဘာ မေးနေမိပေ၏။

တကယ်တော့…

ကြိုက်အား ထားရှိသည့်နေရာသည် လူ



www.burmeseclassic.com

www.burmeseclassic.com



နေရာဖြစ်သလို သရဲခြောက်သည်ဟု နာမည်ကြီးနေပေ၏။ မည်သူမျှ တိုနေရာ၌ တစ်ယောက်တည်းနေထိုင်ရခြင်းမရှိ။ ယခု ငကြိုက်အား တစ်ယောက်တည်းထားခဲ့ပေ၏။

ထိုနေ့ ကျွန်ုပ်တို့ ငကြိုက်အခန်းဝသို့ ရောက်ရှိသွားပေ၏။

''ဒေါက်··· ဒေါက်''

''အမလေး··· သေပါပြီဗျာ''

ငကြိုက်သည် ရုတ်တရက် အထိတ်တလန့် ထအော်လိုက်ပေ၏။

''ကိုကြိုက်··· ကိုကြိုက်''

စုံနံ့သာမင်းမောင်သည် အသံပေး၍ ခေါ်လိုက်၏။

''စုံထောက်ကျော်လေး ကျုပ်ကို တံခါးဖွင့်ပေးပါဗျာ။ ကျုပ် ဒီမှာတစ်ယောက်တည်း မနေရဲတော့လို့ပါလားဗျာ''

''ကျုပ် ခင်ဗျားကို ဖွင့်ပေးဖို့လာခဲ့တာပါ။ ကျုပ်မေးတာတော့ မှန်အောင်ဖြေရမယ်ဗျာ။ အဲဒီလိုမှ မဟုတ်ရင်တော့ ကျုပ် မစဉ်းစားဘူးဗျာ''

''ကျုပ်ဖြေ··· ဖြေပါ့မယ်ဗျာ''

စုံနံ့သာမင်းမောင်သည် အခန်းတံခါးအား ဖွင့်လိုက်၏။

၄င်းသည် အတွင်းသို့ တစ်ယောက်တည်း ဝင်လိုက်ပြီး





ကျွန်ုပ်အား တစ်ယောက်တည်း အပြင်၌ နေထိုင်ရန် ပြောခဲ့ပေ၏။

ငကြိုက်သည် ချွေးများထွက်ကျနေသည်မှာ တစ်ကိုယ်လုံး ရေချိုးထားသလို ဆွဲဆွဲစိုနေပေ၏။ အသားများ စပ်စပ်တုန်လျက်ရှိပေ၏။

စုံနံ့သာမင်းမောင်အား အားကိုးသလို မျက်နှာနှင့်ကြည့်နေပေ၏။

''စုံထောက်ကျော်လေး ကျုပ်ကို လွှတ်ပေးပါဗျာ။ ကျုပ် အခန်းထဲမှာ ကြာကြာနေရင် သေရမှာပါလားဗျာ''

''ခင်ဗျား မကျင်တီကို သတ်လိုက်တာ ခင်ဗျားသဘောနဲ့ တာမဟုတ်ဘူးလို့ ကျုပ်ထင်တယ်ဗျာ၊ ဟုတ်တယ်မဟုတ်လား''

''ကျုပ်ကို တစ်ပတ်ရိုက်ပြီး သတ်ခိုင်းတာပါ တကယ်ပြော လားဗျာ''

စုံနံ့သာမင်းမောင်သည် စီးကရက်အား ဖွာရှိုက်လိုက်ပြီး ငကြိုက်အား အေးဆေးစွာ ညိတ်လိုက်ပေ၏။

''ဘာကြောင့်သတ်ရတာလဲ ခိုင်းလုံတဲ့အကြောင်းပြချက် ရှိမယ်ထင်တယ်။ အဲဒါဘာလဲဆိုတာ ကျုပ်သိချင်တယ်ဗျာ''

''အဲဒီလိုတော့ ကျုပ် မပြောပါလားဗျာ''

''ကျုပ်သဘောပေါက်ပြီ၊ ဒါပေမယ့် ကျုပ် ခင်ဗျားအတွက်



www.burmeseclassic.com

www.burmeseclassic.com



ခဉ်းစားထားတဲ့ အစီအစဉ်လေးကို ပြန်ရုတ်သိမ်းရလိမ့်မယ်။ ကျု
သိချင်တာပြောရင် လွှတ်ပေးမယ်လို့ ပြောခဲ့တယ်နော်။ အဲဒါကို ခင်ဗျား
ကြားခဲ့တယ် မဟုတ်လား"

တကယ်တော့ ကျုပ်က ရက်စက်တတ်တဲ့လူတစ်ယော
ပဲဗျာ။ ဘာကြောင့် ခင်ဗျားကို သနားနေမှန်း မစဉ်းစားတတ်ဘူးဗျာ"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် စီးကရက်အ
ဖွာရှိုက်၍ ငကြိုက်အား ကြည့်နေပေတော့၏။

"ကျုပ်တောင်းပန်ပါတယ်ဗျာ။ ကျုပ်ကိုဒီနေရာမှာ မထ
ပါနဲ့ဗျာ။ ကျုပ် သရဲကြောက်တာနဲ့သေရပါလိမ့်မယ်ဗျာ"

"အဲဒါက ကျုပ်ရဲ့အလုပ်မဟုတ်ဘူးဗျာ။ ကျုပ်တို့ရဲ့အလုပ်
တရားခံဖော်ဖို့သာပဲ အရေးကြီးတယ်ဗျာ။ ကျုပ် ခင်ဗျားကို ပွင့်
လင်းလင်းပဲပြောမယ်ဗျာ။ ကျုပ်လိုချင်တဲ့အမှုမပေါ်သရွေ့ စစ်ဆေ
ရမှာပဲဗျာ"

"ကျုပ်ကို တကယ်မယုံဘူးလား စုံထောက်ကြော်လေး"

"ခင်ဗျားပြောသလိုသာ တရားခံတွေကို ယုံလိုက်တာနဲ့ က
အမှုလိုက်လို့ရမှာမဟုတ်ဘူးဗျာ။ ကျုပ်ပြောတာကို သဘောပေါ
လား ကိုကြိုက်။ ကျုပ်ထင်တာပြောရရင် ပတ္တမြားလည်ဆွဲကို
ခင်ဗျားပါတယ်ဗျာ။ အဲဒါဘယ်လိုအထောက်အထားနဲ့ ကျုပ်ကို





မယ်ဆိုတာပဲ ပြောပါ"

ငကြိုက်ဘာပြောရမှန်းမသိအောင်ဖြစ်နေပေ၏။

တကယ်တော့ စုံနံ့သာမင်းမောင်၏စကားသည် လွန်စွာ
ပြတ်သားလျက်ရှိပေ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏စကားအား
ကျွန်ုပ်ကြားနေရပေ၏။

"အဲဒီကိစ္စမှာ ကျုပ်မပါပါလားဗျာ။ အဲဒီအတွက် ကျုပ်
ခိုင်လုံတဲ့အထောက်အထားမပြနိုင်ဘူးဗျာ"

"ရပါတယ် အဲဒီအတွက် ကျုပ် မစိုးရိမ်ဘူး။ ခင်ဗျား
အနားယူလို့ရပြီဗျာ"

စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်၍
၎င်းအား ကြည့်လိုက်၏။ ငကြိုက်၏မျက်နှာသည် ညှိုးငယ်၍ သွား
ပေတော့၏။

စုံနံ့သာမင်းမောင်သည် ထ၍ထွက်ခဲ့၏။ အခန်းတံခါးအား
သော့ခတ်လိုက်တော့၏။ စုံနံ့သာမင်းမောင်နှင့်ကျွန်ုပ်တို့အပြင်၌
တစ်နာရီမျှ စကားထိုင်ပြောနေကြပေတော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကြေိုက်အခန်းသို့ ဝင်လိုက်၏။ ကြေိုက်သည် နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိပေ၏။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား သေချာမှာလိုက်သည့်အတွက် စစ်ဆေးရမည့်အကြောင်းများအား ကြိုတင်တိုင်ပင်ထား၏။

စုံနံ့သာမင်းမောင်သည် အပြင်၌ ထိုင်လျက် အခြေအနေများအား စောင့်ဆိုင်းလျက်ရှိနေပေ၏။ ကျွန်ုပ်သည် ကြေိုက်၏ရှေ့၌ ရပ်လျက်ရှိနေပေ၏။

"ကိုကြိုက်... ကိုကြိုက်"

"ဟင်... ဘယ်သူလဲ"

"ထစမ်း... အခုထစမ်း"





ကျွန်ုပ်၏အသံသည် လွန်စွာ မာကျောပြတ်သားလျက်ရှိနေပေ၏။ ထိုအတွက်ကြောင့် ကိုကြိုက်သည် အထိတ်တလန့် ထထိုင်လိုက်ပြီး ကျွန်ုပ်အား ကြည့်နေပေ၏။

"ပတ္တမြားလည်ဆွဲ ဘယ်မှာလဲ"

"ကျုပ်လက်ထဲမှာ မရှိဘူး"

"ဘာပြောတယ် ကျုပ်ကို ဘာလို့လိမ်နေရတာလဲ၊ ကျုပ်ကောင်းကောင်းမေးနေတာကို ကောင်းကောင်းဖြေပေးပါ"

ကျွန်ုပ်သည် ကြေိုက်အား စိုက်ကြည့်လိုက်၏။ ကျွန်ုပ်၏အကြည့်ကြောင့် ကြေိုက်တုန်လှုပ်နေပေ၏။ ကျွန်ုပ်၏မျက်နှာသည် လွန်စွာမာကျောပြတ်သားလျက်ရှိပေ၏။

"ကျုပ်မသိဘူးလို့ပြောနေတာပဲ"

"ဘာပြောတယ်"

"ဖျောင်း..."

"အမလေးဗျ"

"ဝုန်း..."

ကြေိုက်သည် ကျွန်ုပ်၏ ကန်ချက်ကြောင့် ဘေးသို့ လွင့်သွားပေ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏တင်ပြသည့်အတိုင်း ဆိုကဲ့သို့ လုပ်ဆောင်ရခြင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မျက်နှာထားတင်းတင်းနှင့် စိုက်ကြည့်နေ၏။ တကယ်တော့ ငကြိုက်သည် ကျွန်ုပ်အား သေချာကြည့်နေ၏။ ခုခံချင်သည့် စိတ်များ ပေါ်ပေမယ့် ကျွန်ုပ်တို့၏အကြောင်း သိနေသည့်အတွက် ခေါင်းငုတ်ခံနေရပေ၏။

"ကျုပ်မေးတာကို ဖြေရင် ခင်ဗျားကို ပြန်လွှတ်ပေးမယ်။ မဖြေရင်တော့ အစာငတ်ခံရတဲ့အဆင့်ထိ ထားရလိမ့်မယ်"

"ကျုပ် မကျင်တီကို သတ်တာမှန်ပါတယ်။ ဘယ်သူသတ်ခိုင်းတယ်ဆိုတာတော့ ကျုပ်မသိဘူး။ ဒါအမှန်ပဲ"

"အဲဒါကိုက မှားနေတာ၊ သတ်ခိုင်းတဲ့သူသိမှ သတ်ရမှာပေါ့"

"ဒီလိုပါ ကျုပ်ကို လူတစ်ယောက် လာတွေ့တယ်။ မျက်နှာမှာ အဝတ်မည်းတစ်စ ပိတ်စီးထားတယ်။ မကျင်တီကို သတ်ပေးပါ၊ သတ်ခ ပိုက်ဆံတစ်ယောက်လာပေးသွားတယ်။ ပိုက်ဆံထည့်အိတ်ပေါ်မှာ "*စ+ရ+မ+မ*" လို့ အတိုကောက်ရေးထားတာတွေ့တယ်။ ကျုပ်ကလည်း မဆိုင်ဘူးထင်ပြီး မစုံစမ်းတော့ဘူး။ စုံစမ်းတဲ့လူကို သတ်ပစ်မယ်လို့ရေးထားတယ်"

"ခင်ဗျား အဲဒီပိုက်ဆံဘယ်မှာသွားယူရလဲ"

"ခရှကုန်းမှာ သွားယူရတယ်လားဗျာ"





ငကြိုက်သည် ထိုသို့သာပြောနေရပေမယ့် ကြောက်စိတ်များ
မ်းမိုးလျက်ရှိပေ၏။

တကယ်တော့ ငကြိုက်သည် ကြေးစားလူမိုက်တစ်ယောက်
၏။ ပိုက်ဆံသာရမည်ဆိုလျှင် ဘယ်လိုလူကို သတ်ရမလဲ ရအောင်
က်နိုင်၏။

ကျွန်ုပ်သည် ငကြိုက်အား ကြည့်လိုက်ပေ၏။

"စ+ရ+မ+မ ဆိုတဲ့ အမှတ်တံဆိပ်ကို ဘယ်သူသိနိုင်မယ်
င်လဲ"

"စနေသားသိနိုင်မယ်ထင်တယ်။သူ့ကိုတော့ တွေ့ဖို့လွယ်မှာ
တ်ဘူး။ ကင်းချောင်းက ငပျောင်းတော့ သိချင်သိလိမ့်မယ်"

"ခင်ဗျားပြောတာ သေချာတယ်နော်၊ ကျုပ် အလကားမေး
တာမဟုတ်ဘူး။ ကျုပ်တို့ရဲ့ စုံထောက်ကျော်လေးက သူ့ကို မဟုတ်
ပြောတဲ့လူဆို အရှင်ထားတတ်တာမဟုတ်ဘူး။ သူ့လက်ချက်နဲ့
ား‌တစ်ခုခုဖြစ်သွားမှာစိုးရိမ်လို့ ပြောတာပါ"

"ကျုပ်က လူဆိုး၊ လူမိုက်တစ်ယောက်ပါ။ မဟုတ်တာ
ဘယ်တော့မှ မပြောတတ်ဘူး။ လူမိုက်ဆိုတာ ဘယ်တော့မှ
တ်တဲ့စကားမပြောတတ်ဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ မနက်မိုးမလင်းခင် ခင်ဗျားကို ကျုပ်တို့
စုံထောက်ကျော်လေးက ပြန်လွှတ်ပေးပါလိမ့်မယ်"

ထိုသို့ပြောအပြီး ကျွန်ုပ်သည် ကြောက်အခန်းအား ကျောခိုင်း
၍ ထွက်လာခဲ့ကြပေ၏။ ကြောက်အား လွှတ်ပေးရသည်မှာ အကြောင်း
တစ်ခုရှိပေ၏။ ၎င်း၏အနောက်မှလိုက်ရန်ပါဖြစ်ပေတော့၏။

***

ကြားလိုက်ရသည့် သတင်းသည် လွန်စွာကြေကွဲသွားပေ၏
ကျွန်ုပ်တို့သည် ကြောက်အား မိုးမလင်းခင်ကာလ၌ ပြ
လွှတ်ပေးလိုက်၏။ ကြောက်အား လမ်းတစ်ဝက်တွင် သတ်လိုက်
ပေ၏။ ထိုအတွက် စိတ်မကောင်းစရာဖြစ်ရ၏။ ကြောက်ကို ကျွန်ုပ်
သတ်သည်ဟု ထင်နေမှာ သေချာ၏။

"ဓာတ်လမ်းက ရှင်းမရအောင် ရှုပ်နေပါလား ကိုမ
မောင်"

"သူတို့ကပဲ ရှုပ်နိုင်မလား၊ ကျုပ်တို့ကပဲ ရှင်းနိုင်မလား
တာ စောင့်ကြည့်ရသေးတာပေါ့ဗျာ"

"အဲဒီတော့ ကျုပ်တို့ ဘာဆက်လုပ်မလဲ ကိုမင်းမောင်"





စုံနံ့သာမင်းမောင်သည် စီးကရက်အား မီးညှိသောက်လိုက်
၍ ၎င်း၏စိတ်ထဲ၌ ခပ်ပေါ့ပေါ့ပဲရှိနေသည်ဟု ထင်နေမိ၏။

"တရားခံတွေ ဖမ်းကြတာပေါ့ဗျာ၊ အဲဒီတော့ ကျုပ်တို့
တရားခံတစ်ယောက်ကို သွားဖမ်းကြမယ်ဗျာ"

"ဘယ်သူ့ကိုလဲ ကိုမင်းမောင်"

"အဖိုးပေါက်တူးကိုဗျာ..ဘာဖြစ်လို့လဲဆိုတာတော့ လော
လောဆယ်တော့ ခင်ဗျားသိမှာမဟုတ်သေးဘူး။ ဒီရက်ထဲမှာ ဒေါင်းညို
က လူမိုက်တစ်ယောက် ဆိုးသွမ်းနေတယ်ဗျာ။ ကျုပ်တို့ဟာ ဒေါင်း
နဲ့ တွေ့ရမယ်"

"ဘာကြောင့်လဲ ကိုမင်းမောင်"

"ဒေါင်းညိုဟာ လူမိုက်လောကထဲကို ဝင်ရောက်လာတာ
မကြာသေးဘူးဗျာ။ သူ့အတွက် ကူညီရင် ကျုပ်တို့အတွက်လည်း
ညီမယ်လို့ထင်တယ်ဗျာ။ တကယ်လို့ ကူညီမယ်ဆိုရင် ကျုပ်တို့
အတွက် အတိုင်းထက်အလွန်ပေါ့ ကိုအောင်သိန်းရာ"

"ကောင်းတယ် ကိုမင်းမောင်၊ ကျုပ်သဘောပေါက်သွား

ကျွန်ုပ်တို့နှစ်ယောက် စကားပြောရပ်လိုက်ကြပေ၏။
အသင့်ပြင်လိုက်၏။ ဂတ်စခန်းအား ကျောခိုင်း၍ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြပေ၏။ ကျွန်ုပ်တို့သည် မိသုန်ရပ်သို့ ဦးတည်ထွက်လာခဲ့ကြ
၏။

ကျွန်ုပ်တို့သည် တစ်နေ့လုံး လိုက်ရှာသော်လည်း အ
ပေါက်ပြားအား တွေ့ရှိခြင်းမရှိသည့်အတွက် စိတ်ထဲ၌ ဒေါသ
လွှမ်းမိုးလာပေ၏။

အချိန်သည် အမှောင်ထုအား လွှမ်းမိုးလျက်ရှိနေပေ
ကျွန်ုပ်တို့သည် ရပ်ကွက်အနောက်လမ်းမ၌ ရှိသည့် လမ်းသွယ်
အတိုင်း လမ်းလျှောက်ထွက်လာခဲ့ကြပေ၏။

ထို့နောက် မိန်းကလေးတစ်ဦး၏အသံတစ်ခု ကြားလိုက်
"ရှင်နော်… ကျွန်မကို ဘယ်လိုအစားများမှတ်နေလဲ
အော်လိုက်မယ်"

"ကိုမင်းမောင် မိန်းကလေးတစ်ယောက်ရဲ့အသံပဲ
ကျုပ်တို့ သွားကြည့်ရအောင်"

ကျွန်ုပ်တို့သည် မိန်းကလေးအော်နေသည့်အသံအ
ဦးတည်ထွက်ခဲ့ကြပေ၏။ လမ်းမပေါ်၌ တောင်းတစ်လုံးလဲကျ
ရှိ၏။ မိန်းကလေးအား ဆွဲနေသည့်ယောကျ်ားနှစ်ယောက်အား
သဖွယ် တွေ့လိုက်ရ၏။

"ဟိတ်ကောင်တွေ မလုပ်နဲ့"





ထိုသို့အော်လိုက်ချိန်၌ မိန်းကလေးအား တွန်းလှဲ၍ ထွက်ပြေးကုန်ကြပေ၏။

မိန်းကလေးကိုယ်ပေါ်၌ ဝတ်ဆင်ထားသည့် အင်္ကျီများသည် ပြဲဆုတ်နေသလို မိန်းကလေးသည် ရှက်သလို၊ ကြောင်သလိုလို ဖြစ်နေပေ၏။ ကျွန်ုပ်တို့သည် မိန်းကလေး၏အနီးသို့ ရောက်ရှိသွားပေ၏။

"မင်း… ဘယ်သူလဲ၊ ဘယ်ကလဲ မိန်းကလေး"

"ကျွန်မ သိမ်ဇရပ်ကလာတာပါ၊ ဒီရပ်ကွက်မှာ အမျိုးတွေရှိတယ်ဆိုလို့ပါ"

"မင်း… အမျိုးက ဘယ်သူလဲ"

"ကျွန်မရဲ့ဘကြီးပါ ဆုံးသွားပြီဆိုလို့ တည်းစရာမရှိတာနဲ့ ပြန်တာ အခုလိုလူယုတ်မာတွေနဲ့တွေ့တာပဲ အစ်ကိုရယ်"

"အဲဒါမှ ခက်တာပဲ ကျုပ်တို့မှာက မိန်းကလေးတွေ မရှိတော့ မိန်းကလေးကို ခေါ်ဖို့က ခက်နေပါတယ်"

"ကျွန်မ အစ်ကိုတို့နဲ့ဆို နေရဲပါတယ်၊ ကျွန်မမှာ အားကိုးရာဆိုလို့ ဆွေမျိုးကလည်း မရှိတော့လို့ပါ"

"ကောင်းပြီလေ ကျုပ်တို့နဲ့လိုက်ခဲ့၊ ကဲ… ကိုအောင်သိန်း၊ မိန်းကလေးကိုခေါ်သွားဗျာ၊ ကျုပ်ကိစ္စလေးကို ဖြတ်လိုက်ဦးမယ်"

စုံနံ့သာမင်းမောင်သည် ကျွန်ုပ်တို့အား ကျောခိုင်း၍ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားပေ၏။ ကျွန်ုပ်သည် မိန်းကလေးအား ခေါ်၍ ထွက်လာခဲ့ပြန်တော့၏။

* * *





## အခန်း (၁၀)

## "စုန်နံ့သာမင်းမောင်နှင့် မိန်းကလေး"

စုံနံ့သာမင်းမောင်သည် တရားခံ၏ အနောက်အား လိုက်လျက်ရှိရာ မိသုန်ရပ်ရှိ ထန်းရည်ဆိုင်အတွင်းသို့ ဝင်လိုက်၏။ ထန်းရည်ဆိုင်သည် လူမိုက်အများနေများ နေထိုင်စားသောက်သည့်ထန်းရည်ဆိုင်ပင်ဖြစ်၏။

စုံနံ့သာမင်းမောင်သည် ထန်းရည်ဆိုင်အတွင်းသို့ တိုင်လိုက်ပေ၏။ ဆိုင်အတွင်း၌ ထန်းရည်သောက်သူများနှင့် ပြည့်နေပေ၏။ ဆိုင်အတွင်း၌ ထန်းရည်သောက်နေသူများသည် အရွယ်သုံးပါးစုံ ရှိနေရှေး တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထန်းရည်သောက်နေသူများအထဲ၌ ရှိသည့် စကားပြောသံများအား စိတ်ဝင်စားစွာ နားစွင့်လျက်ရှိ၏။ ထိုအထဲတွင် စံအိမ်ကြီးနှင့်ပတ်သက်သည့် စကားများပြောလျက်ရှိနေပေ၏။

"စံအိမ်ကြီးရဲ့သမီးတော်ကို ဘယ်သူများရဲ့ လက်ထဲမှာလဲ ဆိုတာ သိလား"

"ကျုပ် အဲဒါကိုပဲ စုံစမ်းနေတာလားဗျာ"

"ခင်ဗျားနဲ့ ဘယ်လိုပတ်သက်ခဲ့ဖူးလို့လဲဗျာ"

"ပတ်သက်တာတော့ မဟုတ်ဘူးပေါ့ဗျာ။ သမီးတော် ပျောက်ဆုံးသွားတာဟာ ကျုပ်တို့ကို စော်ကားတာနဲ့ အတူတူပဲဗျာ"

နှစ်ယောက်သား စကားပြောနေပေ၏။

ထန်းရည်သောက်လိုက်၊ စကားပြောလိုက်နှင့် အလုပ်ရှုပ်နေပေ၏။ စုံနံ့သာမင်းမောင်သည် ၎င်းတို့၏ မျက်နှာအား ကြည့်၍ အကဲခတ်လျက်ရှိ၏။

၎င်းတို့သည် လူငယ်တွေမဟုတ်၊ အသက်ငါးဆယ်ကျော်ဝန်းကျင်ရှိနေပေ၏။

"ဘာလို့ စော်ကားရမှာလဲဗျာ၊ အရင်းမရှိ၊ အဖျားမရှိနဲ့"

"သမီးတော်ကို ကျုပ်ရဲ့အမေက ထိန်းသိမ်းပေးခဲ့ရတာဗျာ။ ကျုပ်တို့အမေ ဆုံးသွားမှ နောက်လူကိုခေါ်လိုက်တာပဲ။ ကျုပ်က





လေးတစ်ယောက်လို ဂရုစိုက်ခဲ့တာလားဗျာ။ အခု အဲဒီလိုဖြစ်တော့ ကျုပ်လွန်စွာဒေါသထွက်မိတယ်ဗျာ။ ခင်ဗျားက နံ့စပ်တဲ့ဆိုတော့ သိများသိနေမလားလို့ မေးကာပါဗျာ"

"ကျုပ်သိတာတော့ မဟုတ်ဘူး။ ထင်ကာကို ပြောတာ၊ သုံးပင် ခေင် သိနိုင်မလားပဲဗျာ"

ထိုသို့ပြောသူအား ကြည့်လိုက်ပေ၏။ ထိုသို့ပြောသူ၏ နှာသည် ပြောင်စပ်စပ်ဖြစ်နေသလို နေရာတိုင်းကို သွားတတ်သူယောက်ဖြစ်သည်ဟု ထင်မိ၏။

စုံနံ့သာမင်းမောင် ၎င်း၏မျက်နှာအား မှတ်ထားလိုက်ပေ၏။

ထိုသို့ နားထောင်နေသည့်ကာလ၌ လူငယ်တစ်ယောက်သည် သာမင်းမောင်အနားသို့ ရောက်ရှိလာ၏။ ၎င်း၏လက်ထဲ၌ ထန်းအိုးတစ်အိုးအားကိုင်၍ ရောက်ရှိလာ၏။

စုံနံ့သာမင်းမောင်၏မျက်နှာချင်းဆိုင်၌ ထိုင်လိုက်၏။ စုံနံ့မင်းမောင်သည် လူငယ်အားကြည့်လိုက်၏။

"ကျုပ် ခင်ဗျားကြီးနဲ့ စကားပြောဖို့ရောက်လာတာပါလား အဲဒီအတွက်ကြောင့် ရောက်လာတာပဲဗျာ"

"မောင်ရင်က ကျုပ်နဲ့ဘာများထူးထူးခြားခြား စကားပြော



www.burmeseclassic.com

www.burmeseclassic.com



စရာရှိလို့လဲ။ ကျုပ်ရဲ့နာမည်ကိုသိလို့လား''

လူငယ်သည် ခေါင်းတစ်ချက်ညိတ်လိုက်၏။ ထန်းရည် ကိုကိုင်၍ စုံနံ့သာမင်းမောင်၏ခွက်အတွင်းသို့ ထည့်ပြီး ၎င်း၏ အတွင်းသို့ ထည့်လိုက်၏။

''လုပ်ဗျာ၊ ဒီထန်းရည်သောက်ပြီး ကျုပ်နဲ့ခင်ဗျားတို့ ဆွေအဖြစ် သတ်မှတ်ကြတာပေါ့ဗျာ။ ကဲ... ပြိုင်တူသောက်ကြ ပြီးမှ ဆွေးနွေးကြမယ်ဗျာ''

စုံနံ့သာမင်းမောင်သည် လူငယ်အားတစ်ချက်ကြည့်လိုက် ခေါင်းတစ်ချက်ညိတ်အပြီး ထန်းရည်ခွက်အား မ,ယူ၍ သောက် ၏။

လူငယ်သည် ကျေနပ်စွာပြုံးလိုက်ပေ၏။ လူငယ်သည် ၌ လွယ်ထားသည့် ဓားရှည်အား ခုံပေါ်သို့တင်လိုက်၏။ လူငယ် လူမိုက်တစ်ယောက်မှန်းသိသွား၏။ ၎င်းအတွက် လက်သည် အိတ်အတွင်းသို့ အလိုလိုရောက်ရှိသွားပေ၏။

''ကျုပ်က ဓားကိုင်ထားတဲ့လူမိုက်တစ်ယောက်ပဲလို့ ပွင့်လင်းလင်းပဲပြောမယ်ဗျာ။ လူမိုက်ဆိုပေမယ့် မဟုတ်တာလု လူမိုက်တော့ မဟုတ်ဘူးဗျာ။ ဓားပြမတိုက်ဘူး၊ မစော်ကားဘူး၊ အ မကျင့်ဘူး။ ကိုယ်ပိုင်ငွေနဲ့ ထန်းရည်သောက်ပြီး လူမိုက်လုပ်





မဟုတ်တာလုပ်တဲ့လူတွေကို ဆုံးမတယ်''

''တစ်ချိန်တုန်းက ကျုပ်ဟာ ရိုးရိုးသားသားနဲ့ လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေတဲ့သူတစ်ယောက်ပဲ။ အဲဒီလိုလူတစ်ယောက်ကို လူမိုက်ဖြစ်အောင်လုပ်တယ်ဗျာ။ မိုက်တယ်ဆိုတာ လွယ်ပါတယ်ဗျာ။ ဓားရှည်တစ်ချောင်းရှိရင် လူသတ်လို့ရတယ်။ လူသတ်ရင် လူမိုက်ဖြစ်တာပဲဗျာ။ ဘာမှ မခက်ဘူးဗျာ''

''မောင်ရင်ပြောတာကို ကျုပ်လက်ခံတယ်။ အဲဒီအတွက် ကျုပ်တစ်ခုမေးမယ်၊ မောင်ရင်က ဘာလုပ်ချင်တာလဲ ဘယ်သူ့ကို သတ်ချင်တာလဲ''

စုံနံ့သာမင်းမောင်သည် စီးကရက်အား မီးညှိလိုက်၏။ တစ်ချက်ဖွာရှိုက်၍ လူငယ်အား ကြည့်လိုက်ပေ၏။ ၎င်းအကြည့်သည် လူငယ်၏ အဖြေစကားအား လိုလားခြင်းသာဖြစ်၏။

''ကျုပ် ဘယ်သူဆိုတာ ခင်ဗျားသိမှာမဟုတ်ဘူး။ အခု မသိလည်း နောက်တော့သိရမှာပေါ့ဗျာ။ လောလောဆယ် ကျုပ်သိချင်တာက ဘုရားလေး ဘဒ္ဒေးဘယ်မှာရှိနေလဲဆိုတာပါပဲ''

''ဘဒ္ဒေးက အုတ်ပုံမှာရှိနေတယ်''

လူငယ်သည် ကျေနပ်စွာ ပြုံးလိုက်၏။ ထန်းရည်အား မော့သောက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ စုံထောက်ကျော်ကြီး၊ ကျုပ် ဘဋ္ဌေးနဲ့စာရင်း ရှင်းပြီးတာနဲ့ ပြန်ဆုံကြမယ် ကျုပ်နာမည်က ခေါင်းညို"

ခေါင်းညိုဆိုသည့် လူငယ်သည် ခုံပေါ်တင်ထားသည့် ဓား ရှည်အား ကောက်ယူ၍ ထွက်သွားပေတော့၏။ စုံနံ့သာမင်းမောင်သည် လူမိုက်ခေါင်းညိုအား ကြည့်လိုက်ပေ၏။

၄င်းနောက် စုံနံ့သာမင်းမောင်သည် မိသုန်ရပ်၏ သုဿန် သို့ ခြေဦးတည့်ရာ ထွက်လာခဲ့ပေတော့၏။

***

တိတ်ဆိတ်သောည····

ကောင်းကင်ယံထက်၌ လစန္ဒာသည် လင်းထိန်လျက်ရှိနေ ပေ၏။

ထိုအတွက်ကြောင့် ဝန်းကျင်တစ်ခုလုံး နေ့ခင်းကဲ့သို့ ဖြစ်နေ ပေ၏။ စုံနံ့သာမင်းမောင်သည် သုဿန်၏ဇရပ်ရှေ့၌ ရပ်နေပြီးနောက် ဇရပ်အပေါ်၌ရှိသည့် လူတစ်ယောက်အား ကြည့်နေပေ၏။ ဇရပ်ပေါ်၌ ရှိနေသူသည် စုံနံ့သာမင်းမောင်အား ကြည့်နေပေ၏။

"မောင်ရင်လေးက ကျုပ်နဲ့တွေ့ချင်လို့လာတယ်တဲ့ပ"





"ဟုတ်ရန်ကောဗျာ။ အဲဒီအတွက် အဖိုးပေါက်တူးက ကျုပ် ကို ဆင်းလာခဲ့မလား၊ ကျုပ်က အဖိုးပေါက်တူးဆီ လာရမလား"

"အိုလေကွယ် မောင်ရင်က လူငယ်ပေကို၊ ကျုပ်ဆီကို ရမှာပေါ့။ အဖိုးပြောတာ ဟုတ်တယ်မှတ်ပေါလားကွယ်"

"လာခဲ့ရတာပေါ့ဗျာ။ ဒီကိုရောက်ရှိလာမှပေါ့"

စုံနံ့သာမင်းမောင်သည် စီးကရက်တိုအား တစ်ချက်ဖွာရှိုက် ဇရပ်အပေါ်သို့ တက်လိုက်ပေ၏။ အဖိုးပေါက်တူးသည် ဆေးပြင်း ပ်အား ကိုက်ခဲလျက်ရှိနေ၏။

စုံနံ့သာမင်းမောင်သည် အဖိုးပေါက်တူးရှေ့၌ ရပ်လိုက်၏။

"ကျုပ်ကို ဖမ်းဖို့လာခဲ့တာ မဟုတ်လား စုံထောက်လေးရဲ့"

စုံနံ့သာမင်းမောင် လွန်စွာ အံ့သြသွားပေ၏။ အဖိုးပေါက် အား တစ်ချက်ကြည့်လိုက်၏။ အထင်သေးမှုတွေအား ဖျောက် ပြီး သတိထားမှုတွေ ပြုလုပ်မိ၏။

"ဟုတ်တယ် ပတ္တမြားလည်ဆွဲပျောက်ဆုံးမှုနဲ့ပတ်သက်ပြီး ဖမ်းတာပဲ"

"ဟား···· ဟား···· ဟား မောင်ရင်က တယ်ရယ်ရတာ ကွဲ။ ကျုပ်လိုလူက ဒီပတ္တမြားလည်ဆွဲကို ဘာလို့စိတ်ဝင်စားရမှာ စဉ်းစဉ်းစားစားလည်း ပြောပါဦးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကေရာဇ်က ပေသစ်ကိုသိတယ်မဟုတ်လား"

"လူမိုက်ပေသစ်ပဲကွာ။ သိတာပေါ့ ကလေးမေးတာတော
သိတယ်"

စုံနံ့သာမင်းမောင်သည် ခေါင်းတစ်ချက်ညိတ်လိုက်၏။

"အဖိုးပေါက်တူး ပြောတာ ကျုပ်လက်ခံလိုက်တော့
ဗျ။ ဒါပေမယ့် ကျုပ်တစ်ခုပေးပါရစေ၊ ဆုံတွေ့စေတီနောင်တော်
စေတီရဲ့ စနေဒေါင့်မှာ တွေ့ကြတယ် မဟုတ်လား"

"မောင်ရင်လေး မဆိုးဘူး၊ ဇယ်တော်တကိုးကွဲ့။ ချီး
လောက်ပါပေရဲ့လားဗျာ"

"ကျုပ်စကားမဆုံးသေးဘူး အဖိုးပေါက်တူး၊ ခင်ဗျား
ပြောတဲ့အထဲမှာ စောနန္ဒီအကြောင်းပါတယ်။ စောနန္ဒီကို ကျုပ်
ချင်တယ်။ စောနန္ဒီဟာ ဘယ်သူလဲ"

"ကျုပ်တို့ပြောနေတဲ့စောနန္ဒီဟာ ကိုးထပ်စေတီတော်ကြီး
ဘုရားအစ်မကြီးကို ပြောတာပဲ။ သူတည်ထားကိုးကွယ်ရဲ့
စေတီတော်နဲ့ ဆုံတွေ့စေတီတော်ဟာ ဉာဏ်တော်တူတယ်
အကြောင်း ပြောနေတာကလားကွယ်"

"အဖိုးပေါက်တူးရဲ့စကားက ကျုပ်အတွက် နိုင်လုံမှု
မရှိဘူး။ အဲဒီအတွက် ကျုပ်နဲ့လိုက်ခဲ့ပါ"





အဖိုးပေါက်တူးသည် စုံနံ့သာမင်းမောင်အား ကြည့်လိုက်
၄င်း၏အကြည့်သည် ဒေါသများ လွှမ်းမိုးလျက်ရှိနေပေ၏။
ောင်ဝှေ့အား ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထားသည်ကို စုံနံ့သာ
မောင် သတိထားလိုက်မိ၏။

"အဖိုးမဟုတ်တာမလုပ်ဘူးဆိုတာ သိထားလိုက်စမ်းပါ
ောက်ကျော်လေးရာ"

"ကျုပ်အတွက် အချိန်မရှိဘူး"

စုံနံ့သာမင်းမောင်သည် အဖိုးပေါက်တူးအား ဖမ်းဆီးရန်
တိုးလိုက်ချိန်၌ လက်ထဲ၌ ကိုင်ထားသည့် တောင်ဝှေ့နှင့် ရိုက်ရန်
ားနေချိန်၌…

"ဘာလို့ခုံခံချင်နေရတာလဲ အဖိုးပေါက်တူး၊ ကျုပ်လက်ထဲ
သေနတ်က လူ့အသက်အရွယ်မရွေးတတ်ဘူးနော်။ ကျုပ်နဲ့လိုက်
လား၊ တိုက်ခိုက်မလား။ နှစ်ခုထဲက တစ်ခုကိုပဲ သိချင်တယ်"

အဖိုးပေါက်တူးသည် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွား
၏။ အဖိုးပေါက်တူးသည် လက်လျော့၍ အဖမ်းခံလိုက်ရပေ၏။

စုံနံ့သာမင်းမောင်သည် အဖိုးပေါက်တူးနှင့်အတူ ပြန်လာ
ခဲ့တော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများစဉ်းစားနေတာလဲ ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် ဖမ်းမိထားသည့်တရားခံများနှင့် ...
ထားသည့် သတင်းများအား မှတ်တမ်းစာအုပ်မှတဆင့် လေ့လာလျ...
ရှိ၏။

ထိုသို့လေ့လာအပြီး၌ စီးကရက်သောက်၍ စဉ်းစားလျ...
ရှိပေ၏။ ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပေ၏။ ကျွန်ုပ်သည် စုံ...
သာမင်းမောင်၏ရှေ့၌ထိုင်လိုက်၏။ တကယ်တော့ စုံနံ့သာမင်းမော...
သည် အလုပ် တကယ်ကြိုးစားသူတစ်ယောက်ဖြစ်၏။ အချိန်တိုင်း...
အလုပ်ကိုသာ ကြိုးစားနေပေ၏။

"ကိုကြိုက်နဲ့ဘဒွေးတို့ အသတ်ခံလိုက်ကြရပြီဗျာ။ အဲ...
ဘယ်သူ့လက်ချက်လဲလို့ စဉ်းစားနေတာဗျာ။ ဘဒွေးကို ဒေါင်းည...
သတ်လိုက်တာလား မသိဘူးဗျာ"

"ငကြိုက်နဲ့ဘဒွေး အသတ်ခံရပြီ ဟုတ်လား ကိုမင်းမောင်"

"ဟုတ်တယ် ကိုအောင်သိန်း"

"ဘယ်သူသတ်တယ်ဆိုတာ ခင်ဗျား ဘယ်လိုစဉ်းစားထ...
လဲ ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် စီးကရက်ပြာတစ်ချက် ချွေလိုက်...

"ဘဒွေးကိုတော့ ဒေါင်းညိုသတ်လိုက်တာ။ ငကြိုက်...





တော့ ဘယ်သူသတ်တာလဲဆိုတာ စဉ်းစားနေတာပဲ"

"ခင်ဗျား ဘယ်သူလို့ထင်လဲ ကိုမင်းမောင်၊ ကျုပ်ကတော့ စ+ရ+မ+မ ဆိုတဲ့အဖွဲ့ကများ သတ်လိုက်သလားလို့ ထင်နေမိတယ်ဗျာ"

"သိပ်မှန်တာပေါ့ ကိုအောင်သိန်းရာ၊ ဒီအဖွဲ့က ပိုက်ဆံချမ်းသာတယ်လို့ ကျုပ်ယူဆတယ်ဗျာ"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် စီးကရက်အားအေးဆေးစွာ သောက်လျက်ရှိနေပေ၏။

"အဲဒီအဖွဲ့က အတိုကောက်လို့ ထင်တယ်ဗျာ။ အရှည်ကောက်ရရင် တရားခံဖမ်းမိနိုင်တယ်ဗျာ"

"ကျုပ် အဲဒါကိုပဲစဉ်းစားနေတာ၊ ဒါနဲ့ ဟိုညက ခေါ်လာတဲ့မိန်းကလေးက ဘာထူးလဲ ကိုအောင်သိန်း"

"သူကြည့်ရတာ တကယ်ရိုးရိုးသားသားပဲ ကိုမင်းမောင်၊ ခက်တာပဲဗျာ။ လူတွေက မိန်းကလေးတစ်ယောက်ထဲ အပြင်ထွက်တာကိုဗျာ...တယ်ပြီး အခွင့်အရေးယူတတ်ရန်ကောဗျာ"

"အိုလေဗျာ ခက်ရန်ကော ကိုအောင်သိန်းရာ၊ ဒီလို ကိုယ်ချင်းမစာတတ်တဲ့လူတွေရှိနေသရွေ့ ဒီလိုအဖြစ်မျိုး တွေ့ကြုံတွေ့ရမှာပဲ။ ဒါနဲ့ဘယ်နေ့ပြန်မယ်ပြောလဲ ကိုအောင်သိန်း"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်၊ နှစ်ရက်တော့နေချင်သေးတယ် ပြောတာပဲဗျာ။ နေခွင့်ပြုပါလို့ ခင်ဗျားကို ပြောခိုင်းနေတာကိုးဗျာ"

"နေချင်တာပဲဗျာ။ ကျုပ်တို့က သူ့ကို ပခုံးထမ်းထားရတာမှ မဟုတ်တာပဲဗျာ။ တစ်ခုတော့ သတိထားပါလို့တော့ ပြောချင်တယ်ဗျာ"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် မာဖလာအား တစ်ဖက်ပတ်လိုက်၏။

"စိတ်သာချပါ ကိုမင်းမောင်"

"ကဲ… လာဗျာ၊ ကျုပ်တို့ အပြင်ကိုသွားကြမယ်"

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား တစ်ချက်ကြည့်လိုက်ပေ၏။ စုံနံ့သာမင်းမောင်သည် လွယ်အိတ်အား လွယ်၍ အပြင်သို့ ထွက်ခဲ့ကြပေ၏။

ကျွန်ုပ်တို့သည် အိမ်ပေါ်ရောက်ရှိနေသည့် မိန်းကလေးအား အစာကျွေးပြီး စိတ်အေးချမ်းစွာ ထွက်လာခဲ့ခြင်းဖြစ်၏။

ထိုကာလ၌ ဝန်းကျင်၌ အခြေအနေများ ဆိုးသွမ်းလာသည်ဟု ထင်နေမိပေ၏။ ဘယ်တုန်းကမျှ မကြားဘူးသည့် လူမိုက်များ ပုန်ကန်ထကြွလာကြ၏။

အကြောင်းမှာမူ ငကြိုက်နှင့်ဘုရားလေးဘငွေးတို့ အသတ်





ခံရသည့်ကိစ္စများကြောင့်ပင်ဖြစ်ပေတော့၏။ ထိုသို့ဖြစ်ရပ်ကြောင့် ကျွန်ုပ်တို့အတွက် အခွင့်အကောင်းတစ်ခုဟု သတ်မှတ်၍ရပေ၏။ ကျွန်ုပ်တို့ ခရီးဆက်ခဲ့ကြပေတော့၏။

***

"ကျုပ်တို့မောင်ရင်ကို စောင့်နေတာလားဗျာ"

ဓားရှည်အား လက်တွင်း၌ ကိုင်ဆောင်၍ တက်ရောက်လာသည့်လူအား ပြောလိုက်ပေ၏။

ထိုသို့ပြောသူသည် အသက်ငါးဆယ်ဝန်းကျင်ရှိနေပေ၏။ ၎င်း၏မျက်နှာသည် ခက်ထန်မာကျောလျက်ရှိနေပေ၏။

"ကျုပ်နဲ့ခင်ဗျားကျောင်းတော်က ရန်စမရှိပါလားဗျာ"

"အခု ရှိနေပြီပဲဗျာ။ မနေ့တစ်နေ့ကမှ လူမိုက်လောကထဲ ဝင်ရောက်လာတဲ့ မလောက်လေးမလှောက်စားက ရာဇဝင်လူဆိုးကို ရက်စက်လိုက်တာကို မကျေနပ်လို့ပါလားဗျာ။ ခင်ဗျားလည်း ကျုပ်နောက်တော်လိုပဲ ပြန်သေရမယ်မှတ် အဲဒီတော့ ဓားထုတ်ဗျာ"

ထိုသို့ပြောအပြီး၌ ဓားရှည်အား ဆွဲထုတ်လိုက်၏။

လူငယ်သည် နားမလည်စွာ ကြည့်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



တက်သစ်စလူမိုက်လေး ဒေါင်းညိုသည် ၄င်းအား ကြည့်နေ၏။ ၄င်းတို့ရောက်ရှိနေသည့်ကုန်းသည် အောင်ဖေကုန်းဖြစ်၏။

၄င်းကုန်းသည် ရာဇဝင်လူဆိုးလူမိုက်ကြီး အောင်ဖေ သေဆုံးသွားသည့်ကုန်းဖြစ်သလို အောင်ဖေ နေထိုင်ခဲ့သည့်ကုန်းဖြစ်၏။

အောင်ဖေသည် မျိုးချစ်သူရဲကောင်းတစ်ယောက်ဖြစ်၏။ မျက်နှာဖြူ အင်္ဂလိပ်တွေအား တော်လှန်တိုက်ခိုက်၏။ အင်္ဂလိပ်တွေသည် အောင်ဖေအား ဆုကြေးထုတ်၍ ဖမ်းနိုင်သော်လည်း ဘယ်လိုလူမျိုးမှ ဖမ်းဆီးပေးခြင်း မရှိသလို အင်္ဂလိပ်များသည် ထိုဘုရားတော်အား လာရောက်ရဲ့ခြင်းမရှိ။

အင်္ဂလိပ်များသည် ကုန်းတော်အား လာရောက်ဖမ်းဆီးသည်၊ အောင်ဖေလက်ချက်နှင့် ဆယ်ယောက်လုံး သေဆုံးသွားသည့်အတွက် အောင်ဖေဟု နာမည်ကြီးသလို ဘယ်တော့မှ လာရောက်ရဲကြခြင်း မရှိအောင် ကြောက်ရွံ့တုန်လှုပ်သွားရ၏။

အောင်ဖေသည် မျိုးချစ်သူရဲကောင်းတစ်ယောက်ဟု နာမည်ကြီးသလို ဒေသခံများတွင် ချီးကျူးမဆုံး ဖြစ်နေကြပေ၏။

ဒေါင်းညိုအား ဝင်ရောက်ခုတ်ပိုင်းလိုက်၏။ ဓားများသည် ဒေါင်းညိုထံ အရှိန်ဖြင့် ဦးတည်လျက်ရှိနေပေ၏။ အသင့်အနေအထား ရှိသည့် ဒေါင်းညိုသည် အနောက်သို့ ခြေတစ်လှမ်းဆုတ်၍ ရှောင်





လိုက်၏။ တကယ်တော့ ဒေါင်းညိုသည် ဓားသိုင်းပညာအား ကျွမ်းကျင်စွာ တတ်မြောက်ထားသူတစ်ယောက်ဖြစ်နေသည့်အတွက် ဘယ်လောက်ပဲတိုက်တိုက် ဂရုမစိုက် အသာလေး ရှောင်နိုင်ပေ၏။

ဒေါင်းညိုရှောင်လိုက်ခြင်းအတွက် ဒေါသထွက်၍ ဓားအား ဘယ်ညာပြတ်ခုတ်လျက်ရှိပေ၏။ ထိုသို့ ခုတ်နေသည်အား ဒေါင်းညိုအတွက် ကလေးကစားစရာဖြစ်နေပေ၏။

ဒေါင်းညိုသည် ဓားအားထုတ်သုံးခြင်းမရှိ၊ ဓားအရိုးနှင့်သာ ကာ၍နေပေ၏။

"ခင်ဗျား ကျုပ်ကို တိုက်နေတာတစ်ဖက်သတ်ဖြစ်နေတယ်။ ကျုပ် ခင်ဗျားကို ဓားထုတ်မတိုက်သေးဘူးနော်။ အဲဒါကို ခင်ဗျား သိသာပေါက်လား"

"ခင်ဗျားလောက် စည်းကမ်းမရှိတဲ့သူ လူမိုက်လောကမှာ ဘယ်လိုမှ မရှိသင့်ဘူး။ အဲဒီအတွက် ခင်ဗျား စောစောသေသွားတာ ကောင်းမယ်ထင်တယ်"

"ကျုပ်ကို ခင်ဗျား စော်ကားလွန်းတယ်။ အဲဒီအတွက် သေသွားအောင်လုပ်လိုက်ရမယ်။ အဲဒါလုပ်ချင်လို့မဟုတ်ဘူး။ ကျုပ် ပြောရဲအောင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မလောက်လေးမလောက်စားက ဒီစကားပြောရဲသေး
ကိုကွယ်"

"ရှော့... သေပေတော့"

"ဂွစ်..."

မားရှည်သည် ဒေါင်းညို၏ ရင်ဝသို့ ဦးတည်လျက်
ပေ၏။

ဒေါင်းညိုသည် လေပေါ်ခုန်တက်၍ ရှောင်လိုက်
ဒေါင်းညိုသည် လေပေါ်၌ ဝဲလျက်ရှိနေ၏။ မားသမား
ဒေါင်းညိုအား လှည့်၍ ခုတ်လိုက်၏။ ဒေါင်းညိုသည် မြေ
ဝဲ၍ကျလာ၏။

တစ်ဆက်တည်းမှာပင် မားအိမ်နှင့်မားကိုင်လက်
ပြတ်ရိုက်လိုက်ပေ၏။

"ပျောင်း"

"အု"

မားသည်မြေပေါ်သို့ လွတ်ကျသွားသလို လက်ထဲ၌
သွားပေတော့၏။ ဒေါင်းညိုသည် အနောက်သို့ ခုန်ထွက်
၏။

"အစ်ကိုသန်းလှ ဒေါသကိုထိန်းပါ"





ရုတ်တရက် ထွက်ပေါ်လာသည့်အသံသည် မားသမား
န်းလှအား တားမြစ်လိုက်ခြင်းဖြစ်ပေ၏။ ထိုသို့ တားမြစ်မှုသည်
ာက်ကျသွားပေ၏။

အသံပိုင်ရှင်သည် တခြားလူမဟုတ် လူမိုက်ဘခက်ဖြစ်၏။

အခက်သည် ကိုင်းတောများအား ကျော်ပြတ်၍ အောင်
ကုန်းပေါ်သို့တက်လာ၏။ သန်းလှနှင့်ဒေါင်းညိုတို့သည် ဘခက်
ကြည့်နေကြ၏။

မပ်ပေးဝေး၌ ရိုက်ခတ်လာသည့်လေနုကြမ်းတို့ကြောင့် ဆွဲလဲ
လွင်လွင်လေးများ၏အသံသည် လွန်စွာကြည်နူးစရာကောင်းနေ
၏။

အောင်ဖေကုန်းတော်၌ စေတီတော်တစ်ဆူရှိ၏။ စေတီ
မ်းမကမ်း၌ အုတ်ဂူတစ်လုံးရှိနေ၏။ ထိုစေတီနှင့်အုတ်ဂူသည်
အောင်ဖေအတွက် လွမ်းဘွယ်ဖြစ်စရာ လွန်စွာကောင်းနေပေ၏။

စေတီတော်အား တည်ထားသူသည် အောင်ဖေဖြစ်ပြီး
အပေါင်းအား အောင်နိုင်ရန်အတွက် ရည်စူး၍ သစ္စာပြု ရန်မျိုး
ောင်စေတီတော်ဟု ဘွဲ့အမည်တင်ထား၏။ အောင်ဖေကိုယ်တိုင်
ာပြု၍ တည်ထားသည့်စေတီတော်ဖြစ်သလို ရန်မျိုးစုံအပေါင်းအား
ိုင်တိုက်ခိုက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် သန်းလှအနားသို့ လျှောက်သွားပေ၏။

"ဘာလို့ အဲဒီလောက် စိတ်လိုက်မာန်ပါနေရတာလဲ အစ်ကို သန်းလှ၊ အစ်ကိုကြိုက်နဲ့အစ်ကိုဘဋ္ဌေးကို သတ်တာ သူမဟုတ်ဘူး"

"မင်းကို ဘယ်သူပြောလဲ ဘခက်၊ ငါ ဒေါ်သက ပြေသော တာ မဟုတ်ဘူးနော်"

"ဒါမျိုးချစ်သူရဲကောင်းကြီး အောင်ဖေရဲ့ ကုန်းဆိုတာ မမေ့နဲ့ဦးလေ အစ်ကိုတော်ရဲ့ မှားတဲ့သူကို ခွင့်မလွှတ်တတ်ဘူးလေ"

"ကျုပ်ဒေါသလက်လွှတ်ဖြစ်သွားတယ်ဗျာ။ အဲဒီတော့ အစ်ကိုကြိုက်နဲ့ဘဋ္ဌေးကို ဘယ်သူသတ်လိုက်လဲ"

ဘခက်သည် ခေါင်းအား ကျော်၍ လွှယ်လိုက်၏။

"ကျုပ်တို့လူမိုက်လောကမှာ ဒေါင်းညိုဟာ မဟုတ်တာ မလုပ်တဲ့ လူမိုက်တစ်ယောက်ပဲဗျာ။ ကျုပ်သိထားတာက ဒေါင်းညို ဟာ အစ်ကိုဘဋ္ဌေးကို သတ်ဖို့ ကြိုးစားတယ်။ ဒေါင်းညိုနောက်ကျ သွားတယ်။ ဘယ်သူသတ်တယ်ဆိုတာ မော်ဝင်သာဒင်ပဲ သိလိမ့် မယ်"

ထိုစကားကြားလိုက်ရသည့်အတွက် လွှန်စွာတုန်လှုပ်သွား၏။

လူမိုက်သန်းလှနှင့် ဒေါင်းညိုတို့သည် ရုတ်တရက် အံ့ဩ





သွားကြ၏။ မော်ဝင်သာဒင်သည် တကယ်လူမိုက်တစ်ယောက်ဖြစ် ၏။ ၄င်းအား ဘယ်လိုလူမျိုးမှ တိုက်ခိုက်၍ မရ၊ ဓားပညာ လွန်စွာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်၏။

နှစ်အတန်ကြာသည်အထိ ယှဉ်ပြိုင်နိုင်သူမရှိအောင် ဖြစ်နေ မိ၏။ တိုက်ခိုက်သူများသည်လည်း အသက်သေဆုံးကြရ၏။

ထူးဆန်းသည်မှာ တစ်နေရာမှာ တစ်ခုခုဖြစ်လျှင် သာဒင် သည် [illegible]နှ်သိနေ၏။

"သာဒင်ကို ဘာထင်သလဲ"

"သာဒင်ကိုယှဉ်ရင် ဘယ်ဘဝမှ လူပြန်မဖြစ်ဘူး" ဟု ရက်စက်စွာ ကြိမ်းဝါးတတ်၏။ သို့သော် သာဒင်သည် ဘယ်နေရာ ၌ ခြေချနေထိုင်သည်ဆိုတာ ဘယ်သူမျှ အတတ်မပြောတတ်အောင် ဖြစ်နေပေ၏။

"ဟ… ဘခက်ရ၊ အစ်ကိုသာဒင်သိတယ်ဆိုတာတော့ မှန်ပါကွာ။ သူတို့ ဘယ်မှာတွေ့ရမှာလဲကွာ သူ့ကိုတွေ့ရတာခက်ပ ကွာ"

"အစ်ကိုသာဒင် ညောင်သုံးပင်ကို ရောက်နေတယ် ကြားပါ ရောဗျာ"

"ကောင်းတယ်ဟေ့၊ အဲဒါဆို ညောင်သုံးပင်ကို သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ခယ်။ တော့--- ဒေါင်းညို ကျုပ်ရဲ့လုပ်ရပ်မှာအတွက် စိတ်မကောင်းပါဘူးကွာ။ ကျုပ်တို့ကတော့ အစ်ကိုသာဒင်ကို သွားတွေ့လိုက်ဦးမယ်''

''ကျုပ်လည်းတွေ့မယ်ဗျာ၊ ကျုပ်အစ်ကိုမသေခင်က မှာသွားတာလေးတွေ ပြောဖို့ဗျာ''

ထိုသို့ပြောအပြီး၌ ဘခက်၊ သန်းလှ၊ ဒေါင်းညိုတို့ သုံးယောက်သည် ညောင်သုံးပင်ရွာသို့ ဦးတည်၍ ထွက်လာခဲ့ကြပေတော့၏။

* * *





အခန်း (၁၁)

## ''အနက်ရောင်လူတစ်ယောက်''

တစ်နေ့သ၌...

စုံနှံ့သာမင်းမောင်သည် တစ်နေ့တာလုပ်ဆောင်ခဲ့သမျှအား ခန်းအတွင်း၌ လှေလာဖတ်ရှုနေပေ၏။

ပေါက်တူး၏ပြောပြချက်များအရ တရားခံဘယ်သူဆိုတာ ပါနိုင်သေးပေမယ့် ပူးတွဲလုပ်ဆောင်သူများသာ သိနေပေ၏။ ထို့ တူ စံအိမ်အတွင်းသို့ ဘယ်သူဝင်ထွက်နေသည်ကအစ သိနေပေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



တဖန် သာဒင် လူမိုက်လောကသို့ ရောက်ရှိလာပြန်ပြီး
သည့် သတင်းကြောင့် အားတက်နေပေ၏။ သာဒင်သည် စော
ဘယ်သူဆိုတာ သိနေကြောင်းကို ထွက်ဆိုထားသည့်အတွက် အ
တက်နေမိပေ၏။

စုံနံ့သာမင်းမောင်သည် စီးကရက်အား ကိုက်ခဲလျက် စိတ်
အေးစွာ လှေလာနေချိန်၌ မယ်မင်းသော်ဆိုသည့်ညှို့သည်မိန်းကလေး
တစ်ယောက်သာရှိနေပေ၏။

"အစ်ကိုမင်းမောင်"

ရုတ်တရက် ထွက်ပေါ်လာသည့်အသံကြောင့် အတွေးများ
ပြန်ပြောက်သွားသလို ဖတ်နေသည့်မှတ်တမ်းစာအုပ်လေးအား ပိတ်
လိုက်၏။

အသံပိုင်ရှင်မိန်းကလေးသည် ညှို့သည်အဖြစ်ရောက်ရှိလာ
သည့် မယ်မင်းသော်ဆိုသည့် မိန်းကလေးဖြစ်၏။

မယ်မင်းသော်သည် စုံနံ့သာမင်းမောင်၏အနားသို့ လျှောက်
လှမ်းလာပေ၏။

မျက်နှာနှင့်တစ်ကိုယ်လုံး လိမ်းခြယ်ထားသည့် သနပ်ခါး
ရနံ့လေးသည် စုံနံ့သာမင်းမောင် စိတ်များသည် လှုပ်ရှားလာပေ၏။
မယ်မင်းသော်၏မျက်နှာလေးအား ကြည့်လိုက်မိ၏။





မယ်မင်းသော်သည် လွန်စွာချောမောလှပသည့် မိန်းကလေး
တစ်ယောက်ဖြစ်၏။ ဝင်းဝါညက်ညောသည့် အသားအရည်ပေါ်၌
ပြည့်တင်းလှသည့် ကိုယ်ခန္ဓာအချိုးအစားများသည် မြင်ရသူ
ယောကျ်ားများ၏စိတ်အား လှုပ်ရှားစေ၏။

အလုပ်ကိစ္စနှင့် ရှုပ်ထွေးနေသည့် စုံနံ့သာမင်းမောင်သည်
မိန်းကလေးများအား စိတ်မဝင်စားဘူးဟု ထင်မှတ်ထားသော်လည်း
မယ်မင်းသော်၏အလှကြောင့် စိတ်များလှုပ်ရှားလာပေ၏။ ပြည့်တင်းမို့
မောက်နေသည့် ကိုယ်ခန္ဓာအား ကြင်နာယုယမှုများနှင့် ပွေ့ဖက်ထား
ခြင်းစိတ်များ ပေါ်ပေါက်လျက်ရှိ၏။ တကယ်တော့ မယ်မင်းသော်
သည် လူချမ်းသာများ၏ အသိုင်းအဝိုင်း၌ ပေါက်ဖွားလာသည့် မိန်း
ကလေးတစ်ယောက်ဖြစ်မည်ဟု သတ်မှတ်၍ရပေ၏။

စိတ်ထဲ၌သာ တွေးနေမိပေမယ့် တကယ်တမ်းကျတော့
ကြောက်စိတ်များစွာ လွှမ်းမိုးနေမိ၏။ သို့သော်လည်း မယ်မင်းသော်
အား ကြည့်နေမိ၏။ အချိန်ဘယ်လောက်အတိုင်းအတာထိ ကြည့်
သွားသည်ဆိုတာ စုံနံ့သာမင်းမောင် မပြောတတ်အောင် ဖြစ်နေမိ
၏။

"အစ်ကို ဘာလို့ အဲဒီလောက်ကြာအောင် စိုက်ကြည့်နေရ
တာလဲကွယ်။ ကျွန်မ မနေတတ်တော့ဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်နွဲ့နွဲ့စကားဖြစ်ပေမယ့် စိတ်ထဲ၌ ရှက်သလိုလိုဖြစ်သွားပေ၏။ စုံနံ့သာမင်းမောင်သည် ချက်ချင်း အကြည့်လွှဲလိုက်၏။

စီးကရက်အား မီးညှိလိုက်၏။

"သြော်… တစ်မျိုးမဟုတ်ပါဘူး မယ်မင်းသော်ရယ်၊ လူများများနေလားလို့ ကြည့်မိတာပါကွယ်"

"တခြား ဘယ်သူများရှိသေးလို့လဲ အစ်ကိုမင်းမောင်ရဲ့"

"ရှိလို့ပြောတာ မဟုတ်ဘူးလေ။ တခြားဒုက္ခရောက်နေလို့ လာပြန်ပြီလားလို့ ကြည့်နေတာပါ။ ဘယ်ဆိုးလို့လဲ မယ်မင်းသော်က သေချာကြည့်မှ တကယ်ချောတာလားကွယ်"

"အို… အစ်ကိုကလဲ"

"တကယ်ပြောတာ တခြားကြောင့်မဟုတ်ဘူး ရိုးရိုးသားသားပြောတာလားကွယ်"

ထိုသို့ပြောလိုက်ချိန်၌ မယ်မင်းသော်သည် မျက်နှာလေးခေါင်းငုံ့ကျသွားပေ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပေတော့၏။

"အလုပ်အနားယူတော့လေ အစ်ကိုရဲ့၊ ကျွန်မနဲ့အပြင်မှာ အေးအေးဆေးဆေး စကားပြောရအောင်လေ၊ တစ်ယောက်တည်း စကားပြောမယ့်သူမရှိတာ ပျင်းတယ်အစ်ကိုရာ"





"ကောင်းပါပြီဗျာ။ ဒီနေ့ပဲပြောမှာနော် နောက်နေ့မပြော ဘူး"

"ဒီနေ့ပြောရလည်း ကျေနပ်ပါတယ် အစ်ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် အံဆွဲအားသော့ခတ်လိုက်ပေ၏။

မည်သို့ပင်ဖြစ်စေကာမူ စုံနံ့သာမင်းမောင်သည် သော့အမြဲခတ်သည့်အကျင့်ဖြစ်နေပေ၏။ ၎င်း၏အလုပ်များအား မည်သူ့မျှ ပြောတတ်သည်မရှိ။ အတတ်နိုင်ဆုံး လျှို့ဝှက်ထားပေ၏။ အမြဲတမ်းလက်တွဲဖော် ကျွန်ုပ်ကိုတောင် ကြိုတင်၍ မပြောထားပေ။ အနောက်ပ် မှ ပြောတတ်၏။

စုံနံ့သာမင်းမောင်သည် အပြင်သို့ထွက်လာ၏။ ၎င်းဘေး၌ မယ်မင်းသော်ကပ်လျက်လိုက်ပါလာပေ၏။ ဝန်းကျင်တစ်ခုလုံး လင်းထိန်လျက်ရှိ၏။ လပြည့်ည၏ လရောင်အလင်းသည် လွန်စွာ စိတ်ချမ်းမြေ့စရာကောင်းနေလျက်ရှိပေ၏။

"အစ်ကိုဘယ်ကိုသွားနေတာလဲ"

"အခန်းရှေ့မှာ ထိုင်ခုံရှိတယ်လေ မင်းသော်"

"အစ်ကိုက တကယ်ချီးကျူးစရာကောင်းတဲ့လူတော်တစ်ယောက်ပဲ။ အရာရာကို ကြိုတင်ပြီးတွေးတတ်တယ်"

"ကျုပ်က အတွေးသမားလေ မင်းမောင်၊ အဲဒီအတွက် တစ်ဖက်သားကိုလည်း စိတ်မညစ်စေချင်တာလည်း ပါတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စုံနံ့သာမင်းမောင်တို့ ထိုင်ခုံရှည်လေးပေါ်သို့ ထိုင်လိုက်ပေ ၏။ ၄င်းထိုင်ခုံလေးသည် နှစ်ယောက်ထိုင်ခုံမဟုတ် လေးယောက် ထိုင်ခုံလေးဖြစ်၏။

ထိုထိုင်ခုံပေါ်၌ နှစ်ယောက်ထိုင်သည့်အတွက် နှစ်ယောက် ထိုင်ရန် လွတ်နေပေ၏။ မယ်မင်းသော်သည် စုံနံ့သာမင်းမောင်၏ဘေး၌ ကပ်လျက်ထိုင်လိုက်၏။

"လသာတဲ့ညကို ချစ်သူစုံတွဲတွေ နှစ်သက်တယ်ဆိုတာ မှန်တယ်နော် အစ်ကိုမင်းမောင်"

"ဘာကိုဆိုလိုတာလဲ မင်းသော်၊ အစ်ကို နားမလည်ဘူး"

"အစ်ကိုက တကယ်ရိုးသားတဲ့လူတစ်ယောက်ပဲ"

"တကယ်ပြောတာ မင်းသော်၊ ကျုပ်ဟာ အချစ်ဆိုတဲ့ အရသာ ချစ်တယ်ဆိုတာ ယနေ့ထိ နားမလည်သေးဘူး။ တစ်ခါ တလေ ကိုအောင်သိန်းကပြောပါတယ်။ ချစ်သူရည်းစားတစ်ယောက် လောက် ထားသင့်တာပေါ့တဲ့"

"အဲဒီတော့ အစ်ကို ဘာပြောလိုက်လဲ"

စုံနံ့သာမင်းမောင်သည် မာဖလာလေးအား တစ်ပတ်ပတ် လိုက်၏။

ထိန်လင်းသည့် လရောင်အောက်၌ ထိုင်လျက်ရှိနေသည်။





ယ်မင်းသော်၏မျက်နှာလှလှလေးအား ကြည့်လိုက်ပေ၏။ စိတ်ထဲ ၌ ပျော်ရွှင်ကြည်နူးမိပေ၏။

"ဘာပြောရမှာလဲ မင်းသော်ရဲ့၊ မိန်းကလေးတစ်ယောက် ကို တွေ့ရင် ဘယ်လိုကစပြီးပြောရမှန်းမသိဘူး။ တကယ်လို့ မိန်း ကလေးကစပြီး ချစ်ရေးဆိုလာရင်လည်း အဲဒီအချစ်က ခိုင်မြဲမှာ ဟုတ်ဘူး မင်းသော်"

"ဘာဖြစ်လို့လဲ အစ်ကို"

"ကျုပ်က အလုပ်လွန်စွာများတယ် မင်းသော်၊ မိန်းမချစ်သူ ည်းစားရဲ့အနားမှာ အမြဲရှိမနေနိုင်ဘူးဗျာ။ အဲဒီအတွက် ကျုပ်ကို အထင်လွဲပြီး စိတ်နာသွားမှာ သေချာတယ်ဗျာ"

"စိတ်ဝင်စားပြီး နားလည်ခွင့်လွှတ်တဲ့သူရှိရင်ရော အစ်ကို င်းမောင်က လက်ခံမှာလား"

"ခဏတော့ ကျုပ်အပေါ်ကို နားလည်မယ်လို့ပဲ ထင်သား ား မင်းသော်ရာ"

"ကျုပ်အချစ်အတွက်နဲ့ မြေလူးအောင် မခံချင်ဘူး မင်းသော်၊ ျုပ်က သည်းခံတတ်တဲ့လူတစ်ယောက်မဟုတ်လို့ပါပဲ"

မယ်မင်းသော်သည် စုံနံ့သာမင်းမောင်အား သေချာစိုက် ြည့်လိုက်ပေ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဖွာရှိုက်လိုက်ပေ၏။

"အစ်ကို့စကားလေးက ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလိုနဲ့ နာ

ထောင်လို့ကောင်းတယ်နော်။ မင်းသော် အစ်ကိုမင်းမောင်ရဲ့ ပေါင်ပေါ်

မှာခဏအိပ်ပြီး စကားပြောကြတာပေါ့ အစ်ကိုမင်းမောင်ရာ"

မယ်မင်းသော်သည် စုံနံ့သာမင်းမောင်၏ပေါင်ပေါ်သို့

ခေါင်းလေးအသာချလိုက်ပေ၏။ စုံနံ့သာမင်းမောင်သည် ရုတ်တရက်

ဘာပြောရမှန်းမသိအောင်ဖြစ်နေမိ၏။ တကယ်တော့ စုံနံ့သာမင်း

မောင်၏ ပေါင်ပေါ်သို့အိပ်ခြင်းသည် ပထမအကြိမ်သာဖြစ်ပေ၏။

စုံနံ့သာမင်းမောင်သည် မယ်မင်းသော်၏မျက်နှာလေးအား သေချာ

ကြည့်နေမိ၏။

မယ်မင်းသော်သည်လည်း အကြင်နာများ တောင်းတသည့်

မျက်နှာများနှင့် ကြည့်နေမိပေ၏။ နှစ်ယောက်လုံး၏ နှလုံးသားများ

များသည် တောင်းတမှုများကိုယ်စီရှိနေကြသလို စိတ်များအား ထိန်း

ချုပ်နေကြသော်လည်း…

"အို… အစ်ကိုမင်းမောင်"

ထွက်ပေါ်လာသည့်အသံသည် ဝန်းကျင်၏တိတ်ဆိတ်မှုအား

ရဲဝံ့စွာ ပြိုခွင်းသွားပေတော့၏။

***





တစ်နေ့သည်…

တိတ်ဆိတ်သည့်အခါကာလဖြစ်ပေ၏။

ကျွန်ုပ်နှင့်မိတ်ဆွေကြီးစုံနံ့သာမင်းမောင်တို့သည် စံအိမ်သို့

ဦးတည်ထွက်လာခဲ့ကြပေ၏။ ကျွန်ုပ်တို့သည် စံအိမ်ကြီး၏အကြောင်း

များအား ပြောနေကြပေ၏။

"ကျုပ်တို့အတွက် အခွင့်ကောင်းရပြီလို့ ပြောရမှာပဲ ကို

အောင်…"

"ကျုပ်လည်း အဲဒီသတင်းရပြီး ကိုမင်းမောင် ဒီရက်ထဲမှာ

နောင်ချိုက ခေါင်းညို၊ ခစွဲက သန်းလှ၊ မော်စင်သာဒင်တို့ ပေါင်း

ကြပြီတဲ့ဗျာ။ အဲဒါကို ကျုပ်တို့ ဘာဆက်လုပ်ကြမလဲဗျာ"

"ဘာလုပ်ရမှာလဲ ကိုအောင်သိန်းရာ၊ ဒီအတိုင်းသာကြည့်

နေတာပေါ့ဗျာ။ ကျုပ်တို့အတွက် တစ်ခုခုထူးခြားလာလိမ့်မယ်ဗျာ"

"ခင်ဗျားပြောတာ ကျုပ်သဘောမပေါက်ဘူး ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်

ပေ၏။

"သာဒင်က လူမိုက်လောကထဲကို ဝင်ရောက်လာတဲ့သူ

မဟုတ်ဘူး။ အခု ဝင်ရောက်လာတယ်ဆိုတာ ထူးခြားမှုရှိလို့ ပြော

တာပဲဗျာ။ ကျုပ်အထင်တော့ စံအိမ်ကိစ္စနဲ့ ရောက်လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို တရားခံတွေ မသတ်သာဘူးပေါ့ဗျာ"

"အဲဒါပေါ့ဗျာ"

ထို့နောက်...

ကျွန်ုပ်တို့သည် စံအိမ်အတွင်းသို့ ဝင်ရောက်လိုက်ကြပေ၏။

ကျွန်ုပ်တို့သည် စံအိမ်ကြီးအရှေ့တံခါးပေါက်မှ ဝင်ရောက်ခြင်းမရှိ။ လူဆိုးများ ဝင်ထွက်သွားလာလျက်ရှိသည့် လျှို့ဝှက်အပေါက်၌ ဝင်လိုက်ကြ၏။

လျှို့ဝှက်ပေါက်သည် စံအိမ်၏အနောက်ရေတမာတောအနား၌ ပေါက်ထားခြင်းပင်ဖြစ်၏။ ထိုလျှို့ဝှက်အပေါက်အား စုံနံ့သာမင်းမောင်ကိုယ်တိုင်တွေ့ရှိခြင်းဖြစ်၏။ တစ်နေ့သ၌ အနက်ရောင်လူတစ်ယောက်၏ အနောက်သို့ လိုက်ရင်း ထိုအပေါက်အား တွေ့ရှိခြင်းပင်ဖြစ်၏။

ကျွန်ုပ်တို့သည် လျှို့ဝှက်အပေါက်မှနေ၍ စံအိမ်အတွင်းသို့ ဝင်လိုက်ကြပေတော့၏။ စံအိမ်ကြီးသည် လွန်စွာ တိတ်ဆိတ်လျက်ရှိနေပေ၏။

"ကိုအောင်သိန်း သတိနဲ့နေဗျာ။ ဟိုမှာတွေ့လား အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက်တွေ့လား"

"ဟာ... ဟုတ်ပဗျာ၊ ဒီလူ ဘယ်အချိန်က ရောက်လာမှန်း





ဗျာ"

"ကိုအောင်သိန်း ဒီနေရာမှာနေဗျာ။ အဲဒီလူ ဒီအပေါက်က ...ာ မလွတ်စေနဲ့၊ ကျုပ်လိုက်သွားမယ်"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် အနက်ရောင် ...နှင့် လူ၏အနောက်သို့ လိုက်သွားပေ၏။ ထိုလူသည် စံအိမ်ကြီး ...ာက်မှနေ၍ စံအိမ်ကြီး၏အပေါ်ထပ်သို့တက်ရန် တစ်ရွေ့ရွေ့ ...ည်လျက်ရှိနေပေ၏။

အနက်ရောင်ဝတ်စုံသည် အပေါ်ထပ်သို့တက်သည့်လှေကား ... ရောက်ရှိသွားပေ၏။ ၎င်းသည် အပေါ်ထပ်သို့ တက်သွား ... စုံနံ့သာမင်းမောင်သည် အပေါ်ထပ်သို့တက်လိုက်သွားသည့် ...ရောင်ဝတ်စုံသည် အခန်းတစ်ခုအတွင်းသို့ ဝင်လိုက်၏။ အခန်း ... စံအိမ်၏ရတနာပစ္စည်းများ ထားရှိသည့် လျှို့ဝှက်အခန်းပင် ...

ရတနာပစ္စည်းများ ထားရှိသည်မှာ ရှေ့ဟောင်းသေတ္တာကြီး ...ဖြစ်၏။ ၎င်းသည် ရတနာသေတ္တာများအား ဖွင့်ရန် ကြိုးစား ...နေပေ၏။ စုံနံ့သာမင်းမောင်သည် အခြေအနေအား ကြည့်နေ ...

အနက်ရောင်ဝတ်စုံသည် ပစ္စည်းသေတ္တာအားဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သတ္တာအတွင်း၌ ဝင်းလက်သည့် ရတနာပစ္စည်းများ ထွက်ကြလာ ရှိနေပေ၏။ ရတနာပစ္စည်းများအား ယူရန် ကြိုးစားနေချိန်၌…

"ဟိတ်… လူ"

"ရော… အု"

အနက်ရောင်ဝတ်စုံနှင့်လူသည် လဲကျသွားပေ၏။

စိုန့်သာမင်းမောင်သည် အနက်ရောင်ဝတ်စုံ၏ဓာတ်ပိုးအ ပြတ်ရိုက်လိုက်ခြင်းဖြစ်၏။ ၄င်းအတွက် လဲကျသွားပေ၏။

ထို့နောက် အနက်ရောင်ဝတ်စုံအား လက်လိမ်လိုက်၏။

"ခင်ဗျား ဘယ်သူလဲ"

"ဟို… ဟို"

"တော်ပြီမပြောနဲ့တော့ ကျုပ်နဲ့လိုက်ခဲ့"

စိုန့်သာမင်းမောင်သည် ၄င်းအား နောက်ပြန်ကြိုးတုတ်လို ၏။ ထိုနေရာအား ကျောခိုင်း၍ ခေါ်လာခဲ့ပေ၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည့်အတွက် တိတ်ဆိ စွာ သွားရန်မှာကြားထားပေ၏။ အနက်ရောင်ဝတ်စုံသည် တိတ်ဆိ စွာ ထွက်လာပေ၏။ ၄င်းတို့သည် လျှို့ဝှက်တံခါးသို့ ဦးတည်လာ ၏။ ထိုသို့ ဦးတည်လာသည်အား အနက်ရောင်ဝတ်စုံသည် လွန် အံ့ဩတုန်လှုပ်သွားပေ၏။





"လျှို့ဝှက်တံခါးကိုသွားပါ"

"ကျုပ် မသိဘူး"

"ဘာလို့ လိမ်ညာခြင်းနေရတာလဲ မိတ်ဆွေ၊ ကျုပ်က ဘာ ဟုတ်တာလေးကို အမိကထားတတ်သူ မဟုတ်ဘူးနော်။ အဲဒါကို ထားသင့်တယ်"

"ကျုပ် ဘာပြောမိလို့လဲဗျာ"

"မပြောမိရင် ကျုပ်ပြောတဲ့အတိုင်းသာ သွားပါ"

အနက်ရောင်ဝတ်စုံသည် စိုန့်သာမင်းမောင်ခိုင်းသည့်အတိုင်း လျှို့ဝှက်တံခါးအား ဦးတည်လျှက်ရှိပေ၏။

အနက်ရောင်ဝတ်စုံသည် စိုန့်သာမင်းမောင်အား ခုခံခြေပ စွမ်းအားမရှိသည့်အတွက် လျှောက်လှမ်းလျှက်ရှိ၏။ တကယ်တော့ သာမင်းမောင်သည် စုံထောက်ကျော်တစ်ယောက်ဖြစ်သလို ၄င်း ပြုမှုအား သိနေ၍ ယခုကဲ့သို့ပြောဆိုကြောင်း၊ အသိစိတ်များ ရောက်လာပေ၏။ ထိုအတွက်ကြောင့် လျှို့ဝှက်တံခါးအား ဦးတည် ၌ စိုန့်သာမင်းမောင်၏အသံ ရုတ်တရက်ထွက်ပေါ်လာသည့် ကြောက် လွန်စွာတုန်လှုပ်သွားပေ၏။

"ကိုအောင်သိန်း သူ့ကိုခေါ်သွားဗျာ"

အနက်ရောင်ဝတ်စုံသည် ကျွန်ုပ်အား တွေ့လိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် လွန်စွာတုန်လှုပ်သွားပေ၏။ ကျွန်ုပ်သည် အနက်ရောင်အား ခေါ်၍ထွက်ခဲ့ပေတော့၏။

* * *





အခန်း (၁၂)

"မှော်ဝင်သာအင်၏ သတိပေးချက်"

တစ်နေ့သ၌...

မှောင်စပျိုးနေသည့် ညနေခင်းတစ်ခု၌ ထိတ်လန့်စရာ အကြောင်းကြားစာတစ်စောင် ပြတ်သားစွာ ရောက်ရှိလာပေ၏။

စာရောက်ရှိသည့်အချိန်သည် ၄င်းတို့အတွက် အလုပ်ရှုပ်ကုန်ပေ၏။

၄င်းသည် စ+ရ+မ+မ အဖွဲ့စာဖြစ်၏။ ထိုအဖွဲ့စုဝေးနေသည့် စုံပန်းမြိုင်ကုန်သို့ ရောက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



စ+ရ+မ+မ အဖွဲ့ခေါင်းဆောင်များရောက်ချိန်၌ စာတစ် စောင်ကြို့တင်ရောက်ရှိနေခြင်းပင်ဖြစ်၏။

"ဟိတ် ဘာများလဲကွာ"

"စာတစ်စောင်ကြိုတင်ရောက်ရှိနေလို့ပါ"

"ဟေ့... ဘာစာလဲ ပေးစမ်းကွာ"

အနက်ရောင်ဝတ်ဆင်ထားသူသည် ကိုင်ထားသည့်စာအား အနက်ရောင်ဝတ်ဆင်ထားသည့်သူအား ပေးလိုက်၏။

စာအား လှမ်းယူလိုက်၏။

၄င်းတို့အဖွဲ့သည် အားလုံးအနက်ရောင်များ ဝတ်ဆင်ထားကြပေ၏။ တကာယ်ရာဇဝင်လူဆိုးများ ဖြစ်ကြပေ၏။

ထိုင်နေသည့်အဖွဲ့ခေါင်းဆောင်သည် စာအား ကိုယ်တိုင်ဖတ်နေပေ၏။

*သို့*

*မိတ်ဆွေကြီး...*

*ကျုပ်သတိပေးခြင်းဖြင့် စာရေးလိုက်ပါတယ်။ မိတ်ဆွေကြီးတို့ရဲ့လုပ်ရပ်တွေ လွန်စွာမှားယွင်းနေသည့်အတွက်ကြောင့် အချိန်မီပြန်လည်၍ ပြုပြင်ထားပါ။*





*မိတ်ဆွေကြီးတို့အဖွဲ့ရဲ့လက်ထဲမှာ ရောက်ရှိနေသူအား အချိန်မီပြန်လည်၍ ပို့ပေးပါ။ မိတ်ဆွေကြီးတို့အား နားလည်မှုပေးတဲ့အနေနဲ့ သုံးရက်အချိန်ပေးလိုက်မယ်။ သုံးရက်အတွင်း ပြန်လည်ပို့ပေးပါ သတ်မှတ်ရက်ကျော်လွန်သွားပါက ကျုပ်အဆိုးမဆိုပါနဲ့။*

*မော်ဝင်သာဒင်*

အနက်ရောင်ဝတ်စုံသည် မျက်နှာပျက်သွားပေ၏။

၄င်းတို့သည် မော်ဝင်သာဒင်အား လွန်စွာကြောက်ရပေ၏။ တကယ်တော့ သာဒင်သည် ပြောသလိုလုပ်တတ်သည့်သူတစ်ယောက်ဖြစ်ပေ၏။

"သာဒင်ပြန်ရောက်လာပြီ၊ ကျုပ်တို့ရဲ့အလုပ်ကို ဝင်ရှုပ်ပြန်ပြီ"

"အဲဒီအတွက် မစိုးရိမ်ပါနဲ့ ဆရာကြီး၊ ကျုပ်တို့ဆရာကြီးရဲ့ကိုယ်စား ရှင်းလိုက်ပါ့မယ်"

"အိုလေကွာ၊ ဒီကောင်ကပြောတဲ့အတိုင်း လုပ်တတ်တယ် မင်းတို့က ဘာသိလို့လဲ"

"ရောင်လေးပါဆရာကြီးရာ။ သာဒင်ဆိုတဲ့လူကြီး ခွေးပြေးပြေးစေရမယ်။ ဆရာကြီးမသိသလိုသာနေပါ၊ ကျုပ်နဲ့ ကျားရိုင်းတို့ရှင်းလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်သည် ကျေနပ်သည့်ဟန်နှင့် ခေါင်းညိတ်၏။ ရှောင်လေးနှင့်ကျားရိုင်းတို့အား ကြည့်လိုက်၏။

၄င်းတို့နှစ်ယောက်သည် ငှက်ကြီးတောင်ဓားရှည်ကြီး ပွတ်သပ်လျက်ရှိနေပေ၏။ အဖွဲ့ခေါင်းဆောင်သည် ဆေးတံကြီး နှစ်သက်စွာ ကိုက်ခဲလျက်ရှိ၏။

"ကောင်းပြီ သုံးရက်ပြည့်တဲ့နေ့မှာ မင်းတို့ သူ့ကို စောင့်နေကြ။ သူ့ကိုနိုင်ရင် ဆုငွေကောင်းကောင်းပေးမယ်"

"ကျုပ် ဒီလိုစဉ်းစားမိတယ် ဆရာကြီး"

"ဘာလဲကွ ပြောစမ်းပါဦး"

"သူ့ကို စာတစ်စောင်ပို့ပြီး ချိန်းလိုက်မယ်။ အဲဒီနေ့ ကျုပ်တို့စောင့်နေကြမယ်"

"မဆိုးဆူး အဲဒီအကြံကောင်းတယ်။ ဒါဆို မင်းတို့ အတိုင်း ဆက်လုပ်ကြ"

၄င်းတို့သည် မော်ဝင်သာဒင်အား တွေ့ဆုံရန်အတွက် အစီအစဉ်များ ဆွဲနေကြ၏။ ထိုသို့အစီအစဉ်ဆွဲခြင်းသည် လွန်စွာ ကျသည့်အတွက် သာဒင်သည် ထိုပွဲ၌ ဆက်လက်၍ အသက်ရှင် ပါမည်လား စဉ်းစားစရာပင်ဖြစ်ပေ၏။

ထို့နောက် အဖွဲ့ခေါင်းဆောင်သည် စာတစ်စောင်





ရှောင်လေးနှင့် ကျားရိုင်းတို့၏ လက်အတွင်းသို့ အပ်လိုက်ကြပေ၏။ ၄င်းတို့သည် ကြိုတင်ပြင်ဆင်ရန်အတွက် ထွက်ခွာသွားပေတော့၏။

***

ထို့နောက်...

စုံနံ့သာမင်းမောင်သည် စ+ရ+မ+မ ဟု အမည်တပ်ထား သည့် လျှို့ဝှက်စကားအား အဓိပ္ပာယ်ဖော်လျက်ရှိပေ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏အရှေ့၌ ထိုင်လျက်ရှိပေ၏။

"ဘယ်လိုအဓိပ္ပာယ်ရသလဲ ကိုမင်းမောင်"

ကျွန်ုပ်သည် သိချင်စိတ်နှင့်မေးလိုက်၏။ စုံနံ့သာမင်းမော သည် စီးကရက်အား ချေလိုက်ပြီး ကျွန်ုပ်အား ကြည့်လိုက်၏။

"ရပြီ ကိုအောင်သိန်း၊ ကျုပ်တို့အတွက် အမှုပေါ်ပြီ တရား ပေါ်ပြီဆိုတဲ့သဘောပေါ့ဗျာ"

"ဒါဆိုကောင်းတဲ့မင်္ဂလာသတင်းပေါ့ဗျာ"

ကျွန်ုပ်သည် လွန်စွာ ဝမ်းသာသွားပေ၏။

"ဒါတင်မကသေးဘူး ကိုအောင်သိန်း၊ မော်ဝင်သာဒင် လည်း စရမမတို့အဖွဲ့ကို သတိပေးတဲ့စာတစ်စောင်ပို့ထားတယ်။ အဲ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကလည်း မသေးဘူးဗျာ''

''ဒါဆို ဒီကောင်တွေခံရမယ့်ပွဲပေါ့ဗျာ ဟုတ်လား''

''အဲဒီလိုပဲ ပြောရတော့မယ် ကိုအောင်သိန်း၊ ကျုပ်တို့ အဓိကတရားခံတစ်ယောက်ကို သွားဖမ်းကြရအောင်ဗျာ''

''ကောင်းတာပေါ့ဗျာ၊ ကျုပ်ကတော့ မိန်းမကိုလွမ်းနေပြီ ကိုမင်းမောင်၊ အဲဒီအတွက် အမှုမြန်မြန်ပေါ်ပါစေလို့ ဆုတောင်းရတော့မှာပဲ''

ကျွန်ုပ်သည် အသင့်ရှိနေသည့် လွယ်အိတ်အား လွယ်လိုက်ပေ၏။

လွယ်အိတ်အတွင်း၌ ကျွန်ုပ်တို့အတွက် အဓိကအသုံးဝင်သည့် ပစ္စည်းများပါရှိ၏။ ထိုအတွက် လွယ်အိတ်သည် ကျွန်ုပ်တို့အတွက် တန်ဖိုးမပြတ်နိုင်သည့် ရတနာပစ္စည်းတစ်ခုကဲ့သို့ဖြစ်နေပေ၏။

ကျွန်ုပ်တို့သည် ဂတ်စခန်းအား ကျောခိုင်း၍ ထွက်လာခဲ့ကြပေ၏။

''ကျုပ်တစ်ခုမေးစရာရှိတယ် ကိုမင်းမောင်''

''ဘာလဲ ကိုအောင်သိန်း''

''ခင်ဗျား မယ်မင်းသော်ကို ဘယ်လိုသဘောရလဲဗျာ''





''ခင်ဗျား ဘာကိုဆိုလိုတာလဲ ကိုအောင်သိန်း''

စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား ကြည့်လိုက်ပေ၏။

''မယ်မင်းသော်က ကျုပ်တို့အပေါ် ရိုးသားရဲ့လားဆိုတာပဲ''

''ပွင့်ပွင့်လင်းလင်းပြောရရင်တော့ မရိုးသားဘူးဗျာ''

ကျွန်ုပ်နားမည်စွာနှင့်ကြည့်လိုက်ပေ၏။

တကယ်တော့ မယ်မင်းသော်သည် စုံနံ့သာမင်းမောင်အား လွန်စွာ ကပ်သလို ဂရုလည်းစိုက်၏။ အမြဲတမ်းလို စကားများပြော တတ်၏။ စုံနံ့သာမင်းမောင်အနားယူလိုက်သည်နှင့် မယ်မင်းသော် ရောက်ရှိလာ၍ စကားများ ပြောတတ်ပေ၏။

ကျွန်ုပ်ထင်ထားသည်မှာ မယ်မင်းသော်နှင့်ချစ်သူများ ဖြစ်နေကြပြီးဟုပင် ဖြစ်၏။ တကယ်တော့ ထွက်ပေါ်လာသည့် စကားအား အဓိပ္ပာယ်ကောက်ရလျှင် ချစ်သူများ မဟုတ်ကြသေးကြောင်း ပေါ်လွင်နေပေမယ့် ဘာကြောင့် အလိုလိုက်နေရတာလဲဟု တွေးမိပြန်၏။

''ကျုပ် ဘာကို နားလည်ရမှာလဲ ကိုမင်းမောင်''

''ခဏတော့စောင့်ကြည့်လိုက်ပါဦး ကိုအောင်သိန်း၊ မကြာခင် အဖြေမှန်ထွက်လာမှာပေါ့ဗျာ။ အခုတော့ ကျုပ်ရဲ့လုပ်ရပ်ကို ခင်ဗျား မသိသေးဘူးဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ပန်းကောက်ရွာသို့ ရောက်ရှိလာကြ၏။ ၄င်းရွာ၌ နှစ်ခေါက်ထက်မနည်း ရောက်ဖူးခြင်းသာဖြစ်ပေ၏။

ကျွန်ုပ်တို့ ရွာအတွင်းသို့ ဝင်လိုက်ကြ၏။

“ဦးနေမျိုးသူရဘယ်အိမ်လဲ”

“ကျုပ်တို့ရွာမှာ နေမျိုးသူရမရှိဘူးဗျာ”

ထိုသို့ပြောလိုက်သူသည် ကလေးငယ်တစ်ယောက်မဟုတ် အသက်သုံးဆယ်ဝန်းကျင်ရှိနေပေ၏။ ကျွန်ုပ်တို့သည် ခရီးဆက်ခဲ့ပြီးနောက် ရွယ်အလယ်သောက်ရေကန်အနား အရောက်တွင် အသက်နှစ်ဆယ်ကျော်လူငယ်တစ်ယောက်အား မေးလိုက်၏။

“ညီလေး ဒီနားမှာ ရောင်တစ်လုံးမောင်ထုံးဆိုတာ ရှိလား”

“ရောင်ထုံးကြီးနဲ့တောင်ဝှေ့ကြီး ကိုင်ထားတဲ့ ဘိုးတော်လိုလို အဘကြီးကို မေးတာလား”

“အေး… အဲဒီလူကြီးကိုမေးတာ”

“ဒီအချိန်လောက်ဆို ကြက်ဝိုင်းမှာရှိမယ်ထင်တယ်လားဗျာ”

ထိုစကားကြားလိုက်ရချိန်တွင် ကျွန်ုပ်တို့ လွန်စွာကျေနပ်သွားပေ၏။

ကျွန်ုပ်တို့သည် ရွာမြောင်ဝိုင်း ကြက်ပွဲသို့ ဦးတည်လျက်ရှိပေ၏။ ကြက်ပွဲသည် ပွဲကြည့်သူ လွန်စွာများ၏။ စည်းဝိုင်းအတွင်း





ကြက်နှစ်ကောင် အသေအလဲ ခွတ်နေကြသလို အားပေးသူများ
သံများသည် ဝန်းကျင်အား ဆူညံစေ၏။

ထိုအထဲ၌ ချမ်းသာသည့်ကျေးရွာသူဌေးများရှိသလို ၄င်း၏
တ်၌ လူယုံလူမိုက်များရှိနေ၏။ ကျေးရွာအသီးသီးရှိ လူမိုက်
ည်း ရောက်ရှိနေကြ၏။

ထိုအထဲ၌ မော်ဝင်သာဒင်နှင့် ယခု ကျွန်ုပ်နှင့်မိတ်ဆွေကြီး
မင်းမောင်တို့လည်း ရောက်ရှိနေကြ၏။ မော်ဝင်သာဒင်နှင့်
တို့သည် ကြက်ပွဲအား ကြည့်ရန် ရောက်ရှိလာကြခြင်းမဟုတ်။
လိုအပ်သူအား ရင်ဆိုင်ဖြေရှင်းဖမ်းဆီးရန်ဖြစ်၏။

ကျွန်ုပ်တို့သည် ရောင်တစ်လုံးမောင်ထုံးအား လိုက်ရှာနေ
သောနှင့်အတူ ဝိုင်းတစ်ခုလုံးအား အကဲခတ်ကြည့်နေပေကြ
စုံနံ့သာမင်းမောင်နှင့် ကျွန်ုပ်တို့သည် တစ်ယောက်နှင့်တစ်
အချက်ပေးသည့်အကြည့်များနှင့် ကြည့်နေကြ၏။

တွေ့ပြီ…

ကျွန်ုပ်တို့ရှာဖွေလျက်ရှိနေသည့် ရောင်တစ်လုံးမောင်ထုံး အား
မောင်ထုံးသည် လူအများစု၏ အလယ်၌ တောင်ဝှေ့ကြီး
ကားနှင့် ရှိနေပေ၏။ ကျွန်ုပ်တို့သည် ရောင်တစ်လုံးမောင်ထုံး
ခြအနေအား စောင့်ကြည့်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩရသည့်ဖြစ်ရပ်တစ်ခုပေါ်လာ၏။ ကျွန်ုပ်တို့အတွက် အခွင့်အရေးတစ်ခုနှင့် ကြုံတွေ့ရ၏။

"ဟိတ်ကောင်လေး ဟိုဘက်နည်းနည်းတိုးလို့ ပြောနေတာ မကြားဘူးလား"

"ဘယ်လိုလုပ်တိုးလို့ရမှာလဲဗျာ။ ဒီလောက်လူတွေ စိုက် ကြပ်နေတာ"

"ရသလိုတိုး နောက်တစ်ခါထပ်မပြောဘူးကွယ်"

"ပြောလို့လဲရမှာ မဟုတ် အဖိုးကြီးရာ"

လူငယ်သည် ထိုသို့ပြောပြီး လက်ထဲ၌ရှိသည့်ငွေစက္ကူများ အား ပစ်ချ၍ ထပ်လောင်းလိုက်၏။ တစ်ဖက်မှာ တွန်းလိုက်သည် အတွက် ရောင်တစ်လုံးမောင်ထုံး၏ဘေးသို့ တွန်းလိုက်သလိုဖြစ်သွား ပေ၏။ ရောင်တစ်လုံးမောင်ထုံးသည် တစ်ဖက်သို့ ယိမ်းယိုင်သွား၏

"ဒီကောင်လေး ကျုပ်ကို တယ်စော်ကားပါလားကွ သေပေတော့"

"ဒုတ်…"

"အမလေးဗျ၊ သက်ကြားအိုအဖိုးကြီး တယ်စော်ကားတယ်"

လူငယ်လေးသည် ခေါင်းအားပွတ်၍ ပြောနေပေ၏ ရောင်တစ်လုံးမောင်ထုံးသည် လူငယ်လေးအား တောင်ဝှေ့နှင့် ခေါင်း





အား ရိုက်လိုက်ခြင်းဖြစ်၏။

"ဟိတ်ကောင် ငါ့ကို ဓားပေးစမ်း၊ ဒီအဖိုးကြီးကို ဒီမှာပဲ ရှင်းပစ်တာကောင်းပါတယ်ကွာ"

"ကြက်ပွဲက ရှုံးရတဲ့ကြားထဲ စိတ်ကို အနှောင့်အယှက် ပေးနေပြန်ပြီ"

ကြက်ပွဲ၌ ကြည့်နေသူများ ရုတ်ရုတ်ဖြစ်နေချိန်တွင် စုံနံ့သာ မင်းမောင်သည် ရောင်တစ်လုံးမောင်ထုံး၏အနီးသို့ ရောက်ရှိသွား၏။

"ရောင်တစ်လုံး"

"မောင်ရင်က ဘယ်သူလဲ၊ ကျုပ်ကိုဘာလို့ခေါ်တာလဲ"

"ကျုပ်နာမည် စုံနံ့သာမင်းမောင်"

"ဘာ… ဘယ်လို"

ရောင်တစ်လုံးမောင်ထုံးသည် လွန်စွာ အံ့ဩသွားပေ၏။

စိတ်ထဲ၌ လွန်စွာတုန်လှုပ်သွားပေ၏။ ၎င်း၏အသိများသည် စုံနံ့သာမင်းမောင်သည် လိုအပ်သူများအား ဖမ်းဆီးနေသည်ဟု သတင်း ရထား၏။ ယခု ၎င်းအား လာရောက်ဖမ်းဆီးတာလားဟု တွေးနေမိ ပေ၏။ စုံနံ့သာမင်းမောင်သည် သိုင်းပညာတတ်မြောက်သလို ဘယ်လူမိုက်မျိုးမှ ယှဉ်ပြိုင်တိုက်ခိုက်နိုင်သူမရှိဟု နာမည်ကျော်သလို လူမိုက်များအား ဖမ်းဆီးသည့်နေရာ၌ လွန်စွာကျွမ်းကျင်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



မောင်ထုံးကြားဘူးပေ၏။

မောင်ထုံးသည် စုံနံ့သာမင်းမောင်အနားသို့ ရောက်ရှိလာပေ၏။ အားလုံးသည် မောင်ထုံးအား ကြည့်နေကြပေ၏။ ကျွန်ုပ်သည် မလှမ်းမကမ်း၌ ရှိနေပေ၏။ တစ်ဖက်ရှိသူများ ရင်ဆိုင်လာလျှင် ကာကွယ်ရန်သာဖြစ်၏။

စုံနံ့သာမင်းမောင်သည် စီးကရက်အား လက်၌ကိုင်၍ ရောင်တစ်လုံးမောင်ထုံးအား ကြည့်နေသလို ကျွန်ုပ်လက်တစ်ဖက်သည် လွယ်အိတ်အား ကိုင်ဆောင်ထားပေ၏။ စုံနံ့သာမင်းမောင်သည် မောင် ရှင်မင်းသားတစ်ယောက် အမူအယာနှင့် ရပ်နေသည့်အတွက် အထင်မသေးရဲအောင်ဖြစ်နေပေ၏။

"ခင်ဗျား စနေသားကိုသိတယ်မဟုတ်လား၊ အဖိုးပေါက်တူးနဲ့ ဆွေမျိုးမကင်းဘူးဆို"

"သိပါတယ်"

"ကျုပ်နဲ့ခဏလိုက်ခဲ့ပါ စကားပြောစရာရှိလို့"

"ကျုပ် ကြက်ပွဲလောင်းထားလို့ပါ"

"မကြာပါဘူး အဖိုးပေါက်တူးကလည်း ခင်ဗျားနဲ့တွေ့ချင် စောင့်နေပါတယ်"

ရောင်တစ်လုံးမောင်ထုံးသည် စုံနံ့သာမင်းမောင်အား





မလည်စွာဖြင့် ကြည့်လိုက်ပေ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်အား သောက်၍ကြည့်နေပေ၏။ တကယ်တော့ ရောင်တစ်လုံးမောင်ထုံးသည် အဖိုးပေါက်တူးနှင့်အသက်ရွယ်တူ ဆိုးမိုက်ခဲ့ကြတာချင်းအတူတူဖြစ်နေပေ၏။

စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား အချက်ပေး၍ ရောင်တစ်လုံးမောင်ထုံးအား ဖမ်းဆီးရန် ပြောလိုက်ပေ၏။ ကျွန်ုပ်သည် မောင်ထုံး၏အနားသို့ကပ်၍ခေါ်လိုက်၏။ မောင်ထုံးသည် ကျွန်ုပ်အား အံ့သြစွာကြည့်လိုက်၏။ နောက်ဆုံး ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာခဲ့ပေတော့၏။

***

သုံးရက်ပြည့်သည့်နေ့…

ထိုနေ့သည် လူမိုက်လောက၌ ဖြစ်ပေါ်လာသည့် သတင်းတစ်ခုအား စောင့်မျှော်နေကြပေ၏။ အချိန်သည် တောင်ဆွယ်နေကွယ်ရန် နီးကပ်လျက်ရှိနေပေ၏။ တောင်ကုန်း၏တစ်ခုပေါ်၌ အနက်ရောင်မားသမားနှစ်ယောက် ကျောချင်းကပ်လျက်ရပ်နေကြပေ၏။

၎င်းတို့၏ လက်ထဲ၌ ဓားရှည်များ ကိုင်ထားသလို ပတ္တူ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဆေးရွက်ဆေးလိပ်များအား သောက်နေကြပေ၏။ လေနုကြမ်းများသည် တိုက်ခတ်လျက်ရှိပေ၏။ ပင်းယံထက်၌ရှိနေသည့် ရေရွက်ဝါများသည် လွင့်စင်၍မြေပြင်ထက်သို့ ကျလျက်ရှိ၏။ ကုန်းပေါ်၌ကြီးမားသည့်အပင်များရှိ၏။

''ရောင်လေး''

''ဘာလဲ ကျားရိုင်း''

''ကျုပ်တို့ကို ရင်မဆိုင်ရဲတာနဲ့ မော်ဝင်သာဒင်ဆိုတဲ့ လူကြီးပြန်လှည့်သွားပြီနဲ့တူတယ်''

''ကျုပ်တို့နဲ့ ရင်ဆိုင်လည်း သူ့အလောင်းကို သူကိုယ်တိုင်ထမ်းပြီး ပြန်ရမှာပေါ့ဗျာ။ ကျားရိုင်းဆိုတဲ့အကောင်က အဲဒီလောက်သတ္တိမရှိဘဲ ဘယ်ရင်ဆိုင်ပါ့မလဲ''

၎င်းတို့၏ စကားသံများသည် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးလျက်ရှိနေပေ၏။ စိတ်ဓာတ်များ တက်ကြွနေပေ၏။ မော်ဝင်သာဒင်အား အနိုင်တိုက်ခိုက်နိုင်လျှင် လူမိုက်လောက၌ နာမည်ကြီးသင့်လူမိုက်လောကအား လွှမ်းမိုးနိုင်၏။

လက်ရှိဘဝ၌ မော်ဝင်သာဒင်သည် ဘယ်လိုလူမိုက်တွေအနိုင်တိုက်ခိုက်သူမရှိ...

''ကျုပ်ကလည်း အဲဒီလူကိုပဲ စောင့်နေတာလားဗျာ''





ထွက်ပေါ်လာသည့်အသံအား လိုက်ရှာနေကြ၏။

အသံပိုင်ရှင်သည် ကုက္ကိုပင်၏ခွကြား၌ ထိုင်နေ၏။ ၎င်းသည် ခပ်ပွပွဘောင်းဘီရှည်အား ပတ်ခင်ထားသလို မဖလာတစ်ခုအား ခေါင်း၌ ပေါင်းထား၏။ ဆေးပြင်းလိပ်အား ကိုက်ခဲပြီး ၄က်ကြီးတောင်ဓားရှည်အား ကျော၌လွယ်ထား၏။

''ဟာ... မော်ဝင်သာဒင် ဘယ်တုန်းက ဒီအပင်ပေါ်ရောက်နေတာပါလိမ့်''

၎င်းတို့သည် လွန်စွာ အံ့သြတုန်လှုပ်ကြပေ၏။ အကြည့်များသည် မော်ဝင်သာဒင်အား အကြည့်ရောက်သွားကြပေ၏။ သာဒင်သည် ပေနှစ်ဆယ်ဝန်းကျင်မြင့်သည့် ကုက္ကိုပင်ပေါ်မှ ခုန်ဆင်းလိုက်ပေ၏။ မြေပြင်ပေါ်သို့ မတ်ရပ်ကျလာပေ၏။

''ဘယ်မှာလဲ...မောင်ရင်တို့ရဲ့ဆရာကြီး''

''ကျုပ်တို့ကို အနိုင်တိုက်ပါ''

''ဒီသဘောလား ကျုပ်ဆိုတဲ့လူကို စိန်ခေါ်ရဲတဲ့သတ္တိရှိတာချီးကျူးပါတယ်။ တစ်ခုတော့ ကြိုတင်ပြောထားမယ်နော်။ ကျုပ်ကိုမနိုင်လို့ကတော့ မောင်ရင်တို့ရဲ့ဆရာလည်း သေပြီး မောင်ရင်တို့ရဲ့ဆွေမျိုးအားလုံးကိုပါ တစ်ယောက်မကျန်အပြတ်ရှင်းမှာနော်။ အဲဒါကြိုတင်စဉ်းစား ကျုပ်ရဲ့ဓား အပြင်မရောက်ခင် အချိန်ရှိသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်ကြားဘူးတယ် မဟုတ်လား၊ ကျုပ်ခုတ်ကျ ငုတ်မကျန်ဆိုတာ ကျုပ်ဆိုတဲ့သာဒင်က ရှာပါ မီးနဲ့ရှို့မှာ"

ကျားရိုင်းသည် ဓားအားဆွဲထုတ်လိုက်၏။

မော်ဝင်သာဒင်အား ကြည့်လိုက်သလို ခနဲ့ပြုံး ပြုံးလိုက်၏။

"အရာအားလုံးကို ဆုံးဖြတ်ပြီးမှ လာခဲ့တယ်ဆိုတာ သဘော ပေါက်ထားစမ်းပါ"

"ကောင်းပြီလေ မောင်ရင်တို့က ကျုပ်ရဲ့တောင်းဆိုမှုကို လက်မခံဘူးဆိုတဲ့ သဘောပေါ့။ ဒါဆို ဓားကိုထုတ်ပြီး ကျုပ်ကို ခုတ်ပေတော့ ကျုပ်က အကြီးဆိုတော့ အခွင့်အရေးပေးလိုက်တာပဲ"

"ဟေ့...ကြာတယ်ကွာ တိုက်ကွာ"

ထိုသို့ပြောအပြီး၌ ရောင်လေးသည် ဓားရှည်အား လက်နှစ် ဖက်ဖြင့် ဆုတ်ကိုင်လိုက်ပေ၏။ ထို့အတူ ကျားရိုင်းသည် ဓားအား ဆွဲထုတ်လိုက်ပြီး ခြေနှစ်ဖက်အား ကားလိုက်ပေ၏။ ထို့နောက် ရောင် လေးသည် ရှေ့သို့ခြေသုံးလှမ်းတိုး၍ မော်ဝင်သာဒင်အား တိုက်ခိုက် လိုက်ပေ၏။

ထို့နောက် ကျားရိုင်းသည် မော်ဝင်သာဒင်အား ဝင်ရောက် တိုက်ခိုက်လျက်ရှိပေ၏။

၎င်းတို့သည် ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ပြိုင်တူ





တိုက်ခိုက်လျက်ရှိရာ သာဒင်သည် ရှောင်လိုက်ပေ၏။

ထို့နောက် ရောင်လေးနှင့်ကျားရိုင်းတို့သည် သာဒင်အား ပြိုင်တူဝင်ရောက်တိုက်ခိုက်လိုက်၏။ ဓားများသည် သာဒင်၏ရင်ဝ သို့ ဦးတည်လာနေပေ၏။

"ယား..."

သာဒင်သည် အတွင်းအားသုံး၍ လေပေါ်သို့ခုန်တက်၍ ရှောင်လိုက်ရာ၌ လေပေါ်သို့ မြောက်တက်နေပေတော့၏။ ရောင်လေး နှင့်ကျားရိုင်းတို့သည် ရှေ့သို့တစ်လှမ်းတိုး၍ ခုတ်ပိုင်းနေကြ၏။ သာဒင်သည် အနောက်၌ မတ်ရပ်ကျသွားပေ၏။

"ခင်ဗျားတို့ တယ်ညံ့ပါလားကွယ်။ အဲဒီတော့ ကျုပ် အလှည့်ရောက်ပြီပေါ့"

"ဗွီ..."

"ချွင်..."

သာဒင်သည် ဓားအား အိမ်အတွင်းမှ ဆွဲထုတ်လိုက်ပေ တော့၏။

ဓားရောင်သည် ဝင်းလက်လျက်ရှိနေပေ၏။ သာဒင်၏ ဓား သည် လူ့အသက်ကိုသတ်ရန်ခက်နေသလို ဓားအိမ်အပြင်သို့ထုတ်ရန် လည်း မလွယ်ကူ...



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်သည်နှင့် လူတစ်ယောက်အား အပြတ်ရှင်းတတ်ပေ၏။

"မောင်ရင်တို့အလှည့်ပြီးလျှင် ကျုပ်အလှည့်ပဲ"

သာဒင်သည် ရှေ့တစ်လှမ်းတိုး၍ ရောင်လေးအား တိုက်ခိုက်ဟန်ပြင်ပြီးနောက် ကိုယ်တစ်ပတ်လှည့်၍ ကျားရိုင်းအား ဖြတ်ခုတ်လိုက်ပေ၏။

"အု..."

ကျားရိုင်းသည် အနောက်သို့လွင့်စင်ထွက်သွား၏။ နီရဲသည့်သွေးများ ဖိတ်ဆင်ထွက်ကျလာပေ၏။ ကျားရိုင်း၏ ရင်ဝသည် ခြောက်လက်မခန့် ကွဲသွားပေ၏။ ကျားရိုင်းသည် အနောက်သို့ လွင့်စင်ထွက်သွား၏။

မြင်ကွင်းသည် လွန်စွာအံ့သြစရာကောင်းပေ၏။ ရောင်လေးသည် သာဒင်အား တိုက်ခိုက်လာပြန်၏။ အသင့်ဖြစ်နေသည့် သာဒင်သည် ရောင်လေးအား ပြတ်ခုတ်လိုက်၏။ အရှိန်သည် လွန်စွာပြင်းထန်လျက်ရှိပေ၏။ ရောင်လေး၏ဓားသည် မြေပေါ်သို့လွင့်ကျသွား၏။ ထိုအချိန်တွင် သာဒင်သည် ကိုယ်တစ်ပတ်လှည့်၍ ခုတ်ချလိုက်၏။

"အု..."





"အမလေးဗျ"

ရောင်လေးသည် အနောက်သို့ လွင့်သွား၏။

သာဒင်သည် ရှေ့သို့တိုး၍ ရောင်လေး၏ရင်ဝအတွင်းသို့ ထိုးသွင်းလိုက်ပေ၏။ ၄င်းသည် ပြင်းထန်သည့်ဒဏ်ရာနှင့် မြေပေါ်သို့ လဲကျသေဆုံးသွားပေ၏။

ထိုမြင်ကွင်းကြောင့် ကျားရိုင်းသည် လွန်စွာ အံ့သြသွားပေ၏။ တကယ်တော့ သာဒင်၏ဓားချက်သည် လွန်စွာ လျှို့ဝှက်သလို သွက်လက်လျင်မြန်လျက်ရှိ၏။ ရောင်လေးသည် မော်ဝင်သာဒင်၏ လှုပ်ရှားမှုအား အထင်သေးမှုကြောင့် ထိုသို့ဖြစ်ရပေ၏။

ကျားရိုင်းသည် အသက်အသေခံ၍ တိုက်ရမှာလား၊ နောက်ဆုတ်၍ပြေးရမှာလား စဉ်းစားနေရ၏။ မော်ဝင်သာဒင်စကားရှိနေသည်။ ကျုပ်ပြင်ခုတ်၊ ကျုပ်ငုတ်မကျန်ဟု ကြိမ်းဝါးထားသည့်အတွက် နောက်ဆုတ်ထွက်ပြေးရန် မဖြစ်နိုင်အောင်ခက်နေ၏။

"ဟော့ကောင်... ဘာလို့နောက်ဆုတ်နေရတာလဲ၊ ကျုပ်စကားကို မှတ်မိတယ်မဟုတ်လား သာဒင် ဓားအပြင်မရောက်စေနဲ့ ဆိုတဲ့စကားကိုလေ"

ထိုသို့ပြောအပြီး၌ သာဒင်သည် ရှေ့သို့ ခြေသုံးလှမ်းတိုးလိုက်ပေ၏။ လက်ထဲ၌ကိုင်ထားသည့် ဓားရှည်သည် အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ လက်မြောက်၍ကျောနှင့်ကပ်ထားသည့်အတွက် ရင်တစ်ခုလုံး လေဟာပြင်ကဲ့သို့ ဖြစ်နေပေ၏။

ကျားရိုင်းသည် အနောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပေ တော့၏။ မျက်လုံးများသည် သာဒင်၏တိုက်ခိုက်မှုအား သေချာကြည့် နေပေတော့၏။

သာဒင်သည် ခြေနှစ်ဖက်အား နေရာယူ၍ ကျားရိုင်းအား ရင်ဆိုင်ရန် အသင့်ပြင်နေ၏။ တကယ်တော့ ကျားရိုင်းသည် ဒဏ်ရာ များရရှိထားပေ၏။

''ဟိတ်''

သာဒင်သည် ညာခြေအား ရှေ့တိုးဟန်ပြင်လိုက်ပေ၏။ ကျားရိုင်းသည် ဘယ်ခြေဘက်အား တိုးလိုက်ချိန်နှင့်…

''ရော''

ရှောင်တိမ်းရန် ခက်သွားပေ၏။

''အု…''

သာဒင်သည် ညာခြေလှမ်းပြလိုက်ပြီးနောက် ဘယ်ခြေအား ထောက်၍ ကိုယ်တစ်ပတ်လှဲကာ ပြတ်ခုတ်လိုက်၏။ ကျားရိုင်း၏ ရင်ဝသို့ ဖြတ်ထိသွား၏။ ဒဏ်ရာသည် လွန်စွာပြင်းထန်သည့်အတွက် ကြောင့် မြေပေါ်သို့ ကျသွားပေတော့၏။





ကျားရိုင်းသည် တောင်းပန်သည့်အကြည့်နှင့် ကြည့်နေပေ ၏။ သာဒင်ဆိုသည့်လူမိုက်ကြီးသည် ပြောတိုင်းလုပ်တတ်သည့် အတွက် ရက်စက်သည့်မျက်လုံးများနှင့်ကြည့်လိုက်ပြီးနောက် ၄င်းတို့ အား ကျောခိုင်းထွက်သွားပေတော့၏။ ဝန်းကျင်သည် တိတ်ဆိတ်၍ အမှောင်ထုအား လွှမ်းမိုးလျက်ရှိနေပေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## "စောနန္ဒီနှင့်အပေါင်းအပါများ"

ကျားရိုင်းတို့ အသတ်ခံလိုက်ရသည့်အတွက် လူမိုက်လောက၌ တုန်လှုပ်သွားပေ၏။

ငင်းတို့နှင့်ပတ်သက်သူများသည် သာဒင်ရောက်ရှိလာမှာကို ကြောက်ရွံ့နေကြ၏။ တကယ်တော့ သာဒင်သည် အမှန်တရားဘက်၌ ရပ်တည်သည့်လူမိုက်တစ်ယောက်ဖြစ်၏။ ထိုအတွက်ကြောင့် မဟုတ်တာတစ်ခုမှ မလုပ်တတ်။





လုပ်နေသူအား သတိပေး၏။ နောက်ဆုံးအပြတ်ရှင်းတတ်၏။ သာဒင်လူမိုက်လောက၌ ပျောက်သွားခဲ့သည်မှာ ကြာနေသော်လည်း ယခု ပြန်လည်ရောက်လာသည်နှင့် နာမည်ကျော်လူမိုက်နှစ်ယောက်အား အပြတ်ရှင်းလိုက်ပေ၏။ ငင်းအတွက် ပတ်သက်သူအားလုံးကြောက်ရွံ့တုန်လှုပ်ကုန်ကြပေ၏။ လူမိုက်လောက၌ ဘာများဆက်ဖြစ်လာကြဦးမလဲဆိုတာ စောင့်ကြည့်နေတတ်ကြပေ၏။

ယခု ကျွန်ုပ်နှင့်စုံနံ့သာမင်းမောင်တို့သည် စံအိမ်ကြီးအားထွက်လာခဲ့ကြပေ၏။

နေမျိုးသူရခေါ် ရောင်တစ်လုံးမောင်ထုံး၏ ထွက်ဆိုချက်များကြောင့် စံအိမ်အား ဦးတည်လာခဲ့ပေ၏။ ထိုသို့ထွက်လာခဲ့ရာ၌ ဘာလုပ်မည်၊ ဘယ်သူအားဖမ်းဆီးမည်ဟု ကြိုတင်ပြောပြချင်းမရှိ၊ တရားခံတစ်ယောက်အား ဖမ်းဆီးမည်ဟုသာ ပြောထား၏။ ငင်းအတွက် ကျွန်ုပ်လည်း မေးခြင်းမရှိ။

မေးလျှင်လည်း ဖြေခြင်းမရှိသည့်အတွက် မမေး၍လိုက်လာလျက်ရှိ၏။ တခြားအကြောင်းကိုသာ မေးခြင်းဖြစ်၏။

"ကိုမင်းမောင် ခင်ဗျာ မမင်းသော်ကို စိတ်ဝင်စားနေတယ်မဟုတ်လား"

"တရားခံတစ်ယောက်လိုပဲ မြင်နေတယ် ကိုအောင်သိန်း"



www.burmeseclassic.com

www.burmeseclassic.com



“ဘာကြောင့် ဒီစကားပြောတာလဲ ကိုမင်းမောင်”

စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အားတစ်ချက်ကြည့်၍ စီးကရက်ဖွာရှိုက်၍ ခေါင်းတစ်ချက်ညိတ်လိုက်ပေ၏။

“ကျုပ်တို့က တရားခံဖမ်းနေတဲ့ စုံထောက်တွေလေဗျာ။ လူသားတစ်ယောက်ကို တရားခံလိုသဘောထားတာ အပြစ်ရှိလား။ ခင်ဗျားပြောတာကို အစကောက်ပြီး ပြောရရင် မမင်းသော်ကို ကျုပ် စိတ်ဝင်စားတယ်။ ပြုစုယုယမှုတွေကိုလည်း ကျေနပ်တယ်ဗျာ။ အရှင်း ဆုံးပြောရရင် ကျုပ် မမင်းသော်ကိုချစ်တယ်ဗျာ။ အဲဒါတွေကို ရင်ထဲ မှာပဲ သိမ်းထားတော့မယ်ဗျာ”

“ကျုပ်ခင်ဗျားရဲ့စိတ်ဓာတ်ကို နားလည်ပါတယ် ချီးကျူး မိပါတယ်ဗျာ”

ကျွန်ုပ်တို့သည် စံအိမ်ကြီး၏အနီးသို့ရောက်ရှိလာပေ၏။ စကားမပြောရန် ကြိုတင်သတိပေးလိုက်သည့်အတွက် ကျွန်ုပ်သည် တိတ်ဆိတ်စွာနေလိုက်သလို အသင့်လည်းပြင်ထား၏။

“ဒီနေ့ဟာ ကျုပ်တို့အတွက် ကောင်းသောအချိန်ပဲ ကို အောင်သိန်း၊ အဲဒီအတွက် ကောင်းတဲ့အလုပ်တစ်ခုကို လုပ်ရမယ်။ လွယ်ချင်လည်းလွယ်မယ်၊ ခက်ခဲရင်လည်းခက်ခဲလိုက်မယ်။ သေချာ တော့ မပြောတတ်ဘူး။ အဲဒီအတွက် သတိထားရမယ်။ ရန်သူတို့





အထင်သေးရင် ကျုပ်တို့အတွက် ကြီးမားတဲ့နောင်တရတာပဲ ကိုအောင် သိန်း”

ထိုစကားသည် ကြိုတင်ပြောထားသည့်စကားပင်ဖြစ်၏။ ၄င်းကြောင့် ကျွန်ုပ်သတိနှင့်ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်၏။ ကျွန်ုပ် တို့ လူစုခွဲ၍ တစ်ယောက်တစ်နေရာ၌ နေရာများယူထားလိုက်ကြ၏။

စုံနံ့သာမင်းမောင်သည် စံအိမ်ပေါ်သို့ လျှို့ဝှက်တိတ်လိုက် ကြပေ၏။

ထို့နောက်…

စံအိမ်အတွင်း၌ စကားပြောသံကြားလိုက်ရ၏။ သခင်မကြီး နေထိုင်သည့်အခန်းအတွင်း၌ဖြစ်၏။ သခင်မကြီးသည် အိပ်ခန်း၌ ထိုင်နေလျက် ၄င်း၏ရှေ့၌ ဝတ်စုံဖြူနှင့်မိန်းကလေးတစ်ယောက်ရပ် နေပေ၏။ လက်ထဲ၌ ဝင်းလက်လျက်ရှိသည့် ဓားရှည်တစ်ချောင်း အား ကျစ်ကျစ်ပါအောင်ဆုတ်ကိုင်ထား၏။

“ဒီနေ့သုံးရက်ပြည့်ပြီ သခင်မကြီး၊ ကျွန်ုပ်ပြောတဲ့အဖြေ စဉ်းစားထားပြီးပြီလား”

“ကျွန်ုပ်ပြောထားတဲ့စကားကိုရော သင်တို့စဉ်းစားပြီးပြီ လား။ ကျွန်ုပ်ရဲ့သမီးတော် စောဒေဝီလက်ထဲအပ်တဲ့နေ့မှာ ကျွန်ုပ် ပိုင်ဆိုင်တဲ့ရတနာတွေအားလုံးပေးမယ်လို့ ပြောထားပြီးသားပဲ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုမှ မဟုတ်ရင် မလာပါနဲ့လို့ မှာလိုက်တာပဲ။ သင်တို့မေ့နေပြီလား"

"ကျွန်ုပ်လက်ထဲကို နန်းစဉ်ရတနာတွေအပ်တဲ့နေ့ရဲ့နောက် နေ့မှာ လာရောက်ပို့ပေးမယ်ပြောပြီးတာပဲ။ ဘာလို့ခေါင်းမာနေရတာလဲ ဒီတစ်ခါတော့ ခွင့်မလွှတ်ဘူးဆိုတာ သိရဲ့လား"

စောနန္ဒီသည် ထိုသို့ပြောအပြီး၌ ခါးအားပြင်လိုက်ပြီး ဒေါသ မျက်လုံးများနှင့် ကြည့်လိုက်၏။ သခင်မကြီးသည် မည်သို့ပင်ဆိုစေ ကာမူ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ နံရံ၌ ချိတ်ဆွဲထားသည့် နန်းစဉ် ရတနာဓားအား အကြည့်ရောက်နေပေ၏။

"သင်တို့စဉ်းစားကြည့်စမ်းပါ။ မိခင်တစ်ယောက်ဟာ ရွှေ နှင့်လွှယ်မွေးထားတဲ့သားသမီးတစ်ယောက်ကို ဘယ်လောက်ချစ်ကြ မလဲဆိုတာ မိခင်တိုင်းဟာ သားသမီးကလွဲပြီး ဘယ်အရာကိုမှ ပိုပြီး မချစ်နိုင်ကြဘူး။ တန်ဖိုးလည်း မထားကြဘူး။ သားသမီးတစ်ယောက် အတွက်ဆို ဘာပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲသောကရောက်ပါစေ အရောက်ခံရဲကြပါတယ်။ ကျွန်ုပ်ရဲ့သမီးကိုသာ ကျွန်ုပ်ရဲ့လက်ထဲကို ထည့်နိုင်မယ်ဆိုရင် သင်တို့လိုချင်တဲ့နန်းစဉ်ရတနာများမပြောနဲ့ ကျွန်ုပ် ရဲ့အသက်ကိုပါ သတ်သွားလို့ရတယ်"

"အဲဒါကို ကျွန်ုပ်မသိချင်ဘူး။ ကျွန်ုပ်လိုချင်တာက ကျွန်





မည်းတော်ပိုင်ဆိုင်ထားတဲ့ ရတနာပစ္စည်းတွေပဲ။ အဲဒါတွေ မရရင် ်ုပ်ကတော့ ရအောင်ယူရမှာပဲ"

အခြေအတင်ပြောနေကြ၏။ ဝန်းကျင်တစ်ခုလုံးအား လွှမ်းမိုး သလို ဖြစ်နေပေ၏။ ၎င်းတို့၏ မလှမ်းမကမ်း၌ စုံနံ့သာမင်း င်ရှိနေ၏။

စုံနံ့သာမင်းမောင်ရှိနေသည်ကို ဘယ်သူမှမသိကြအောင် နေပေ၏။ ၎င်းသည် အခြေအနေအား စောင့်ကြည့်နေကြ၏။ သည် ညဉ့်နက်ပိုင်းသို့ရောက်ရှိလာ၏။ သတ်မှတ်ထားသည့် ရောက်ရှိနေ၏။

အပြင်ဘက်၌ တိုက်ခိုက်သည့်အသံကြားချိန်၌ ဝတ်စုံဖြူ လေး ထွက်ပြေးရန်ပြင်ချိန်၌ ပြတ်သားသည့်အသံတစ်ခု ထွက် ၏။

"ဟိတ်... မိန်းကလေး မပြေးနဲ့ ရပ်လိုက်"

အဖြူရောင်မိန်းကလေးသည် အနောက်သို့လှည့်ကြည့်လိုက် နံ့သာမင်းမောင်သည် သေနတ်ထုတ်၍ချိန်းထားလိုက်၏။

စောနန္ဒီသည် ဘာပြောရမှန်းမသိအောင်ဖြစ်သွား၏။ လက်ထဲ ထားသည့်ဓားအား လွှတ်ချရမည်လား၊ ကိုင်ထားသည့်ဓားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ခုတ်ရမည်လား စဉ်းစားမရခင်အချိန်တွင်···

"စောနန္ဒီ မင်း ဘယ်သူဆိုတာ ယောင်တစ်လုံးမောင်း ပြောပြထားလို့ ကျုပ်အားလုံးသိထားပြီးပြီ၊ ထွက်ပြေးဖို့ မကြိုးစာ နဲ့ အဖမ်းခံပါ"

"ကျွန်မ အဖမ်းမခံဘူး"

"ကျုပ်လက်ထဲက သေနတ်က လူမရွေးဘူး။ ခင် ကျုပ်တို့ကိုပါ စော်ကားတယ် ကျုပ်တို့ရဲ့စေတနာကို နားလ မပေးဘူး။ အဲဒီအတွက် ကျုပ် ခင်ဗျားအပေါ် နားလည်မှုမပေး ဘူး စောနန္ဒီ"

စောနန္ဒီသည် ရုတ်တရက်ဘာပြောရမှန်းမသိအောင် သွား၏။

တင်းမာနေသည့်မျက်နှာသည် စုံနံ့သာမင်းမောင်၏ ကြောင့် ကြေကွဲမှုများ လွှမ်းမိုးလာပေ၏။ စုံနံ့သာမင်းမောင် သေနတ်ပစ်ချိန်၌ တစ်လှမ်းချင်းတိုးကပ်လာပေ၏။

စုံနံ့သာမင်းမောင်သည် မလှမ်းမကမ်းအရောက်တွင် စကားဆိုလိုက်ပေ၏။

"ခင်ဗျားတို့ရဲ့ ရက်စက်မှုတွေကြောင့် မဖြစ်သင့်တာ





ဖြစ်ကုန်ကြတယ်။ မကြေကွဲသင့်မယ့်ကြေကွဲကုန်ကြရတာတွေတယ်။ ကျုပ်ဟာ ခင်ဗျားတို့လို ရက်စက်ဖို့ အမြဲတမ်းကြိုးစားနေတယ် မရခဲ့ဘူး။ အဲဒီအတွက် ခင်ဗျားတို့ လွန်စွာ ကံကောင်းတယ်မှတ်ပါ။ ကျုပ်ကိုအာဏာလွှဲထားတယ်။ အသက်အန္တရာယ်ပြုလာသူကို အပြတ်ရှင်းခွင့်ပေးထားတယ်။ ကျုပ် ခင်ဗျားကို သေနတ်နဲ့ပစ်သတ်လို့ရတယ်ဆိုတာ မှတ်ထားလိုက်စမ်းပါ။ နောက်ဆုံးစကားတစ်ခွန်းပြောမယ်ဗျာ။ လက်ထဲမှာ ကိုင်ထားတဲ့ဓားကိုချပြီး အေးအေးဆေးဆေး အဖမ်းခံပါ"

စုံနံ့သာမင်းမောင်သည် ထိုသို့ပြောအပြီး သေနတ်မောင်းအား တင်းလိုက်၏။ စောနန္ဒီသည် သေနတ်မောင်းတင်သည့်အသံအား ကြားလိုက်ရ၏။ လက်ထဲ၌ကိုင်ထားသည့်ဓားအား အသာချလိုက်၏။ ၄င်းအချိန်၌···

"ဒိုင်း···"

"အု···"

မျှော်လင့်မထားသည့်အချိန်၌ စုံနံ့သာမင်းမောင်သည် အသင့်ပြင်ထားသည့်သေနတ်ဖြင့် ပစ်လိုက်၏။

အားလုံးတုန်လှုပ်ခြောက်ခြားသွားသလို အံ့သြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

စောနန္ဒီသည် အရာဝတ္ထုတစ်ခုထံ ဦးတည်နေ၏။ စောနန္ဒီသည် လဲကျသွားသူထံ သောကများနှင့် ပြေးနေလျက်ရှိ၏။

"သြော်… လူတွေ… လူတွေ၊ တယ်ပြီးရယ်စရာကောင်းပါလား၊ သွေးထိတော့လည်း နှာတတ်လိုက်တာ လွန်းပါရောလား ဗျာ"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် ကျေနပ်ခြင်းများစွာဖြင့် စီးကရက်အား နှစ်ခြိုက်စွာ ဖွာရှိုက်လိုက်ပေတော့၏။

***

တစ်နေ့သ၌…

ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့ နောက်ထပ်တရားခံတစ်ဦးအား ဖမ်းဆီးရန်အတွက် မဒဲရွာဘက်သို့ ခရီးထွက်ခဲ့ကြပေ၏။





မဒဲရွာသည် လူဆင်းရဲများထက်လူချမ်းသာများက ပိုလျက်ရှိ၏။ တစ်ရွာလုံးအိမ်ကြီးအိမ်ကောင်းများရှိသလို ရှေ့ဟောင်းအိမ်ကြီးများလည်း လွန်စွာပေါ၏။ မဒဲရွာအား မသဲရွာဟုခေါ်ကြပေ၏။ သူဌေးမကြီး မဒဲအား အစွဲပြု၍ ခေါ်ကြခြင်းပင်ဖြစ်၏။ ကျွန်ုပ်တို့သည် မဒဲရွာသို့ ဦးတည်လျက်ရှိပေ၏။

၎င်းရွာသို့ မရောက်ချင်အချိန်၌ မော်ဝင်သာဒင်၏သတင်းအား ကြားရ၏။ သာဒင်သည် လူမိုက်လောက၌ရှိသည်၊ မရိုးသားသည့်လူမိုက်များအား ရှင်းသာ၏။

"သာဒင်ကို ဘာထင်သလဲ၊ သဘောကောင်းတယ်၊ ဓားထိုးပက်စက်တယ်။ အပြောကြီးတဲ့သူတွေကို ဓားနဲ့ပါးပါးနှီးပြီး ကြော်စားရဲတယ်။ အမျိုးကိုစော်ကားတဲ့လူတွေကို မာရဏမင်းထံ အပ်ပစ်မယ်"

ရက်စက်သည့်ကြိမ်းဝါးမှုတွေနှင့်အတူ မော်ဝင်သာဒင်သည် လူမိုက်တချို့အား သတ်ဖြတ်လိုက်၏။ ၎င်းသည် တစ်ဖက်သားအနိုင်ကျင့်သည့်သူ လူမိုက်လုပ်ပြီး ဓားမြတိုက်သူ ခိုးစားသည့်သူအားလုံးအား အပြတ်ရှင်းလိုက်၏။ ထို့အတူ အဓိကလူတစ်ယောက်အား မသတ်သေးဘဲ စာတစ်စောင်ပို့လိုက်၏။ ထိုစာအတွက် တုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်နေ၏။ သာခင်ရောက်ရှိလာမှာကို စိုးရိမ်လျက်ရှိ၏။

"ကိုမင်းမောင် ခင်ဗျား ဓော်ဝင်သာခင်ကို ဘယ်လိုမြင်သလဲ"

"ဒီလူက လူမိုက်ဆိုပေမယ့် မဟုတ်တာလုပ်တဲ့လူ မဟုတ်ဘူးဗျာ။ ကျုပ်တို့ရဲ့အမှုက သူ့ကြောင့်ပေါ်ရတာပဲ ကိုအောင်သိန်း"

"အဲဒါတော့ ကျုပ်လက်ခံတယ် ကိုမင်းမောင်၊ သူရောက်လာပြီး မွှေလိုက်တာနဲ့ အားလုံးပေါ်သွားတာပဲ"

ကျွန်ုပ်တို့သည် ရွာအတွင်းသို့ ဝင်ရောက်လာ၏။ ရွာအနောက်ဘက်မှ လိုချင်သူအား စုံစမ်းခဲ့ရ၏။ ကျွန်ုပ်တို့သွားလိုသည့် အိမ်ကြီးအား ရောက်လာ၏။ ၎င်းအိမ်ကြီးသည် ရှေ့ဟောင်းအိမ်ကြီးတစ်လုံးဖြစ်၏။ ကြီးမားသည့်အိမ်မဲကြီးတစ်လုံးဖြစ်သလို ခြံစည်းရိုး၌ ပုံနရိပ်အပင်များနှင့် ပိတ်ဆို့လျက်ရှိပေ၏။ ထို့အတူ ဝါးထရံများနှင့်လည်း ကာရံထားသည့်အတွက် အတွင်းသို့ မြင်တွေ့ရခြင်းမရှိအောင်ဖြစ်နေ၏။

ထိုခြံကြီးသည် ရွာမျက်နှာဖုံးသူဌေးကြီးတစ်ဦး ပိုင်ဆိုင်သည့်ခြံကြီးဖြစ်၏။ ကျယ်ဝန်းသည့်ခြံကြီး၌ လွန်စွာကြီးမားသည့်အိမ်ကြီးတစ်လုံးဖြစ်၏။





"မောင်ရင်တို့က ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ"

"သူဌေးကြီးမိတ်ဆွေရဲ့သားတွေပါ"

"ကျုပ်အဖေက သူဌေးကြီးထံ လွှဲမှာက်စာတစ်စောင် လာပို့င်းလို့ပါ"

အစောင့်သည် ကျွန်ုပ်တို့အား သေချာကြည့်နေပေ၏။

"ဟိတ်လူ ဘာလို့ကြည့်နေတာလဲ၊ သူဌေးကြီးကို သတင်းဗျာ၊ စာမယူဘူးဆိုလည်း ပြန်ရအောင် ဒီရွာမှာ အသိမိတ်ဆွေရှိဘူး"

စုံနှံ့သာမင်းမောင်၏ ပြတ်သားသည့်အသံပင်ဖြစ်၏။ ၎င်းသည် ကျွန်ုပ်တို့အား တစ်ချက်ကြည့်လိုက်၏။

"ခဏနေပါဦးဗျာ၊ ကျုပ် သွားမေးပေးမယ်"

အတွင်းသို့ ဝင်ရောက်သွားပေ၏။

ကျွန်ုပ်တို့သည် စံအိမ်ကြီးအတွင်းသို့ အကဲခတ်ကြည့်၍သတိထားနေရန် ပြောလိုက်ပေ၏။ ခဏအကြာ၌ ပြန်လည်ရောက်ရှိလာပေ၏။

"သူဌေးကြီးက ဝင်လာခဲ့ပါတဲ့ ပြောလိုက်တယ်ဗျာ"

ကျွန်ုပ်တို့အား တံခါးဖွင့်ပေးလိုက်ပေ၏။ ကျွန်ုပ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com

အတွင်းသို့ ဝင်လိုက်ပေ၏။ အိမ်အတွင်း၌ အင်းဒွေးအညိုကြီးမှာ သည် ကျွန်ုပ်တို့အား ကြည့်နေပေ၏။ အိမ်အပေါ်ထပ်၌ သူဌေးကြီး ထိုင်၍ ကွမ်းစားလျက်ရှိပေ၏။ ယွန်းကွမ်းအစ်ကြီးနှင့်သူဌေးကြီးသည် ကွမ်းစားလျက်ရှိ၏။ ဖဲပြားအဖြောင်စားအား ဝတ်ဆင်ထားသည် ခေါင်းအားပေါင်းထား၏။ ကြည့်လိုက်လျှင် နန်းမျိုးနွယ်စု၌ ပေါက်ဖွား လာသူတစ်ယောက်ဟု ထင်မိကြ၏။

"လာကြပြော... မောင်ရင်တို့က ဘာကိစ္စနဲ့ရောက်လာကြ တာလဲ"

"ဟုတ်ကဲ့ ကျုပ်က မြို့နေသူဌေးကြီး ဦးတုတ်ဖေရဲ့သားပါ"

"ဟော့... ကိုတုတ်ဖေရဲ့သားလား၊ အေး... မောင်ရင် အဖေကတော့ ပြောဖူးတာပဲ၊ မောင်ရင်ကို လွှတ်လိုက်ဖို့ဆိုတဲ့ အကြောင်း ကျုပ်ကလည်း သူ့ကိုလာပို့ခေါ်တာပဲ။ ဒါနဲ့ မောင်ရင် အဖေက ဘာမှာလိုက်သတုန်း"

"အဖေက ဦးလေးကို စာရေးပေးလိုက်တယ် ဦးလေးရဲ့ ပါ ကျုပ်တို့နဲ့တစ်ခါတည်းလိုက်ခဲ့ဖို့မှာလိုက်ပါတယ်။ ဒီမှာ အဖေ ရေးပေးလိုက်တဲ့စာပါ"

စိန့်သာမင်းမောင်သည် လွယ်အိတ်အတွင်း၌ ပါရှိလာသည်





စာအား ထုတ်၍ သူဌေးကြီးအား ရိုသေစွာပေးလိုက်၏။ သူဌေးကြီး သည် စိန့်သာမင်းမောင်ပေးသည့်စာအား အေးဆေးစွာ ဖတ်လိုက် ပေ၏။

စာထဲ၌ ပါရှိသည့်အကြောင်းအရာများသည် ပတ္တမြား လည်ဆွဲယူလာခဲ့ရန်နှင့် သူဌေးကြီးပါ လိုက်လာခဲ့ရန်။ ၎င်းသည် ဝေါမြို့ပေါ်ရှိ နှမဖြစ်သူအိမ်၌ စောင့်ကြိုနေရန် မှာကြားလိုက်ပေ၏။ သူဌေးကြီးသည် စာအား ပြီးဆုံးအောင်ဖတ်ရှုပြီးနောက် စိန့်သာမင်း မောင်အား ကြည့်လိုက်၏။

"ကျုပ်ကလည်း ဒီပတ္တမြားတုံးကြီးကို လွှဲပေးချင်နေတာ ကြာပါလားကွယ်။ အခုဆို မော်ဝင်သာဒင်က ကျုပ်တို့ကို ဝမ်တိမ် ပေးနေပြီ စံအိမ်ကို ပြန်အပ်ပါ မအပ်ရင် တစ်မျိုးလုံးလောင်တိုက် သွင်းဖို့သာ ပြောနေပါလားကွယ်။ အခုလည်း ဒီပစ္စည်းကြီးကို ဘယ်လို လုပ်ပြီး ယူသွားရမှာလဲကွယ်"

"အဲဒီအတွက် မစိုးရိမ်ပါနဲ့ ဦးလေး၊ ကျုပ်တို့တာဝန်ယူပေး ပါမယ်။ ဦးလေးသာ ကျုပ်တို့နဲ့တစ်ခါတည်းလိုက်ဖို့သာစီစဉ်ပါ"

"ကောင်းပြီ ကျုပ်အခုပဲ စီစဉ်လိုက်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးသည် တပည့်လူရုံတစ်ယောက်အားခေါ်၍ အမိုးပါသည့်နွားလှည်းအား စီစဉ်ခိုင်းလိုက်ပေ၏။ ထို့နောက် အတွင်းခန်းသို့ ဝင်သွားပေ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား သဘောကျစွာ ကြည့်လိုက်ပေ၏။

တကယ်တော့ စုံနံ့သာမင်းမောင်သည် တကယ်သူဌေးသားတစ်ယောက်နှင့်လွန်စွာတူနေပေ၏။ စုံနံ့သာမင်းမောင်သည် ကတ္တီပါအင်္ကျီလက်ရှည်အား တပ်ဆင်ထားသလို လုံချည်အကွက်ကျဲကျဲအားဝတ်ဆင်၍ ခါးပတ်အပြားကြီးအား ပတ်ထားပေ၏။

ပုံစံသည် လွန်စွာပီပြင်သလို လူချောတစ်ယောက်ဖြစ်သလို စီးကရက်အား သောက်နေ၏။ ကျွန်ုပ်သည် အိမ်ကြီးအား ကြည့်နေသည့်အတွက် သူဌေးကြီးသည် ရတနာပစ္စည်းအား ပိုင်ဆိုင်ထားမည်ဟု မထင်မှတ်ပေ။

ဤမျှလောက်ချမ်းသာကြွယ်ဝသူသည် ဘယ်သဘောနှင့် ဤမျှလောက်လောဘဇောများတတ်နေရသလဲဟု တွေးမရအောင် ဖြစ်နေချိန်၌ စုံနံ့သာမင်းမောင်၏ စကားအား ကြားယောင်နေမိ၏။

*"မဟုတ်ဘူး ကိုအောင်သိန်း၊ ချမ်းသာကြွယ်ဝတဲ့လူတချို့ရဲ့လောဘဟာ လွန်စွာကြီးပါတယ်ဗျာ။ အဲဒီလူတွေဟာ သေသွားရင်ငရဲပြည်မှာ ဆီကြော်ခံရမှာပဲ။ ရိုးသားမှုထက်မရိုးသားမှုတွေက များတယ်ဗျာ။ ရိုးသားစွာနဲ့ ချမ်းသာကြွယ်ဝမှုကို အသုံးချတတ်ရင်သူတိုင်းရဲ့ လေးစားမှုကို ခံရမှာပဲဗျာ။ ချမ်းသာတဲ့သူတိုင်းကိုပြောတာမဟုတ်ဘူးနော် ကိုအောင်သိန်း"*





ထိုစကားသည် ဟုတ်လောက်ပါသည်ဟု ကျွန်ုပ်တွေးနေမိ၏။-ထိုအချိန်၌ သူဌေးကြီး ထွက်လာခဲ့ပေ၏။

ကျွန်ုပ်တို့သည် သူဌေးကြီးနှင့်အတူ ထွက်လာခဲ့ပေ၏။

"မောင်ပျော့ရေ အသင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ အသင့်ဖြစ်ပါပြီ သူဌေးမင်း"

"ကဲ… မောင်ရင် ကျုပ်တို့သွားကြရအောင်၊ ရော့ ဒီအထုပ်ကိုတော့ မောင်ရင်ယူထားလိုက်"

"ကောင်းပါပြီ သူဌေးကြီး"

စုံနံ့သာမင်းမောင်သည် သူဌေးကြီးပေးသည့် ကတ္တီပါထုတ်လေးအား လွယ်အိတ်အတွင်းသို့ ထည့်လိုက်ပေ၏။ ကျွန်ုပ်တို့ အမိုးပါသည့် နွားလှည်းပေါ်သို့ တက်လိုက်ကြပေ၏။ နွားလှည်းလေးသည်



www.burmeseclassic.com

မဒဲရွာအား ကျော်ခိုင်း၍ မြို့သို့ ဦးတည်လာခဲ့ပေတော့၏။

စုံနံ့သာမင်းမောင်၏အစီအစဉ်အား သူဌေးကြီး မသိလိုက်သည်မှာ လွန်စွာ သနားစရာကောင်းပေတော့၏။

* * *





## အခန်း (၁၄)

## "လောဘသားကောင်များ"

ထိုနေ့သည် ကျွန်ုပ်အတွက် လွန်စွာ ဝမ်းသာသလို စုံနံ့သာမင်းမောင်သည်လည်း ပျော်ရွှင်နေမိ၏။ အကြောင်းမှာမူ ပတ္တမြားလည်ဆွဲအမှု၌ ပါဝင်သည့်လူများအားလုံး ဖမ်းဆီးရမိသည့်အတွက်ကြောင့်ဖြစ်၏။

စုံနံ့သာမင်းမောင်သည် ဖမ်းဆီးရမိထားသူများ၏ဖြေကြားချက်များအား ဖတ်ရှုလျက်ရှိနေ၏။ တရားခံအားလုံးအား ဖော်ကောင်ညွှန်လုပ်သူသည် ရောင်တစ်လုံးမောင်ထုံးခေါ် နေမျိုးသူရပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စုံနံ့သာမင်းမောင်ရှေ့၌ထိုင်လိုက်၏။

"ကိုမင်းမောင် တရားခံတွေဖမ်းဖို့ကျန်သေးလား"

"တစ်ယောက်ကျန်သေးတယ် ကိုအောင်သိန်း၊ လောလော ဆယ်တော့ ဖမ်းမိထားသူတွေကို စစ်လိုက်ဦးမယ်ဗျာ။ မလိုအပ်တဲ့ သူတွေ ပြန်လွှတ်ရအောင်လို့ဗျာ"

"အဲဒီတော့ ဘယ်နေ့စစ်မှာလဲ"

"ဒီနေ့ပဲ စစ်မယ်။ ကျုပ်ပုလိပ်တွေကို အခန်းစီစဉ်ခိုင်း ထားပြီးပြီ။ ခင်ဗျားပြင်ဗျာ၊ ကျုပ်တို့သွားကြမယ်ဗျာ"

"ကျုပ်အသင့်ဖြစ်နေပြီ ကိုမင်းမောင်"

ကျွန်ုပ်တို့ တရားခံများစစ်ရန် သီးသန့်အခန်းတွင်းသို့ ဝင် တည်လာခဲ့ပေ၏။ ထိုအခန်းတွင်း၌ ပုလိပ်များနှင့်တာဝန်ရှိသူများ သည် စုံနံ့သာမင်းမောင်အား စောင့်နေကြပေ၏။ စုံနံ့သာမင်းမောင်သည် ၄င်းအတွက် ပြင်ဆင်ထားသည့် ထိုင်ခုံ၌ ထိုင်လိုက်ပေတော့၏။

ပုလိပ်အရာရှိများနှင့် ပုလိပ်များသည် စုံနံ့သာမင်းမောင် အား ဂရုတစိုက်ကြည့်နေကြပေ၏။ စုံနံ့သာမင်းမောင်သည် ဝန်းကျင်အား တစ်ချက်ဝေကြည့်လိုက်ပေ၏။

"စောနန္ဒီကိုခေါ်ခဲ့ပါ"





"ဟုတ်ကဲ့ ဆ… ရာ"

ပုလိပ်တပ်သားသည်အတွင်းခန်းသို့ ဝင်ရောက်သွား၏။

ကျွန်ုပ်နှင့်တာဝန်ရှိသူများ စုံနံ့သာမင်းမောင်အား ကြည့်နေ ပေ၏။ ခဏအကြာတွင် စောနန္ဒီအား ခေါ်လာခဲ့၏။ စောနန္ဒီ၏ မျက်နှာ သည် ကြေကွဲမှုများ လွှမ်းမိုးလျက်ရှိပေ၏။ စောနန္ဒီသည် ရပ်လျက် ကျွန်ုပ်အား ကြည့်နေပေ၏။

"ထိုင်ပါ စောနန္ဒီ"

"ဟုတ်ကဲ့"

"စောနန္ဒီရဲ့နာမည်အရင်းက မယ်ထွေးမိနော်။ စောဒေဝီရဲ့ အထိန်းတော်တစ်ယောက်ဆိုရင် လက်ခံတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"သခင်မကြီးနဲ့စောဒေဝီက ခင်ဗျားကို မိသားစုအရင်းလို သဘောထားရဲ့သားနဲ့ မိသားစုအပေါ် ဘာလို့ရက်စက်ရတာလဲ"

မယ်ထွေးမိသည် ကျမျက်ရည်များကို သုတ်လိုက်ပြီးနောက် တစ်ချက်ရှိုက်လိုက်၏။ အားလုံးသည် မယ်ထွေးမိရဲ့အဖြေကိုသာ နားစိုက်လျက်ရှိနေ၏။

"တကယ်တော့ ကျွန်မဟာ သခင်မကြီးနဲ့သခင်မလေးတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်ပါတယ်။ လွန်စွာလည်း လေးစားပါတယ်။ ကျွန်မအပေါ်မှာလည်း ညီမအရင်းတစ်ယောက်လို သဘောထားပါတယ်။ တစ်နေ့သောညလို့ပဲ ပြောရမှာပါ။ အဲဒီညမှာ နေမျိုးသူရခေါ် ရောင်တစ်လုံးမောင်ထုံးတို့အဖွဲ့က ကျွန်မကို ချုပ်နှောင်ပြီးခေါ်သွားပါတယ်။ သူတို့အတိုင်းလုပ်မလား၊ အမေကိုအသတ်ခံမလား မေးကြတယ်။ ကျွန်မအမေကို လွန်စွာချစ်ပါတယ်။ အဖေမရှိတော့ပါဘူး။ အဲဒီတော့ အမေကို အသေခံရမှာ ကြောက်တယ်''

အမေကိုလည်း သူတို့က ဖမ်းထားတယ်။ အမေ့ကို အချုပ်ခံမှ လွတ်အောင်ဆိုပြီး သူတို့ခိုင်းတဲ့အတိုင်း လုပ်လိုက်ရတာပါ။ ကျွန်မတင်မကဘူး ကျွန်မရဲ့အစ်ကိုပါ သူတို့ခိုင်းသမျှလုပ်ရပါတယ်။ အစ်ကိုကတော့ လူ့လောကအပြင်ဘက်ကို ရောက်သွားပြီ။ တကယ်တော့ ကျွန်မတို့မိသားစုဘဝဟာ ကံကိုကံဆိုးလွန်းပါတယ်ရှင်''

မယ်ထွေးမိသည် သခင်မကြီးအား စောနန္ဒီအယောင်ဆောင်၍ ရေးဟောင်းရတနာများအား တောင်းဆိုခဲ့ပုံ။ ရောင်တစ်လုံးမောင်ထုံး၏ ခိုင်းစေချက်သင်ပြမှုများအား လုပ်ဆောင်ရပုံများအား တစ်ခုမကျန် ရှင်းပြနေပေ၏။ ထိုသို့ပြောပြချက်အရ စောဒေဝီ ဖမ်းဆီးခြင်းနှင့် ပတ္တမြားလည်ဆွဲပျောက်ဆုံးသွားခြင်းအား မသိရှိပါကြောင်း ဝန်ခံ





ပြောပြသလို ၄င်းတို့သည် ရောင်တစ်လုံးမောင်ထုံး၏ ခိုင်းသမျှအား လုပ်ဆောင်လိုက်ရကြောင်း ကြေကွဲစွာ ပြောပြလျက်ရှိ၏။

''ကျုပ်သဘောပေါက်ပြီ ခင်ဗျားပြောတဲ့စကားဟာ ကျုပ်တို့အတွက် အထောက်အထားလွန်စွာ ခိုင်လုံပါပေတယ်။ အဲဒီအတွက် ကျေးဇူးတင်ပါတယ်။ ခင်ဗျားတို့ကို ရုံးတော်က အဆုံးအဖြတ်ပေးပါလိမ့်မယ်။ ကဲ… ခင်ဗျား အနားယူလိုက်ပါဦး''

ထို့နောက် မိထွေးမိအား ကာထားသည့်နေရာအနောက်၌ နေထိုင်ရန်မှာလိုက်ပေ၏။ ပုလိပ်ငယ်သည် စုံနှံ့သာမင်းမောင်ခိုင်းသည့်အတိုင်း ထားလိုက်၏။ ဖမ်းဆီးထားသူများအား တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံခြင်းမရှိ။ တစ်ယောက်တစ်နေရာ၌ ထားလိုက်ကြ၏။

*''ရောင်တစ်လုံးမောင်ထုံးကိုခေါ်ခဲ့ပါ''*

ပုလိပ်နှစ်ယောက်သည် ရောင်တစ်လုံးမောင်ထုံးအား ခေါ်လာခဲ့ကြ၏။ မောင်ထုံးသည် ထိုင်လိုက်၏။ စုံနှံ့သာမင်းမောင်အား ကြည့်လိုက်၏။ တစ်ချိန်တုန်းက ထိုလူများသည် ဆိုးပေမိုက်ခဲ့သမျှ စုံနှံ့သာမင်းမောင်နှင့်တွေ့ချိန်၌ ကျားရှေ့မှောက်လျက်လဲသွားသည့် သမင်ငယ်လို ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"သခင်မကြီးကို သတ်ခိုင်းတာ ခင်ဗျားလို့ပြောရင် လက်ခံတယ်နော်"

"သခင်မကြီး မသေပါဘူး"

"ခင်ဗျားတို့တွေ့နေတာ သခင်မကြီးအစစ်မဟုတ်ပါဘူး။ ကျုပ်မေးတာဖြေပါ၊ ခင်ဗျား ဘာကြောင့် နေမျိုးသူရ ဟန်ဆောင်ရတာလဲ"

"နေမျိုးသူရဆိုတာ ကျုပ်မသိဘူး။ အမှန်အတိုင်းပြောရရင် အစ်ကိုပေါက်တူးရောက်လာတယ်။ ကျုပ်ကို ငွေစက္ကူလာပေးတယ်။ ကျုပ်ကလည်း ယူထားမတယ်။ နောက်တော့ ကျုပ်ဆီကို ပြန်ရောက်လာပြီး သခင်မကြီးအိမ်ကို နေမျိုးသူရဟန်ဆောင်ပြီး ဝင်ပေးရန် ပြောလာသလို သခင်မကြီးစံအိမ်ရဲ့သတင်းများကို စုံစမ်းခိုင်းပါတယ်။ အဲဒီအတွက် ကျုပ်က စုံစမ်းပေးလိုက်ပါတယ်။ တစ်ခုရှိတာက ပတ္တမြားလည်ဆွဲယူမယ်ဆိုတဲ့အကြောင်း ကျုပ်ကိုမပြောလို့ ကျုပ်ဘာမှ မသိသေးပါဘူး"

"ခင်ဗျားကြက်တောကိုသတ်လိုက်တယ်နော်"

တိကျသည့်မေးခွန်းဖြစ်နေသည့်အတွက်ကြောင့် ရောင်တစ်လုံး ဘယ်လိုလုပ်ရမှန်းမသိအောင်ဖြစ်သွား၏။ စုံနှံ့သာမင်းမောင်အား ကြည့်လိုက်၏။





"ဟုတ်ပါတယ် ကျုပ်သတ်လိုက်ပါ တကယ်တော့ ကြက်တောက ကျုပ်တို့ဘက်ကပါ နောက်တော့ ဘာသဘောဖြစ်သွားလည်း မသိဘူး။ ခင်ဗျားတို့ကို သတင်းသွားပို့မယ်ပြောတာနဲ့ သတ်လိုက်တာပါ။ တကယ်တော့ ဒီကိစ္စကို အစဖျိုးသူက အစ်ကိုပေါက်တူးပါ"

"ကောင်းပြီ ခင်ဗျားသွားနိုင်ပြီ ဟိတ် နေရာပေးလိုက်"

၄င်းအား ကန်လန်ကာအနောက်၌ထားလိုက်ပြီး နောက်ထပ်တစ်ယောက် ခေါ်လာခိုင်းပြန်၏။

ပုလိပ်တပ်သားများသည် စုံနှံ့သာမင်းမောင်၏ခိုင်းစေချက်အတိုင်း နောက်ထပ်တရားခံတစ်ယောက်အား ဖမ်း၍ ခေါ်လာခဲ့ပေ၏။

"ဒီကိစ္စမှာ အဖိုးပေါက်တူးက အဓိကခေါင်းဆောင်တစ်ယောက်မဟုတ်လား"

"ကျုပ်ဘာမှမသိပါဘူး။ ကျုပ် အသက်ပဲကြီးပါကောလား၊ မောင်ရင်တို့ရာ၊ ကျုပ်မဟုတ်တာ ဘာတစ်ခုမှ မလုပ်မိပါလား"

စုံနှံ့သာမင်းမောင်သည် တစ်ချက်ကြည့်လိုက်၏။ ၄င်း၏အကြည့်သည် ဒေါသများ လွှမ်းမိုးလျက်ရှိပေ၏။ စီးကရက်တစ်လိပ်အား မီးညှိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ဒါဆို ကျုပ်မမေးသေးဘူး။ ခင်ဗျား ဘသက်ထွန်းကို ဓားနဲ့သုံးချက်ထိုးပြီး သတ်ခဲ့တာတော့ သေချာပါတယ်။ အချိန်က ည ကိုးနာရီဝန်းကျင်"

"ဟုတ်ပါတယ် အဲဒီသူငယ်က အပြောအဆို ရိုင်းစိုင်းလို့ လုပ်လိုက်တာပါ"

"ဘာလို့မဟုတ်တာပြောနေရတာလဲ။ ပတ္တမြားလည်ဆွဲကိစ္စမှာ ခင်ဗျားက သူ့ကို သုံးပုံတစ်ပုံပေးမယ်ပြောတယ် အဲဒါမပေးချင်တာနဲ့ အရက်မူးအောင်တိုက်ပြီး သတ်လိုက်တာပဲ။ ခင်ဗျားနဲ့ဘုရားလေးမောင်ငွေနဲ့ ရောင်လေးတို့ပါတယ်။ အဲဒီအတွက် သက်သေခံရှိတယ်"

"သူတို့ပြောတာမဟုတ်ပါဘူး"

"ကောင်းပြီ ဒေါ်အိုဇာကိုခေါ်ခဲ့ပါ"

ဒေါ်အိုဇာဆိုသည့်အသံကြားလိုက်ရသည့်အတွက် လွန်စွာတုန်လှုပ်သွားပေ၏။

ဒေါ်အိုဇာသည် ဦးပေါက်တူး၏မယားငယ်ဖြစ်ခဲ့ဖူး၏။

ပုလိပ်များသည် ဒေါ်အိုဇာအား ခေါ်လာခဲ့၏။

"ဒေါ်အိုဇာ ဦးပေါက်တူးတို့အဖွဲ့ ဘသက်ထွန်းကို မိသုန်ရပ်မှာ သတ်တာမြင်တယ်မဟုတ်လား"





"ဟုတ်ကဲ့ မြင်ပါတယ်။ ဘငွေနဲ့ရောင်လေးတို့က ချုပ်ပေးပါတယ်။ သူကဓားနဲ့ထိုးပါတယ် အဲဒါ"

"မအိုဇာ"

ဦးပေါက်တူးသည် ရုတ်တရက်အော်လိုက်သည့်အတွက် ဒေါ်အိုဇာသည် ပြောလက်စစကားအား ရပ်တန့်သွားပေ၏။

"ဘာလို့ အနှောင့်အယှက်ပေးနေရတာလဲ ဦးပေါက်တူး"

"သူတို့မဟုတ်တာပြောနေတာ သူဟာကျုပ်ကို ထောင်ထဲထည့်ဖို့ ကြိုးစားနေတဲ့သူတွေပါလား စုံထောက်လေးရာ"

"ကောင်းပြီ၊ ဟော့နောက်ထပ်နှစ်ယောက်ခေါ်လာခဲ့ဦး"

ထိုအချိန်၌ အမျိုးသမီးနှစ်ယောက်ခေါ်လာ၏။ ၎င်းတို့အားတွေ့လိုက်သည်နှင့် ဦးပေါက်တူး လွန်စွာတုန်လှုပ်သွားပေ၏။ ၎င်းတို့သည် ဦးပေါက်တူး၏သမီးနှင့်မိန်းမတို့ဖြစ်ကြ၏။ မျက်နှာသည် သိသိသာသာပျက်သွားပေ၏။

စုံနှံ့သာမင်းမောင်သည် ခနဲ့ပြုံး ပြုံး၍ စီးကရက်အား ဖွာရှိုက်လိုက်၏။

"မယ်တင် သမီးလေး ကေသရီ"

ကြေကွဲသည့်အသံနှင့်ခေါ်လိုက်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ်ဘယ်နှစ်ယောက်ခေါ်ပေးရဦးမလဲ ဦးပေါက်တူး"

"ကျုပ်ဝန်ခံပါတယ် ကျုပ် ဘသက်ထွန်းကို သတ်မိပါတယ်"

"ကောင်းပြီ ခင်ဗျားဟာ မဒဲသူဌေးကြီး ဦးယာတောရဲ့ လူယုံတစ်ယောက်ဖြစ်လို့ ပတ္တမြားလည်ဆွဲကို သူ့လက်ထဲအပ်လိုက်တယ်ဆိုတာ မှန်တယ်မဟုတ်လား"

"ဟုတ်ပါတယ် မဟုတ်ပါဘူး။ ပတ္တမြားလည်ဆွဲသူဌေးကြီးကို မပေးပါဘူး။ ဒီကိစ္စ သူဌေးကြီး ဦးယာတောနဲ့ မဆိုင်ပါဘူး"

"စ+ရ+မ+မ အမည်ခံ စောရမိုးမောင် ခေါ်ခဲ့ပါ"

စုံနှံ့သာမင်းမောင်သည် တရားခံများအား တစ်ယောက်ပြီး တစ်ယောက် ခေါ်ထုတ်နေသည့်အတွက် အဖိုးပေါက်တူး ဘာပြောရမှန်းမသိအောင်ဖြစ်သလို အထိတ်တလန့်ဖြစ်လာပေ၏။

တကယ်တော့ စုံနှံ့သာမင်းမောင်သည် တရားခံများအား တစ်ယောက်ချင်းစစ်ဆေးပြီး ဖမ်းဆီးပြီးမှ စုပေါင်း၍ ထပ်မံစစ်ဆေးတတ်၏။ တရားခံများသည် ငြင်းမရအောင် ပိတ်မိသွားပေ၏။





ပုလိပ်သည် စောရမိုးမောင်အား ခေါ်ယူလာပေ၏။

"ဦးပေါက်တူး သူ့ကိုသိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

"ဒါဆို ကျုပ် ခင်ဗျားကိုဆက်ပြီး စစ်စရာမလိုသေးဘူး။ သူတို့ကို ဟိုဘက်သီးသန့်အခန်းထဲမှာထားလိုက်ဗျာ။ သူဌေးကြီးကို ခေါ်ခဲ့ဗျာ"

"ကောင်းပါပြီ ဆရာ"

ထို့နောက် ဦးပေါက်တူးနှင့် စောရမိုးမောင်တို့အား ခေါ်သွားကြ၏။

စောရမိုးမောင်အား ဘာသဘောနှင့် မစစ်ဆေးရတာလဲဟု ကျွန်ုပ်စဉ်းစားမရအောင်ဖြစ်သွားပေ၏။

တကယ်တော့ စောရမိုးမောင်သည် ထိုအမှု၌ အဓိကတစ်ယောက်ဖြစ်နေသလို စောရမိုးမောင်အား ဖမ်းဆီးစဉ်က လွန်စွာ စိုးရိမ်သလို ကြောက်စရာကောင်းပေ၏။

စောရမိုးမောင်အား ဖမ်းဆီးစဉ်၌ စုံနှံ့သာမင်းမောင်သည် ညာဘက်လက်၌ ဓားဒဏ်ရာရခဲ့၏။ စောရမိုးမောင်သည် ထွက်ပြေးခါနီးအချိန်၌ စုံနှံ့သာမင်းမောင်သည် ကိုယ်တစ်ပတ်လှည့်၍ နောက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



တောက်နှင့်ပြတ်ကန်လိုက်၏။ ရှေ့သို့လဲကျသွားသည့်အချိန်၌ လက်ပြန် ရိုက်ချလိုက်၏။

စောရမိုးမှောင်သည် ရှေ့သို့လွင့်စဉ်ကျချိန်၌ စုံနံ့သာမင်း မောင်သည် ၎င်း၏ဓားကိုင်လက်အား လိမ်လိုက်ပေ၏။ ထိုအချိန်မှာ ပဲ စောရမိုးမှောင် လက်မြောက်အရှုံးပေး၍ အဖမ်းခံလိုက်ရပေ၏။

ထိုစဉ်…

ပုလိပ်များသည် မဒဲရွာသူဌေးကြီး ဦးယာတောအား ခေါ် လာပေတော့၏။ ဦးယာတောသည် စုံနံ့သာမင်းမောင်ရှေ့၌ ထိုင်လိုက် ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား စကားတစ်ခွန်း စလိုက်ပေ ၏။

"ကိုမင်းမောင် ဘာလို့ စောရမိုးမှောင်ကို မစစ်တာလဲ"

"စစ်ဖို့လိုသေးလားဗျာ။ သူဝန်ခံထားပြီးပြီပဲ"

ကျွန်ုပ်ဆက်၍ မေးခြင်းမရှိတော့ပေ။ စုံနံ့သာမင်းမောင်သည် အလုပ်တစ်ခုလုပ်တိုင်း အမြဲတမ်း လျှို့ဝှက်တတ်၏။

"သူဌေးကြီးလက်ထဲကို ဒီပတ္တမြားတုံးကြီးကို ဦးပေါက် ဝူးလာပေးတာ သေချာတယ်မဟုတ်လား"

"ဟုတ်ကဲ့ သေချာပါတယ်"





"တစ်ချိန်တုန်းက ဦးယာတောနဲ့သခင်မကြီးတို့ဟာ စီးပွား ပြိုင်ဘက်တွေဖြစ်ခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ရင်နှီးတဲ့မိတ်ဆွေတွေလည်း ဖြစ်ခဲ့ကြသေးတယ်ဆိုရင် သက်ခံတယ် မဟုတ်လား"

"ဟုတ်ကဲ့ လက်ခံပါတယ်"

စုံနံ့သာမင်းမောင်၏ မေးခွန်းကြောင့် သူဌေးကြီး ဦးယာ တော ငြင်းဆိုရန် ခက်နေပေ၏။

စုံနံ့သာမင်းမောင်သည် လွန်စွာ ပညာသားပါသည့်အတွက် သူဌေးကြီးသည် ငြင်းဆို၍မရအောင်ဖြစ်နေပေ၏။ တကယ်တော့ သူဌေးကြီး ဦးယာတောသည် စုံနံ့သာမင်းမောင်၏လုပ်ရပ်အား ကြောက်ရွံ့နေသလို အားလုံးအား ပိတ်ဆို့ထား၏။ ၎င်း၏သိက္ခာ အတွက် ငြင်းဆိုဖို့ ကြိုးစားသော်လည်း မရအောင်ဖြစ်နေ၏။

"သူဌေးကြီး ဦးယာတောရဲ့ သားကြီးနဲ့သခင်မကြီးရဲ့ သမီး သာဒေဝီတို့ လက်ဆက်ရန် ကမ်းလှမ်းခဲ့ဘူးတယ်။ တစ်ဖက်က ငြင်း ဆိုလိုက်တဲ့အတွက် ဒေါသထွက်မကျေမနပ်ဖြစ်ခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက်ကြောင့် စောရမိုးမောင်တို့ကိုခေါ်ပြီး ပတ္တမြား လည်ဆွဲနဲ့ သမီးစောဒေဝီတို့ကို ခိုးသွားတယ် မဟုတ်လား"

"အဲဒါလည်း မှန်ပါတယ်။ ဒါပေမယ့် စောဒေဝီဟာ ကျုပ် လက်ထဲမှာ မရှိပါဘူး"

စုံနံ့သာမင်းမောင်သည် ကျေနပ်စွာ ပြုံးလိုက်၏။

စီးကရက်အား အေးဆေးစွာ ဖွာရှိုက်လျက်ရှိနေ၏။ စုံနံ့သာ မင်းမောင်၏တိကျသည့် စစ်ဆေးချက်များအား အားလုံးက ကျေနပ် ၍ စုံနံ့သာမင်းမောင်အား ကျိတ်၍ ချီးကျူးနေကြပေ၏။

"ဦးယာတောရဲ့လက်ထဲမှာရှိတယ်လို့ ကျုပ်မပြောပါဘူး။ စံအိမ်ကြီးရဲ့အတွင်းပစ္စည်းနဲ့စောဒေဝီကို မခိုးယူခင် အထိန်းတော် မယ်ထွေးမိကို အရင်ခေါ်ယူတယ် မဟုတ်လား။ မယ်ထွေးမိဟာ သူဌေးကြီးရဲ့ တိတ်တိတ်ပုန်းမယားဖြစ်ခဲ့ရတယ်"

"အဲဒါမဟုတ်ပါဘူး"

"မယ်ထွေးမိကို ဦးပေါက်တူးမှတဆင့် ခေါ်နိုင်ပြီး ကြာဖြူ တန်းရွာမှာ သူဌေးကြီးနဲ့ ဆယ်နှစ်ရက်တိုင်တိုင် အတူနေပြီး စည်းရုံး ခဲ့တယ် မဟုတ်လား"

သူဌေးကြီးသည် ဘယ်လိုပြောရမှန်းမသိအောင်ဖြစ်နေ၏။





တကယ်တော့ စုံနံ့သာမင်းမောင်၏စကားများသည် အမှန် တွေသာဖြစ်၏။ သူဌေးကြီးသည် မယ်ထွေးမိအား အမျိုးမျိုးနားချ၏။ စိတ်တိုင်းကျ ပုံစံသွင်းပြီးမှ စောနန္ဒီလိုတစ်မျိုး၊ မယ်မင်းသော်လို တဖုံ စရိုက်များခွဲ၍ ပြောဆိုသင်ပြ၏။

၄င်းတို့၏ သင်ပြမှုအား မယ်ထွေးမိလုပ်ဆောင်ရပေ၏။

"သူဌေးကြီးမဖြေချင်တာကို ကျုပ်မပြောလိုတော့ဘူး။ ဒါပေမယ့် အထောက်အထားအားလုံးကိုတော့ ပြလိုက်ပါမယ်။ ဟော့… ဟိုလိုက်ကာ အနောက်က ဖမ်းဆီးထားတဲ့ တရားခံများ ပြလိုက်ပါ"

ပုလိပ်များသည် လိုက်ကာအနောက်၌ ထိုင်နေသူအားလုံး ပြလိုက်၏။

၄င်းတို့သည် သူဌေးကြီး၏ အပေါင်းအပါများပင်ဖြစ်၏။ ၄င်းတို့အားလုံးတွေ့လိုက်ချိန်၌ သူဌေးကြီးသည် လွန်စွာ အံ့ဩသွား ပေ၏။

"အစ်ကိုမင်းမောင် ကျွန်မကို ဓားတစ်ချောင်းခဏလောက် ငှားပါ"

"ဘာလုပ်ဖို့လဲ မထွေးမိ"

"ဟို သူဌေးဆိုတဲ့ လူယုတ်မာကို သတ်ချင်လို့ သူကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ **ဘဝပျက်ဆီး**သွားသလို ကျွန်မတို့မိသားစုဘဝပါ ပျက်စီးသွားတယ်ရှင်''

''စိတ်ကိုထိန်းပါဗျာ''

''ကျွန်မ သူ့ကိုသတ်ပြီး ကြိုးစင်ပေါ်တက်ချင်လို့ပါရှင်''

''အမှားတစ်ခုကို ကျူးလွန်ပြီးမှ ဒေါသထွက်နေလို့မရပါဘူးဗျာ။ ကျုပ်ပြောချင်တာက နောက်ထပ်မမှားဖို့ကိုသာ စဉ်းစားပြီး ပြန်ပြင်ဖို့ပါပဲ''

''အားလုံးရဲ့ အမှားတွေက ပြင်လို့မရပေမယ့် ကျွန်မရဲ့ ပျက်ဆီးသွားတဲ့ဘဝက ပြင်လို့မရတော့ဘူး။ အမည်းစက်ကြီးက သေရာပါတဲ့အထိ ရှိနေဦးမှာပါရှင်''

စုံနံ့သာမင်းမောင်သည် မယ်တွေးမိခေါ် စောနန္ဒီကို ဒေါသထွက်ရန် အညိုးများဖြစ်ခဲ့သော်လည်း **မမင်း**သော်ဆိုသည့်ဘဝလေးကို လွန်စွာသနားမိ၏။

တကယ်တော့ စုံနံ့သာမင်းမောင်သည် မမင်းသော်အား ကရုဏာသက်သလို သံယောဇဉ်များလည်း ဖြစ်မိပါ၏။ ကျွန်ုပ်ပြောခဲ့ဘူး၏။ မမင်းသော်ဆိုသည့်မိန်းကလေးသည် လွန်စွာချစ်စရာကောင်းပါ၏။





စုံနံ့သာမင်းမောင်သည် လက်ခံခြင်းမရှိ၊ လူတစ်ယောက်ကို ခဏလောက်တွေ့ပြီး ရိုးသားတယ်ဆိုတာ ဘယ်လိုကိရိယာနဲ့ တိုင်းတွာပြီး ပြောလိုက်တာလဲဟု စုံနံ့သာမင်းမောင် ပြောခဲ့ဖူး၏။

ယခုတော့ စုံနံ့သာမင်းမောင်**၏စကား**အား ကျွန်ုပ်လက်ခံရပေတော့၏။

''ကဲ... တရားခံအားလုံး ရုံးတော်ကို ပို့လိုက်ကြတော့ဗျာ။ ခင်ဗျားတို့ရဲ့အပြစ်တွေကို ရုံးတော်က ဆုံးဖြတ်ပေးလိုက်ပါလိမ့်မယ်''

ထိုသို့ပြောအပြီး၌ ပုလိပ်များသည် တရားခံများအား ခေါ်၍ ထွက်သွားကြပေတော့၏။

ထိုအထဲ၌ မယ်တွေးမိခေါ် မမင်းသော်သည် ကြေကွဲသည့် အကြည့်များနှင့် စုံနံ့သာမင်းမောင်အား ကြည့်နေပေ၏။

မမင်းသော်သည် စုံနံ့သာမင်းမောင်အား စကားတစ်ခွန်းလောက် ပြောချင်နေပေ၏။ ဒါကို ကျွန်ုပ်နှင့်အတူ စုံနံ့သာမင်းမောင်လို့ သိနေပေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

တစ်နေ့သ၌ ...

ကျွန်ုပ်သည် စံအိမ်ကြီးနှင့် ပတ်သက်၍ အေးချမ်းသွားပြီ ဟု သတ်မှတ်၍ ဇဟိုဋ္ဌာနသို့ ပြန်ရန် စိတ်ကူးမိ၏။ ၎င်းအတွက် ပြင်ဆင်ပြီး၍ စုံနံ့သာမင်းမောင်အား လိုက်ရှာလျက်ရှိရာ စုံနံ့သာမင်း မောင်သည် ရုံးခန်းအတွင်း၌ မှတ်တမ်းများအား လေ့လာလျက်ရှိစဉ် ကျွန်ုပ်သည် လွန်စွာအံ့သြသွားပေ၏။





ကျွန်ုပ်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်အနီးသို့ရောက်ရှိသွား ပေ၏။ ၎င်းသည် ကျွန်ုပ်အား သတိထားမိပုံမရ စာကိုသာ ဖတ်နေ ပေ၏။

"ကိုမင်းမောင် ဘာတာဝန်တွေ ကျန်သေးလို့လဲ"

"စောဒေဝီ ကျန်သေးတယ်လေဗျာ။ ဒေါ်မေဇာနိုင်ကို ပြန် ...ရမယ်။ စောဒေဝီကို သူ့စံအိမ်ပြန်အပ်ရမယ်လေဗျာ။ ခင်ဗျား မေ့ ...ပြီလား ကိုအောင်သိန်း"

ကျွန်ုပ် တကယ်မေ့နေပေ၏။

တရားခံများ စစ်ဆေးပြီး တာဝန်ရှိသူများလက်ထဲအား ...ပ်လိုက်၏။ ၎င်းအတွက် တာဝန်ပြီးဆုံးသွားပြီဟု ထင်ထားမိခဲ့၏။

တကယ်တော့ တာဝန်မပြီးသေးပေ။

စံအိမ်ကြီး၌ ရောက်ရှိနေသည့် သခင်မကြီးဆိုတာ သခင်မ ...ကြီး မိထိပ်ထားတင် မဟုတ်သလို သခင်မကြီး မိထိပ်ထားတင်သည် ...နှင့်ခေါ်မိတွေးမိ၏ ခြိမ်းခြောက်မှုကြောင့် သေဆုံးသွားပေ၏။

သခင်မကြီး မိထိပ်ထားတင် သေဆုံးသွားပြီဟုဆိုတာ ...သွားကြလျှင် စံအိမ်၌နေထိုင်သူများ ထင်သလို ပြုလုပ်မည်အား ...မ်သည့်အတွက်ကြောင့် အစားထိုးတာခြင်းဖြစ်၏။ ၎င်းကိစ္စအား



www.burmeseclassic.com

www.burmeseclassic.com



စုံနံ့သာမင်းမောင်နှင့် **ကျွန်ုပ်တို့သာ** သိနေပေ၏။

"ကျုပ်မေ့သွားတယ် ကိုမင်းမောင်၊ အခု ကျုပ်တို့ ဘယ်ကို သွားကြမလဲ ကိုမင်းမောင်"

"တရားခံရှိတဲ့နေရာပေါ့ဗျာ။ ကဲ… ကိုအောင်သိန်း ကျုပ်တို့သွားကြမယ်ဗျာ။ ဒီနေ့သွားမယ့်နေရာက လွန်စွာအရေးကြီးပါလား ကိုအောင်သိန်း၊ အဲဒီအတွက် သတိထားဖို့ လိုတယ်ဗျာ"

"ကျုပ်သဘောပေါက်ပြီ ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် မှတ်တမ်းစာအုပ်အား လွယ်အိတ်အတွင်းသို့ ထည့်လိုက်ပေ၏။ စောဒေဝီရှိသည့်နေရာ၊ ညွှန်ပြထားသည့်မြေပုံအား လွယ်အိတ်အတွင်း၌ ပါရှိလာပေ၏။

ကျွန်ုပ်တို့သည် **ဂတ်စခန်းအား** ကျောခိုင်း၍ထွက်လာခဲ့ကြပေ၏။

စောဒေဝီရှိနေသည့်နေရာ**အား** ပြောပြသူသည် အဖိုးပေါတူးပင်ဖြစ်၏။ ကျွန်ုပ်တို့သည် **ထိုညွှန်**ပြချက်အတိုင်းသွားရောက်မည်ဖြစ်၏။ ထို့နောက် ကားလေးတစ်စီး ရောက်ရှိလာပေ၏။ ကားလေးသည် ကျွန်ုပ်တို့အား တင်ဆောင်ရန်ရောက်ရှိလာသည့် ကားလေးပင်ဖြစ်၏။





ကားလေးသည် စုံနံ့သာမင်းမောင်၏ညွှန်ပြချက်အတိုင်း ထွက်လာကြပေ၏။

ကားလေးသည် အရှိန်နှင့်မောင်းနှင်လာရာ သုံးနာရီကျော်လောက် ကြာမြင့်လာ၏။ ထိုနေရာ၌ ကားမောင်းသူရယ်ဟု ရှိလာသည်မှာ ခပ်ရှားရှားပင်ဖြစ်၏။ ကျွန်ုပ်တို့ စီးလာသည့်ကားသည် ရွာကြီးတစ်ရွာနှင့် ခပ်လှမ်းလှမ်း၌ အရောက်တွင် ကားလေးအား ရပ်လိုက်ပေ၏။

"နောက်ထပ်သုံးနာရီကျော်လောက်မှာ ဒီနေရာမှာပဲ လာဆောင့်နေ။ ကျုပ်တို့ ပြန်မလာမချင်းပေါ့၊ အခုတော့ ခင်ဗျား တစ်နေရာကို သွားနိုင်တယ်"

"ကောင်းပါပြီ ကိုမင်းမောင်"

ထို့နောက် ကားလေးသည် ကျွန်ုပ်တို့အား ကျောခိုင်း၍ ထွက်သွားပေတော့၏။ ကျွန်ုပ်တို့သည် ရွာကြီးဆီသို့ ဦးတည်လျက်ရှိ၏။ ထိုရွာကြီးသည် ကေရာဇ်ရွာကြီးပင်ဖြစ်၏။

ကျွန်ုပ်တို့သည် ရွာအနီးသို့ရောက်ရှိသွားပေ၏။ အိမ်ခြေသည် သိပ်မများပေမယ့် ခြံကြီးများသည် လွန်စွာ ကျယ်ဝန်းလျက်ရှိသလို ကြီးမားသည့် အပင်ကြီးများ ပေါ၏။ ခြံနွယ်များလည်း ရှိ၏။ အပြင်



www.burmeseclassic.com

www.burmeseclassic.com



၌ ရှိသူများသည် အတွင်းသို့ မြင်တွေ့ရခြင်းမရှိအောင်ပိတ်နေပေ၏။

ကျွန်ုပ်တို့သည် လက်ပေါ်၌ရှိသည့် လူငယ်တစ်ယောက်အား ပေးလိုက်ပေ၏။

"ကိုသာပေါင်းအိမ် ဘယ်မှာလဲ ညီလေး"

"ရွာမြောက်ပိုင်းအစွန်ဆုံးအိမ်ကြီးပဲ။ အစ်ကိုတို့ ဘာသွားလုပ်မှာလဲ၊ အဲဒီအိမ်က ခွေးတွေဟာ ဆိုတတ်ပဗျာ။ ကျားရိုင်းတွေလိုပဲလားဗျာ"

"အခုလို သတိပေးတဲ့အတွက် လွန်စွာကျေးဇူးတင်ပါတယ်ဗျာ"

ကျွန်ုပ်တို့သည် လူငယ်အား နှုတ်ဆက်၍ ထွက်လာခဲ့ကြပေ၏။ ကျွန်ုပ်တို့သည် ရွာလယ်လမ်းမအတိုင်း ခရီးဆက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ရွာ၏အခြေအနေအား လေ့လာအကဲခတ်၍ လျှောက်လှမ်းလျက်ရှိပေ၏။ ကျွန်ုပ်တို့အတွက် သတိထားစရာများစွာ ရှိနေပေ၏။

ရွာ၏မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပေ၏။ လမ်းညွှန်သည့်အတိုင်း အိမ်ကြီး၏ ရှေ့သို့ ရောက်ရှိသွားပေ၏။

"ကိုသာပေါင်းရှိလား"





"ဘယ်သူလဲ မရှိဘူး၊ ကြက်ဝိုင်းသွားတယ်"

ထွက်ပေါ်လာသည့်အသံပိုင်ရှင်သည် မိန်းမကြီးတစ်ယောက်၏ အသံပင်ဖြစ်၏။ တကယ်တော့ အိမ်သည် လွန်စွာ ကြီးမားပေတော့၏။ သစ်ပင်ခြုံနွယ်များနှင့် ပိတ်ဖုန်းလျက်ရှိပေတော့၏။

"ကြက်ဝိုင်းက ဘယ်နားမှာလဲ အဒေါ်"

"ရွာလယ်ပိုင်းမှာပဲလားကွယ်"

"ဒါနဲ့ ကိုပေသစ်ရော မရှိဘူးလား"

"ဘာလုပ်ဖို့မေးတာလဲ၊ သူ့အိမ်ကို ပြန်မလာတာ သုံးရက်ရှိသွားပြီ။ ဒီကြားထဲ မော်ဝင်သာဒင်ကလာပြီး ခြိမ်းခြောက်နေသေးတာလားကွယ်"

"ကောင်းပါပြီ ကျုပ်တို့ ကိုသာပေါင်းဆီကို လိုက်သွားလိုက်ပါမယ်"

ထိုသို့ပြောအပြီးနောက် ကျွန်ုပ်တို့ရွာလယ်ဘက်သို့ ထွက်လာခဲ့ပြီး လူမိုက်ဖေသစ်အား စုံစမ်းလျက်ရှိပေ၏။

တချို့က သာဒင်သတ်လို့သေသွားပြီ၊ တချို့က ကျိုက်ဘဲရွာမှာ တချို့က ကံညီနောင်အောက်ကုန်းမှာရှိတယ်။

အတိအကျမရှိတဲ့ စကားတွေအတွင်းမှ အဖြေကောင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုတ်နေမိပေ၏။ နောက်ဆုံး လူတစ်ယောက်၏စကားအား အတည်ယူလိုက်ရ၏။

ရွာနောက်ပိုင်းက မပုံကြီးအိမ်၌ အရက်သောက်နေ၏။

“အဲဒီအတွက် ကျုပ်တို့ ဘာဆက်လုပ်မလဲ ကိုမင်းမောင်”

“ရွာနောက်ပိုင်းက အရက်ဆိုင်ကိုသွားမယ်။ အဲဒီမှာ ရှိနိုင်တယ်ဗျာ”

“ဒါနဲ့ ကျုပ်တစ်ခုမေးရဦးမယ် ကိုမင်းမောင်၊ မော်ဝင်သာခင်က ဘာကြောင့် လူမိုက်တွေကို သတိပေးပြီး ခြိမ်းခြောက်နေရတာလဲ၊ အဲဒါကို ကျုပ်သဘောမပေါက်ဘူးဗျာ”

“ဒီလိုလေ ကိုအောင်သိန်းရ၊ မော်ဝင်သာခင်ဆိုတဲ့ လူမိုက်ကြီးက အမှန်တရားဘက်က ရပ်တည်နေတဲ့သူဗျ။ မဟုတ်တာ လုပ်တာကို မကြိုက်ဘူးဗျ။ သူတို့လုပ်နေတာက မဟုတ်တာဖြစ်နေလို့ သတိပေးနေတာ။ အဲဒီကိစ္စမှာ သူဌေးကြီး ဦးယာတောရဲ့ တပည့်တော်တော်များများ သေကုန်တယ်။ သာခင်ကို အံ့တုသူတွေပေါ့ဗျာ”

“ကျုပ်သဘောပေါက်ပြီ ကိုမင်းမောင်”

ကျွန်ုပ်တို့သည် ရွာနောက်ပိုင်း မပုံကြီးအိမ်သို့ ဦးတည်လာနေပေ၏။ လမ်း၌ တိကျသည့် သတင်းတစ်ခုကြားရပေ၏။ ကေရာစ်





ဖေသစ်နှင့်တပည့်များ အရက်မူးပြီး သောင်းကျန်းနေကြောင်း တိကျသည့်သတင်းထွက်လာ၍ ကျွန်ုပ်တို့ ခပ်သွက်သွက်လေး လျှောက်လှမ်းလာပေ၏။

ကေရာစ်ဖေသစ်၏ တပည့်များ သောင်းကျန်းလျက်ရှိ၏။ ကျွန်ုပ်တို့ မပုံကြီးအိမ်သို့ ရောက်ရှိသွား၏။

“ဒီမှာ ကိုဖေသစ်ရှိလားဗျာ”

စုံနှံ့သာမင်းမောင်သည် သိလျက်နှင့် ဟန်လုပ်၍ မေးလိုက်ပေ၏။ ဆူပူသောင်းကျန်းမှုအား ငြိမ်းစေရန် ရည်ရွယ်လိုက်၏။ ထို အမေးစကားကြောင့် လူတစ်ယောက် ကျွန်ုပ်တို့အနားသို့ ရောက်လာ၏။

“ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာလုပ်ဖို့မေးတာလဲ။ ခင်ဗျားတို့ကို ကျုပ်တို့မသိဘူး။ အဲဒီအတွက် ဖြေစရာအကြောင်း မရှိပါလား”

“ကျုပ်တို့က ဖေသစ်ကိုမေးတာပါ”

“ဟိတ်လူတွေ ပြန်သွားရင်ကောင်းမယ်။ ကျုပ်ဓားက လူမရွေးဘူးဆိုတာ သိထားစမ်းပါ”

ဒေါသနှင့်ပြောလာသူအား ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်း၏လက်ထဲ၌ ဓားရှည်တစ်ချောင်းအား ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထားပေ၏။

စုံနံ့သာမင်းမောင်သည် စီးကရက်အား ဖွာရှိုက်လိုက်ပေ၏။ စိတ်ထဲ၌ ဒေါသများ လွှမ်းမိုးလျက်ရှိနေပေမယ့် စိတ်အား ထိန်းချုပ်ထားရပေ၏။ တစ်ဖန် ဝန်းကျင်သို့ အကဲခတ်ကြည့်နေပေတော့၏။

"ပါတိလူတွေ ကျုပ်ပြောတာ မကြားဘူးလား"

"ကြားပါတယ်ကွယ်"

ငှင်းသည် စုံနံ့သာမင်းမောင်အား ဝင်ရောက်ခုတ်ပိုင်းလိုက်ပေ၏။ အတွေ့အကြုံရှိနေသည့် စုံနံ့သာမင်းမောင်သည် အနောက်သို့ ခြေတစ်လှမ်းဆုတ်၍ ရှောင်လိုက်၏။ ဓားသည် ရင်ဝ၌ ပြတ်၍ ကွက်သွားပေ၏။

စုံနံ့သာမင်းမောင်သည် စီးကရက်အစီခံနှင့်မျက်နှာသို့ တောက်လွှတ်လိုက်ပေ၏။ စီးကရက်တိုလေးသည် ထိုလူ၏ မျက်နှာသို့ ဦးတည်နေ၏။ လျှင်မြန်သည့်စီးကရက်တိုသည် နဖူးသို့ ထိမှန်သွားပေ၏။

"အား"

ငှင်းသည် ပာန်ချက်ပျက်သွားပေ၏။





အသင့်ဖြစ်နေသည့် စုံနံ့သာမင်းမောင်သည် ညာခြေနှင့် ပြတ်ကန်လိုက်၏။

"အု..."

အနောက်သို့ လွင့်၍ကျသွားပေ၏။

ပြင်းထန်သည့် အရှိန်ကြောင့် ပြန်လည်၍ ထနိုင်စွမ်းမရှိချိန်၌ ကျုံ့နှံ့ပ်သည် ငှင်းအား ချုပ်ဖမ်းလိုက်ပေ၏။

ထို့နောက် လူမိုက်သုံးယောက်သည် စုံနံ့သာမင်းမောင်အား ဝင်ရောက်တိုက်ခိုက်နေကြ၏။ သုံးယောက်တစ်ယောက်ဖြစ်နေသည့် အတွက် တိုက်ပွဲသည် အလွန်ကြည့်ကောင်းလျက်ရှိပေ၏။

လူမိုက်သုံးယောက်သည် သုံးပွင့်ဆိုင်တိုက်ခိုက်လျက်ရှိ၏။ စုံနံ့သာမင်းမောင်သည် လွတ်ရုံသာရှောင်၍ ရန်သူ၏ ဟာကွက်အား စောင့်နေပေ၏။ ရန်သူများသည် သုံးယောက်ပူးလိုက်၏။ ဓားသုံးချောင်းသည် ကိုယ်ပေါ်သို့ ကျလာ၏။

"ယား"

"ရော"

စုံနံ့သာမင်းမောင်သည် အသာရှောင်၍ အပြင်သို့ခုန်ထွက်၍ လက်ပြန်ရိုက်ချလိုက်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း"

"အု"

ငှင်းသည် ရှေ့သို့ယိမ်းယိုင်၍ သွားချိန်၌ ငှင်းလူတစ်ယောက်၏ ဓားသည် ထိုသူ၏ရင်တွင်းသို့ ဝင်ရောက်သွားပေ၏။ အချင်းချင်း ဓားနှင့်ထိုးလိုက်သလို ဖြစ်သွား၏။ ထိုလူသည် မြေပေါ်၌ လဲကျသွားပေတော့၏။

ကျွန်ုပ်ဖမ်းမိထားသူအား ချုပ်၍ထား၏။

"ခင်ဗျားတို့ဆရာပေသစ် ဘယ်မှာလဲ"

"ကျုပ်မေးတာဖြေနော်၊ မဖြေရင် ခင်ဗျားကို သတ်ရလိမ့်မယ်"

ထိုသို့ပြောအပြီး၌ ငှင်း၏လည်စေ့အား ကုတ်ညစ်လိုက်၏။ လွန်စွာနာသွားသလို မျက်နှာသည် မဲ့တွန့်သွားပေ၏။

"ကျုပ်ကို လွှတ်... လွှတ်ပါ ကျုပ်ဖြေပါမယ်ဗျာ"

"ဖြေနော်၊ ကျုပ်ကို ရီးတီးယားတားလုပ်မယ် မကျန်နဲ့၊ ကျုပ်က ညာမှာမဟုတ်ဘူး။ ကျုပ်တို့ ဘယ်သူဆိုတာရော သိလား"

"မသိပါဘူးဗျာ"

"ကျုပ်တို့က စုံထောက်တွေပဲ၊ ခင်ဗျားတို့ကို ရန်ပြုဖို့လာ





တာ မဟုတ်ဘူး။ ပေသစ်ကို လိုအပ်လို့လာတာပဲ"

"ကျုပ်ပြောပါမယ်၊ ကျုပ်တို့ဆရာပေသစ်က ဟိုမှာ ရပ်နေပါတယ်"

"ဟိုက်"

"အို"

ကျွန်ုပ်သည် ကြည့်ချိန်၌ ပေသစ်၏ဓားသည် ငှင်း၏ရင်ဝသို့ တိုးဝင်သွားပေ၏။ ထိုလူသည် လဲကျသေဆုံးသွား၏။

ပေသစ်သည် ထွက်ပြေးသွား၏။ စုံနံ့သာမင်းမောင်သည် ထိုလူများနှင့်လိုက်၍နေ၏။ ငှင်းတို့သည် ဒဏ်ရာများကြောင့် ဆက်၍ မတိုက်နိုင်ပေ။

"ကိုမင်းမောင် ဟိုမှာ ပေသစ်ပြေးပြီဗျာ"

ကျွန်ုပ်အော်လိုက်သော်လည်း စုံနံ့သာမင်းမောင်သည် ရုတ်တရက် လိုက်မရအောင် ဖြစ်နေပေ၏။ ပေသစ်၏ တပည့်နှစ်ယောက်ပင်ဖြစ်၏။ ငှင်းတို့သည် စုံနံ့သာမင်းမောင်၏ တိုက်ခိုက်မှုကြောင့် ပြင်းထန်သည့် ဒဏ်ရာများ ရရှိနေကြပေ၏။

စုံနံ့သာမင်းမောင်သည် ပေသစ်၏အနောက်သို့လိုက်ရန် ကြိုးစားမိပေ၏။ ငှင်းကြောင့် ထိုလူနှစ်ယောက်အား တိုက်ခိုက်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပေသစ်၏အနောက်သို့ လိုက်နေပေတော့၏။

"ဟေ့ကောင် မိုးကြီး၊ ဒီလူကို အလွတ်မပေးနဲ့ အပြတ်ရှင်းကွာ"

ထိုအချိန်တွင် စုံနံ့သာမင်းမောင်အား ဓားနှင့်ဝင်ရောက်ခုတ်ပိုင်းလိုက်ပေ၏။ စုံနံ့သာမင်းမောင်သည် အနောက်သို့ ခုန်လိုက်ပြီး ကိုယ်တစ်ပတ်လှည့်လိုက်၏။ အသင့်ဖြစ်နေသည့် တံတောင်နှင့် ရိုက်ချလိုက်ပေ၏။

"အု"

ထိုလူ၏ ဦးခေါင်းအား ထိမှန်၍ အနောက်သို့ လွင့်စင်သွားပေ၏။ ထို့နောက် ညာခြေဖြင့် ပြတ်ကန်လိုက်ရာ ရင်ဝသို့ ထိမှန်သွား၍ မြေပေါ်သို့ လွင့်ကျသွားပေတော့၏။

ရုတ်တရက်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ကျန်တစ်ယောက်သည် လွန်စွာအံ့သြသွား၏။ စုံနံ့သာမင်းမောင်အား ဆက်လက်တိုက်ရန် စွမ်းအားမရှိတော့သည့်အတွက် ထွက်ပြေးပေတော့၏။

စုံနံ့သာမင်းမောင်သည် ၎င်း၏အနောက်သို့ ဆက်လက်လိုက်ခြင်းမရှိပေ။ ပေသစ်၏အနောက်ကိုသာ လိုက်နေပေတော့၏။





စုံနံ့သာမင်းမောင်သည် ပေသစ်၏အနောက်သို့ လိုက်နေပေ၏။

ပေသစ်၏အနောက်သို့ ကျွန်ုပ်သည်လည်း လိုက်နေပေ၏။ ပေသစ်သည် လွန်စွာအပြေးမြန်သလို ရွာ၏အရှေ့ဘက်သို့ ဦးတည်လျက်ရှိနေပေ၏။

စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား ကျော်၍ တက်သွားပေ၏။ ပေသစ်သည် ကုန်းတစ်ခုသို့ဦးတည်လျက်ရှိနေသလို ကုန်း၏အနီးသို့ ရောက်ရှိနေပေ၏။

ပေသစ်သို့ ပြေးနေသည့်တုန်းက ကြီးမားသည့်အပင်ကြီးများရှိသလို ကြီးမားခိုင်ခံ့သည့် အိမ်မည်းကြီးတစ်လုံးရှိပေ၏။ ပေသစ်သည် ထိုအိမ်ကြီးအတွင်းသို့ ဝင်ရောက်သွားပေ၏။ အိမ်ကြီးသည် မြင့်မားသလို မြင့်မားသည့် ခြံကြီးများဖြင့် ကာထားပေ၏။

ကျွန်ုပ်တို့သည် ခြံအဝသို့ရောက်ရှိသွားပြီး ရပ်နေကြ၏။

"ဝုတ်… ဝုတ်"

ကြောက်စရာကောင်းသည့်ခွေးကြီးသုံးကောင်လေး ထွက်လာပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခွေးကြီးများသည် ကျွန်ုပ်တို့အား မင်းမူ၍ရန်မူလျက်ရှိပေ၏။

''ကိုအောင်သိန်း သတိထားဗျာ''

''စိတ်ချ ကိုမင်းမောင်''

ခွေးကြီးများသည် ကျွန်ုပ်တို့အား အရှိန်ဖြင့် ပြေးဝင်လာပေ၏။ စုံနံ့သာမင်းမောင်သည် အနောက်သို့ ခြေတစ်လှမ်းထုတ်၍ အသင့်ပြင်လိုက်ပေ၏။

''ဝေါင်း...''

ခွေးကြီးသည် စုံနံ့သာမင်းမောင်၏မျက်နှာအား ခုန်၍ ကိုက်လိုက်ပေ၏။ စုံနံ့သာမင်းမောင်သည် ခွေးကြီး၏နှုတ်သီးနှစ်ဖက်အား ဆွဲခွဲလိုက်တာကြောင့် နှုတ်သီးသည် တစ်ဖက်စီ စောင်းသွား၏။

''ဂိန်... ဂိန်''

ခွေးကြီးသည် အာလွဲ၍ လဲကျသွားသလို လူအားကိုက်မရအောင်ဖြစ်သွားပေ၏။ ကျွန်ုပ်သည် အနီးရှိ ဝါးလုံးပိုင်းတစ်ခုအားကောက်ကိုင်လိုက်၏။ ကျွန်ုပ်သည် ဝါးလုံးအား ကျစ်ကျစ်ပါအောင်ဆုတ်ကိုင်ထား၏။ ခွေးကြီးတစ်ကောင်သည် ကျွန်ုပ်ထံ ဦးတည်လာပေ၏။





ကျွန်ုပ်သည် ခွေးကြီးအား ဖြတ်ရိုက်၏။

''ဝုတ်...''

''ဂိန်... ဂိန်''

ခွေးကြီး၏ရှေ့လက်နှစ်ဖက်အား ထိမှန်သွားပေ၏။ ခွေးကြီးသည် မြေပေါ်သို့ လွင့်ကျသွား၏။ ကျွန်ုပ်သည် ဒေါသနှင့်အတူ ခွေးကြီးအား အဆက်မပြတ် ရိုက်လျက်ရှိရာ ခွေးကြီးသည် တဂိန်ဂိန်ဟု အော်ဟစ်နေပေ၏။

ပြင်းထန်သည့် ဒဏ်ရာများ ရရှိနေပေမယ့် ကျွန်ုပ်အား ခုခံတိုက်နိုင်သည့်စွမ်းအားမရှိနိုင်သလို ခွေးကြီးသည် အသက်ပျောက်ဆုံးသွားပေတော့၏။

ကျွန်ုပ်တို့သည် ဂြိုဟ်ကောင်များအား အနိုင်တိုက်ခိုက်ပြီးနောက် အိမ်ကြီး၏အတွင်းသို့ ဝင်ရောက်သွားကြပေတော့၏။

တဲအိမ်ကြီးသည် လွန်စွာတိတ်ဆိတ်လျက်ရှိနေပေ၏။

ကျွန်ုပ်တို့သည် အိမ်ကြီးအတွင်းသို့ ဝင်ရောက်သွားကြပေ၏။ ပေသစ်အားလိုက်၍ ရှာနေပေတော့၏။ ပေသစ်သည် ဘယ်သို့ပျောက်သွားသည်ဆိုတာ မတွေးတတ်အောင်ဖြစ်နေပေ၏။ ကျွန်ုပ်တို့သည် ကေရာဇ်ပေသစ်အား လိုက်ရှာနေပေ၏။ တဲအိမ်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အခန်းများစွာရှိသလို အခန်းများသည် တစ်ခန်းနှင့် ကူးသန်းသွား လာ၍ရသလို အပေါ်ထပ်နှင့်အောက်ထပ် ကူးသန်းအတက်အဆင်း လုပ်ရန် လှေကားများလည်း တတ်ဆင်ပေးထား၏။

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင် တစ်ယောက်တစ်နေရာစီ လှည့်၍ ရှာနေကြ၏။ အခန်းတော်တော်များများ၌ ပေသစ်အား တွေ့ရှိခြင်း မရှိသည့်အတွက် ကြိုးစား၍ရှာနေပေ၏။ ရုတ်တရက် အသံတစ်ခု ထွက်ကျလာပေ၏။

"ဝုန်း"

လွန်စွာကြောက်စရာကောင်းသည့်အသံပင်ဖြစ်၏။

၎င်းအသံသည် အခန်းတစ်ခုအတွင်း၌ဖြစ်၏။ ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့သည် အသံကြားရာသို့ အကြည့်ရောက်သွားကြ ပေ၏။

အရာဝတ္ထုတစ်ခု ပြုတ်ကျသွားခြင်းဖြစ်သလို အောက်ထပ် ကပင်ဖြစ်၏။ ၎င်းသည် အခန်းတစ်ခု ပွင့်ထွက်ကြားသွား၏။

"ကိုမင်းမောင် သတိထား"

စုံနံ့သာမင်းမောင်သည် အောက်ထပ်သို့ပြေးဆင်းသွား၏။





အောက်ထပ်အရောက်တွင် ပေသစ်ထွက်ပြေးနေသည်ကို တွေ့လိုက် ၏။

ကျွန်ုပ်နှင့်စုံနံ့သာမင်းမောင်တို့သည် ပေသစ်အနောက်သို့ လိုက်နေပေ၏။

"ပေသစ်မပြေးနဲ့ အဖမ်းခံပါ"

ကျွန်ုပ်တို့ လိုက်နေကြ၏။ ပေသစ်သည် အခန်းတစ်ခု အတွင်းသို့ ရောက်ရှိသွား၏။ စုံနံ့သာမင်းမောင်သည် ထိုအခန်းတွင်း သို့ ဝင်ရောက်သွား၏။ ပေသစ်အား လိုက်ရှာနေပေ၏။

"ရော"

"သေပေတော့"

ပေသစ်သည် စုံနံ့သာမင်းမောင်အား ရုတ်တရက် ပြတ်ခုတ် လိုက်၏။ ဓားသည် စုံနံ့သာမင်းမောင်ထံ ဦးတည်လာပေ၏။ စုံနံ့သာ မင်းမောင်သည် ခေါင်းငုံ့၍ ရှောင်လိုက်ပေ၏။ ဓားသည် အပေါ်မှ ပြတ်ထွက်သွားချိန်၌ စုံနံ့သာမင်းမောင်သည် အနောက်ခြေထောက် ဖြင့် ပြတ်ကန်လိုက်၏။

"အု"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ပေသစ်သည် အနောက်သို့လွင့်စင်ကျသွားပေ၏။ ထိုအတွက် ကာထားသည့် ကျူထရံသည် တစ်ဖက်သို့ ကျွန်ထွက်သွားသလို ပေသစ်သည်လည်း တစ်ဖက်အခန်းသို့ ရောက်ရှိသွားပေ၏။ ပေသစ်အား တွေ့ရှိခြင်းမရှိသည့်အတွက် စုံနံ့သာမင်းမောင်သည် တစ်ဖက်အခန်းတွင်းသို့ ဝင်ရောက်သွားပေ၏။

ပေသစ်သည် ထိုအခန်းတွင်း၌ တွေ့ရှိခြင်းမရှိတော့ နောက်တစ်ခန်းအတွင်းသို့ ရောက်ရှိသွားပေ၏။ ထိုအခန်းတွင်း၌ ကျွန်ပ်ရှိနေ၍ ဝါးလုံးနှင့် ဖြတ်ရိုက်လိုက်၏။

ရုတ်တရက် ရောက်ရှိလာသည့် ဝါးလုံးအား ရှောင်လိုက်၏။ ကျွန်ပ်သည် အဆက်မပြတ်တိုက်ခိုက်လျက်ရှိ၏။ ပေသစ်သည် နောက်တစ်ခန်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပေ၏။

ကျွန်ပ်တို့သည် ပေသစ်အား လိုက်ရှာနေချိန်၌ အသံတစ်ခု ထွက်လာသည့်အတွက် လွန်စွာ အံ့သြသွားပေ၏။

"ကျွန်မကို ကယ်ပါဦး"

ကျွန်ပ်တို့သည် အသံလာရာသို့ ကြည့်လိုက်ပေ၏။ အသံသည် တဲအိမ်ကြီးအရှေ့မှအသံပင်ဖြစ်၏။ ၎င်းနေရာသို့ ဦးတည်လျက်ရှိ၏။





ပေသစ်သည် မိန်းကလေးအား ချုပ်၍ လည်ပင်းအား ဓားနှင့်ထောက်ထားပေ၏။ ဓားနှင့်အထောက်ခံထားရသည့် မိန်းကလေးသည် စောဒေဝီဖြစ်၏။ ပေသစ်သည် စောဒေဝီအား တရားခံအဖြစ် ဖမ်းဆီးခေါ်ထားခြင်းဖြစ်၏။

ကျွန်ပ်နှင့်မိတ်ဆွေကြီး စုံနံ့သာမင်းမောင်သည် ၎င်းတို့၏ မလှမ်းမကမ်း၌ ရပ်နေကြပေ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်သောက်၍ အေးဆေးသည့်မျက်လုံးများနှင့်ကြည့်နေပေ၏။ စောဒေဝီသည် အားကိုးသည့်မျက်လုံးများနှင့်အတူ စုံနံ့သာမင်းမောင်အား ကြည့်နေပေ၏။

"ကိုပေသစ် အပြစ်မရှိတဲ့မိန်းကလေးတစ်ယောက်ကို ဘာသို့ ရက်စက်ချင်နေရတာလဲ ခင်ဗျားလွှတ်ပေးလိုက်ပါ"

"အဲဒါဆို ခင်ဗျားတို့နောက်လှည့်ပြန်သွားလိုက်ပေါ့ဗျာ။ ကျုပ်သူ့ကို မရက်စက်ဘူး"

"ကျုပ်ရှေ့မှာ လွှတ်ပေးမှ ကျုပ်ယုံနိုင်မယ် ပေသစ်"

"ခင်ဗျား ရယ်စရာတယ်ပြောပါလား စုံထောက်ကြီးရာ၊ ဒီမှာ ဘယ်သူမဆို သေမှာကြောက်ကြတယ်ဗျာ"



www.burmeseclassic.com

စုံနံ့သာမင်းမောင်သည် အတွေးများစွာနှင့် ကြည့်လိုက်ပေ၏။

စီးကရက်အား အေးဆေးစွာဖွာရှိုက်လိုက်ပေတော့၏။ အကြည့်များသည် လွန်စွာပညာသားပါလွန်းပေ၏။ စုံနံ့သာမင်းမောင်သည် ဘာဆက်လုပ်ရမှန်းမသိအောင်ဖြစ်နေပေတော့၏။ ပြတ်သားသည့်ဆုံးဖြတ်ချက်တစ်ခုအား ချလိုက်၏။

"အဲဒါဆို ဒီလိုလုပ်ဗျာ၊ ခင်ဗျား စောဒေဝီကို ပြန်လွှတ်ပေး၊ ကျုပ် ခင်ဗျားကို မသတ်ဘူး အဲဒါဆို ဖြစ်နိုင်ပါ့မလား"

"ကျုပ် ခင်ဗျာကို မယုံဘူး စုံထောက်ကြီး၊ အဲဒီအတွက် ခင်ဗျာရဲ့တောင်းဆိုချက်ကို ကျုပ်လက်မခံဘူး။ ကျုပ်စကားကိုသာ ခင်ဗျာ လက်ခံပါ။ ခင်ဗျားတို့ ပြန်တော့ နောက်နေ့အာရုံမဘာတ်ခင် ကျုပ်အရောက်ပို့ပေးမယ်"

"ခင်ဗျား ကတိတည်တယ်နော် ကိုပေသစ်"

"ကျုပ်ယောကျ်ားပါဗျာ"

"ကောင်ပြီ ဒါဆို ကျုပ်ပြန်မယ်"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်၏။ စောဒေဝီသည် အားကိုးသည့်အကြည့်နှင့်ကြည့်နေ





ပေ၏။ စုံနံ့သာမင်းမောင်သည် ၎င်းတို့အား ကျောခိုင်း၍ တစ်လှမ်းချင်းထွက်သွားပေ၏။ စုံနံ့သာမင်းမောင်၏ အလုပ်အား ယုံစားနေမိ၏။ ထိုအတွက် စိတ်အား အေးအေးထားလိုက်၏။

ထိုအချိန်၌…

"ဒိုင်း"

မြှော်လင့်မထားသည့် အသံတစ်ခု ထွက်လာပေ၏။

စုံနံ့သာမင်းမောင်သည် ခပ်လှမ်းလှမ်းအရောက်၌ လွယ်အိတ်အတွင်းရှိ သေနတ်အားထုတ်၍ပစ်လိုက်ပေ၏။ တကယ်တော့ ကေရာဇ်ပေသစ်သည် စောဒေဝီအား ဓားနှင့်ထောက်၍ ခေါ်ထွက်ပြေးရန် ကြိုးစားနေချိန်၌ စုံနံ့သာမင်းမောင်သည် ရုတ်တရက်ခေါ်လိုက်ရာ လှည့်အကြည့်တွင် သေနတ်ဖြင့်ပစ်လိုက်၏။

"အား…"

သေနတ်ပစ်တော်သည့် စုံနံ့သာမင်းမောင်၏ ကျည်ထောင့်သည် ကေရာဇ်ပေသစ်၏ ညာဘက်ပခုံးသို့ ထိမှန်သွားပေ၏။ ပေသစ်သည် စောဒေဝီအား လွှတ်လိုက်သလို လက်ထဲ၌ဆုတ်ကိုင်ထားသည့် ဓားသည် လွတ်ကျသွားပေ၏။ ထို့နောက် ကျွန်ုပ်သည် ပေသစ်အား ဖမ်းချုပ်လိုက်ပေ၏။

www.burmeseclassic.com



''ကဲ… ပေသစ် စံအိမ်ကြီးနဲ့ပတ်သက်လို့ မေးဖို့လိုမယ် မထင်တော့ဘူးဗျာ''

''ဆရာတို့ဘက်က မေးဖို့ မလိုအပ်ပေမယ့် ကျုပ်ဘက်က ဖြေဖို့လိုပါတယ်။ ဒါမှ ကျုပ်သေသွားခဲ့ရင် သံသယစိတ်မရှိအောင် လို့ပါ။ တကယ်တော့ ကျုပ် အခုလိုလုပ်ရတာဟာ နေမျိုးသူရန္တာမည် ခံရောင်တစ်လုံး မောင်ထုံးကြောင့်ပါ။ မောင်ထုံးတို့ဟာ စောဒေဝီကို ကျုပ်ဆီခေါ်ထားတယ်။ ကျုပ်အတွက်လည်း လယ်ဆယ်ဧကပေး တယ်။ စောဒေဝီအတွက် စားစရာတွေပါပေးတယ်ဆိုပါတော့။ ရောင် တစ်လုံးတို့ဟာ စံအိမ်ကြီးနဲ့ ပတ်သက်သူတွေကိုဖမ်းပြီး နှုတ်ပိတ်တဲ့ အနေနဲ့ သတ်လိုက်ကြတယ်။ ဒါကို မော်ဝင်ကြီးက သိသွားတော့ သူတို့အလုပ်ကိုဝင်လုပ်တယ်ဆိုပြီး မော်ဝင်ကြီးကို တိုက်ခိုက်ကြတယ်။ အဲဒီလူတွေ သေကုန်တော့ ကျုပ်ကိုတိုက်ဖို့ အမိန့်ပေးတယ်။ ကျုပ်က မတိုက်ဘူးဆိုတော့ ကျုပ်ရဲ့သမီးကို တဇာခံအဖြစ်ခေါ်သွားပြီး စောဒေဝီကိုပါ သတ်ဖို့ ကြိုးစားတယ်။ အဲဒီလို မတရားလုပ်တာကို ကျုပ်က လက်မခံဘူး။ အဲဒီအတွက် သူဌေးကြီးရဲ့မိသားစုကို ကျုပ်က ဖမ်းထားပြီး စိန်ခေါ်လိုက်တယ်။ ဒီကိစ္စမှာ စောဒေဝီမပါဘူး။ ကျုပ် သမီးကို ပြန်လွှတ်ရင် ခင်ဗျားမိသားစုကို ပြန်လွှတ်မယ်ပြောလိုက်





တော့ ကျုပ်သမီးကို ပြန်လွှတ်ပေးတယ်။ သူ့မိသားစုကို ပြန်လွှတ် ပေးလိုက်တယ်။ စောဒေဝီကိုတော့ သက်ဆိုင်ရာကိုအပ်ဖို့ စီစဉ်နေ တုန်း ခင်ဗျားတို့ရောက်လာတာပဲ''

စုံနံ့သာမင်းမောင်သည် စီးကရက်အား သောက်လျက် နား ထောင်လျက်ရှိပေ၏။

တဖန် စောဒေဝီအား ကြည့်လိုက်ချိန်၌ စောဒေဝီသည် စုံနံ့ သာမင်းမောင်အား အားကိုးစိတ်များဖြင့် ကြည့်လိုက်ပေတော့၏။

''ကျုပ်သဘောပေါက်ပြီ ပေသစ်၊ အဲဒီတော့ ခင်ဗျား ကျုပ် တို့နဲ့လိုက်ခဲ့ဗျာ။ သက်ဆိုင်ရာမှာ ဖြေရှင်းပါ''

''ကောင်းပါပြီ စုံထောက်ကျော်လေး''

''စောဒေဝီ''

''ခင်ဗျားပါ ကျုပ်တို့နဲ့လိုက်ခဲ့ပါ''

''ဟုတ်ကဲ့ပါ အစ်ကို၊ အခုလို အသက်စွန့်ပြီး ကယ်တဲ့ အတွက် ကျေးဇူးတင်မဆုံးပါပဲ''

''ကျုပ်တို့အတွက် ဒီလောက်က အရေးမကြီးပါဘူး စော ဒေဝီ၊ စံအိမ်ကြီးရောက်ရင်သာ ပိုင်ဆိုင်မှုတွေကို ဆက်လက်ထိန်း သိမ်းဖို့ မမေ့ပါနဲ့''

www.burmeseclassic.com



"ကောင်းပါပြီ အစ်ကို"

ထို့နောက် ကျွန်ုပ်တို့သည် စံအိမ်ကြီးရှိရာသို့ ပြန်လာခဲ့ကြပေ၏။ စောဒေဝီသည် အားကိုးစိတ်များနှင့်အတူ စုံနံ့သာမင်းမောင်၏ ပခုံးလေးအား မှီ၍ လိုက်ပါလာနေ၏။

လတန်ခူး၏ လေရူးလေးများသည် ၎င်းတို့အား ဝေ့ဝိုက်တိုက်ခတ်၍နေပေ၏။

ကြေကွဲစရာဘဝလေးသည် သာယာအေးချမ်းသည့် ကာလလေးသို့ ရောက်သွားပေတော့၏။

ထို့နောက် စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အားကြည့်၍…

"လောကမှာ အမှောင်နဲ့အလင်း နှစ်ခုရှိတယ်။ လူသားတွေဟာ အလင်းကို ရှောင်ပြီး ဘာလို့ အမှောင်ထဲကို ဝင်ချင်ကြတာလဲ မသိဘူးဗျာ"

မင်းပုည



www.burmeseclassic.com